The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 9 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 26, 2018

# မြန်မာ-တရုတ်နယ်စပ် ပို့ကုန်ပစ္စည်း ဆန်၊ ပြောင်း၊ သကြားတင်ပို့မှုကို လေ့လာသုံးသပ်ခြင်း

စာမျက်နှာ - ၈ ➤




## ကမ္ဘာ့စားသုံးသူ အခွင့်အရေးများ နေ့အကြောင်း

စာမျက်နှာ - ၁၂ ➤



## ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ အလှမွေး ငါးကြင်းပြပွဲပြိုင်ပွဲကျင်းပ

စာမျက်နှာ - ၂၃ ➤

## စက်မှုဇုန်များအတွင်း တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် လိုအပ်နေ


စာမျက်နှာ - ၂၆ ➤



## ပြည်တွင်းဈေးကွက် အရောင်းသွက်လျက်ရှိနေသော တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်တင်သွင်းမှု

စာမျက်နှာ - ၁၇ ➤




Golden Thurain Linn Agricultural Machinery And Technology Trading Co., Ltd.
တိုက်အမှတ်-၁၁၀(ဘီ)၊အခန်း(စ)၊၄ထပ်ဆောင်၊နဝဒေးဥယျာဉ်အိမ်ရာ၊ပီမိုးနင်းလမ်းအနီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉၂၅၀၆၄၁၅၅၀၊၀၉၂၅၀၀၃၀၃၉၇၊၀၉၄၅၂၁၁၇၈၄၅-၄၆-၄၇ Web: http://www.sunshen.com.tw Email: goldensun103@gmail.com
PRODUCT SPECIFICATION
Far Infrared Dryer
FAR model:6~12tons
Oil-free chaff furnace 30 tons one to five dryer
MS-30
Flower insulation, food dryer
MS-38
Henhouse insulation
MS-28
Garlic, longan dryer
CL 423FAR120
CAPACITY:12T
HEIGHT:9095mm
Oil-free chaff furnace 30 tons one to five dryer
V model 6-12tons + AI 600D
CL 423V120
CPACITY: 12T
HEIGHT: 8185 mm


KT
ခေတ်သစ်ထွန်းကုမ္ပဏီလီမိတက်
ကြက်ဖောက်စက်နှင့်မျိုးကြက်ခြံလုပ်ငန်း၊ စစ်ကိုင်းမြို့။
မွေးမြူရေးအစာထုတ်လုပ်ဖြန့်ချိရေး
" Always Servicing The Best Quality "
'အရည်အသွေးကောင်းမွန်ခြင်းသည် ပထမ'
ကြက်ဖောက်စက် အမှတ် (၃) ခရိုင်ချင်းဆက်လမ်း၊ နီလာရပ်၊ စက်မှုဇုန်၊ စစ်ကိုင်းမြို့။
မန္တလေးရုံးခွဲ ဖြန့်ချိရေး၊ ကျွဲဆည်ကန် ၊ မန္တလေးမြို့။ ၀၉-၄၃၀၁၂၈၅၃
ရွှေဘိုရုံး အမှတ် (၁၀) ၊ မယ်ဇလီပင်စုရပ် ၊ ရန်ကြီးအောင်လမ်း ၊ ရွှေဘိုမြို့။
၀၇၅-၂၁၈၃၉ ၊ ၀၇၅-၂၂၉၃၄ ၊ ၀၇၅-၂၂၉၁၃


MYANMAR PADAUK TRADING CO., LTD.
မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
KORYO CABLE
Made in Korea
CONTINENTAL SINCE 1968 ELECTRIC WIRE
Made in Korea
CADI-SUN
Made in Vietnam
EMG CABLE &WIRE
Made in Korea
N.i.U ELEC
Made in China
JEWAY
Made in China
IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
Available Items
Building Wire
Underground Cable
Overhead Cable
High Quality & Long Term Quality Control
Resonable Price for Customer
International Standard & Certified for Safety
We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor
Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784
Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366
Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664
Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002
Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72
Email : epshowroom@myanmarpadauk.com Website : www.myanmarpadauk.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖေဖော်ဝါရီ ၂၄ ရက်က ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) ပထမထပ် အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ရာ ထိုတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ကုမ္ပဏီများ တက်ရောက်ခဲ့သည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအား ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငါးမျိုးကောင်းမျိုးသန့် မွေးမြူရေး လုပ်ကိုင်နိုင်ရန်အတွက် တွေ့ကြုံနေရသော အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က မြန်မာနိုင်ငံသည် ငါးမြစ်ချင်းကို ကမ္ဘာ့ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချနေပြီး ဈေးကွက်အများစုမှာ ဆော်ဒီအာရေဗျနိုင်ငံဖြစ်ကြောင်း၊ ယခင်က ငါးသလောက်အား အများဆုံးတင်ပို့ခဲ့သော်လည်း ရာသီဥတုအခြေအနေ ပြောင်းလဲမှုများ၊ ငါးဖမ်းမှုနည်းစနစ် မှားယွင်းမှုများ၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖမ်းယူမှု မရှိခြင်းတို့ကြောင့် ငါးသလောက်အရေအတွက် ကျဆင်းလာပြီး တင်ပို့နိုင်မှု လျော့ကျလာကြောင်း၊ ထို့ကြောင့် ငါးမြစ်ချင်း၊ ပုစွန်၊ တီလားပီးယား၊ ကဏန်းပျော့တို့အား မွေးမြူမှုများနေပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေထွက်ပို့ကုန်များအနက် ငါးမြစ်ချင်းတင်ပို့မှုသည် အများဆုံးဖြစ်နေသော်လည်း ယခုအခါ ထုတ်လုပ်မှုကုန်ကျစရိတ်အောက်ရောက်ရှိပြီး တွက်ခြေမကိုက်ဖြစ်နေကြောင်း၊ လက်ရှိသတင်းအရ ဆော်ဒီအာရေဗျနိုင်ငံမှ ၎င်းနိုင်ငံသို့တင်သွင်းနေသော ငါးများတွင် ရောဂါပိုးပါဝင်မှုတွေ့ရှိရသဖြင့် ငါးတင်သွင်းမှုအား ခေတ္တယာယီ ပိတ်မည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်ဟု သတင်းရရှိပါကြောင်းနှင့် အဆိုပါသတင်းအား ဝက်ဘ်ဆိုက်ဒ်လိပ်စာဖြင့် လေ့လာနိုင်ကြောင်းကို သိရှိခဲ့ပါကြောင်း၊ တွေ့ရှိခဲ့ရသော သတင်းများအရ ခေတ္တယာယီအပိတ်ခံရမည့်နိုင်ငံများ စာရင်းတွင် ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာတို့လည်း ပါဝင်ခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှာ ယင်းပိတ်ဆို့မှုတို့အား ချက်ချင်းတုံ့ပြန်ငြင်းဆိုမှုများ ပြုလုပ်နေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့၏ ငါးမွေးမြူရေး လုပ်ငန်းများကို ဆော်ဒီအာရေဗျနိုင်ငံမှ စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ၎င်းတို့တွေ့ရှိသည်ဟု ဖော်ပြထားသော ရောဂါပိုးများသည် ပုစွန်တွင်ဖြစ်ပွားသော ရောဂါပိုးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုသည့် သမိုင်းတစ်လျှောက်တွင် အလားတူဖြစ်ရပ်မျိုး ဖြစ်ပွားခြင်း၊ ကန့်ကွက်ခံရခြင်း၊ ပြန်လည်ပေးပို့ခံရခြင်း စသောဖြစ်စဉ်မျိုး မရှိခဲ့ဖူးပါကြောင်း၊ တွေ့ရသည်ဟုဖော်ပြသော ရောဂါပိုးများသည် မြန်မာနိုင်ငံမှ တင်ပို့သော ငါးများတွင် ဖြစ်ပွားနေခြင်း မဟုတ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ငါးတင်ပို့မှုကို ရပ်ဆိုင်းမှုမရှိစေဘဲ လိုအပ်ချက်များအား ညှိနှိုင်းဆွေးနွေးပြီး ပြုပြင်နိုင်ရန်အတွက် ကာလတစ်ခုသတ်မှတ်ပေးနိုင်ပါက လုပ်ငန်းရှင်များ နစ်နာဆုံးရှုံးခြင်းမှ ရှောင်လွှဲနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရကိုယ်စားပြုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံနှင့် ညှိနှိုင်းပေးပါရန် အကူအညီတောင်းခံရခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ပြောကြားပါသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်မှ အဆိုပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းတွေ့ဆုံ ဆွေးနွေးဆောင်ရွက်ရန် လိုမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ ဝန်ကြီးမှ ဆွေးနွေးချက်များအပေါ် ဆောင်ရွက်ရန်ကိစ္စများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**KTTN(CJ)**

# သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀ ပေးပို့လှူဒါန်းသည့် အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သည် ဖေဖော်ဝါရီ ၂၄ ရက်က ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန် (ဇုန်-၂) ရှိ Nine Sease Co.Ltd ခေတ်မီဆန်စက်တွင် ကျင်းပပြုလုပ်သည့် သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀ ပေးပို့လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် ဝန်ကြီးက သီရိလင်္ကာနိုင်ငံ၌ မေလအတွင်း မိုးများ၍ ရေကြီးရေလျှံမှု ဖြစ်ပွားရာဒေသများတွင် ရေဘေးအကူအညီအဖြစ် လှူဒါန်းရန် အတွက် နိုင်ငံတော်အစိုးရမှဦးဆောင်၍ ပြည်ပသို့ဆန်တင်ပို့နေသည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဆန်စပါးလုပ်ငန်းရှင်ကြီးများနှင့် စေတနာရှင်လုပ်ငန်းရှင်များအား အထူးကျေးဇူးတင်ပါကြောင်း၊ မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံသည် ရှေးယခင်ကတည်းက နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ခဲ့ပြီး အပြန်အလှန် အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကာ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရန် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံ၏ ဆန်ဈေးကွက်ဝေစုရရှိရေးနှင့် ကမ္ဘာ့ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆန်တင်ပို့မှုဆိုင်ရာ G to G Agreement များ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးအတွက်




စာမျက်နှာ - ၆သို့

**Commerce JOURNAL**

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွှန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ဖေဖော်ဝါရီတတိယပတ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စပါး၊ ဆန်ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖေဖော်ဝါရီလ တတိယပတ် စပါး၊ ဆန်ဈေးကွက်အခြေအနေမှာ ရွှေဘိုခရိုင်တွင် ရွှေဘိုပေါ်ဆန်း စပါးတင်း ၁၀၀ လျှင် ကျပ် ၁၂၅၀၀၀၀မှ ကျပ် ၁၅၀၀၀၀၀၊ ဧရာမင်းစပါးတင်း ၁၀၀ လျှင် ကျပ် ၈၄၀၀၀၀ မှ ကျပ် ၈၅၀၀၀၀သို့ မြင့်တက်ခဲ့ပြီး အသွယ်စပါးတင်း ၁၀၀လျှင် ကျပ် ၆၀၀၀၀၀ ရှိကြောင်းသိရှိရသည်။ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင်ကျပ် ၄၀၀၀၀မှ ကျပ် ၄၈၀၀၀ထိ မြင့်တက်ခဲ့ပြီး ဧရာမင်းဆန်တစ်အိတ်လျှင် ကျပ် ၃၁၀၀၀ မှ ကျပ် ၃၂၀၀၀၊ အသွယ်ဆန်တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၇၀၀၀ ထိမြင့်တက်ခဲ့ပါသည်။ ရွှေဘိုမှ ရန်ကုန်သို့ ဆန်အိတ် ၉၃၀၀၀ ကျော်၊ မန္တလေးသို့ အိတ် ၉၈၀၀၀ ကျော်၊ ရှမ်းတောင်သို့ အိတ် ၈၀၀၀ ကျော်နှင့် ကချင်သို့ အိတ် ၆၀၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရပါသည်။

ကလေးခရိုင်တွင် ညို့မထစပါးတင်း ၁၀၀ ဈေးမှာကျပ် ၅၇၀၀၀၀၊ ငစိန် စပါးတင်း ၁၀၀လျှင် ကျပ် ၅၅၀၀၀၀ ရှိပြီး ဧရာမင်းစပါးတင်း ၁၀၀ လျှင် ကျပ် ၆၁၀၀၀၀ မှ ကျပ် ၆၅၀၀၀၀ ရှိကြောင်းသိရသည်။ ညို့မထဆန်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ နှင့် ဧရာမင်းဆန်တစ်အိတ်လျှင် ကျပ် ၂၆၀၀၀ ရှိပြီး ကလေးမြို့မှမုံရွာ၊ မန္တလေးနှင့် ရှမ်းတောင်သို့ဆန်များ တင်ပို့လျက်ရှိပြီး ရှမ်းတောင်သို့ ငစိန်ဆန်အိတ် ၅၀၀၀ နီးပါးတင်ပို့ခဲ့ကြောင်း သိရသည်။

ထိုသို့စပါးဈေးများမြင့်တက်ရခြင်းမှာ အဝယ်လိုက်သော်လည်း တောင်သူများထံစပါးလက်ကျန်မရှိသလောက်နည်းပါးခြင်းနှင့် တချို့တောင်သူများက စပါးများလှောင်ထားပြီး ကြိုက်ဈေးရမှ ထုတ်ရောင်းခြင်းကြောင့်ဖြစ်ကြောင်း သိရှိရသည်။

**နှင်းပန်းဖြူ (ZTC)**

## ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဖေဖော်ဝါရီလ တတိယပတ် ဆန်စပါးဈေးနှုန်းများမြင့်တက်

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြ၊ အိမ်မဲ၊ဝါးခယ်မ၊လပွတ္တာ၊မော်ကျွန်းမြို့နယ်များတွင် ပေါ်ဆန်းစပါး၊ ဆန်ဈေးနှင့် ညို့မထမိုးစပါး၊ ဆန်ဈေးများ မြင့်တက်လျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ တတိယပတ် မြောင်းမြမြို့တွင် ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကိုကျပ် ၇၆၂၀၀၀ မှ ယခု ကျပ် ၇၈၉၀၀၀၊ အိမ်မဲမြို့တွင် ကျပ် ၇၄၅၀၀၀ မှ ကျပ် ၇၆၇၀၀၀၊ ဝါးခယ်မမြို့တွင် ကျပ် ၇၀၁၀၀၀ မှ ၇၂၇၀၀၀၊ လပွတ္တာမြို့တွင် ကျပ် ၇၃၆၀၀၀ မှ ယခုကျပ် ၇၅၄၀၀၀၊ မော်ကျွန်းမြို့တွင်ကျပ် ၇၆၄၀၀၀ မှ ယခု ကျပ် ၇၇၃၀၀၀၊ ဆန်တစ်အိတ်လျှင်ကျပ် ၃၂၀၀၀-၃၅၅၀၀ မှ ယခုကျပ် ၃၅၀၀၀-၃၉၀၀၀ ဖြစ်ပြီး၊ ညို့မထမိုးစပါး ၄၆ ပေါင် တင်း ၁၀၀ ကိုကျပ် ၅၂၀၀၀၀-၅၆၀၀၀၀ မှ ကျပ် ၅၄၀၀၀၀-၅၈၄၀၀၀ ဖြစ်၍ ဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀-၂၃၀၀၀ မှ ကျပ် ၂၃၀၀၀-၂၅၀၀၀ ဝန်းကျင်ဈေးမြင့်တက်သွားကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရသည်။ မြောင်းမြခရိုင်အတွင်း စပါးအဝင်နည်းလာခြင်း၊ လက်ကြီးတောင်သူများမှ ဈေးစောင့်ရောင်းချမှုနှင့် စက်ပိုင်ရှင်များမှ ဈေးပေးဝယ်ယူမှုကြောင့် ဆန်ရောင်းဝယ်မှု ကောင်းလာ၍ စက်ပိုင်ရှင်များမှ ဈေးခေါ်ရောင်းချမှုကြောင့် ပေါ်ဆန်းစပါး၊ ဆန်၊ ညို့မထမိုးစပါး၊ ဆန်ဈေးမြင့်တက်မှုရှိကြောင်း ဈေးကွက်သတင်းများမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## ကန့်ဘလူခရိုင်၌ ဖေဖော်ဝါရီတတိယပတ်တွင် ရွှေဘိုပေါ်ဆန်းဈေးမြင့်တက်

ကန့်ဘလူခရိုင်တွင် ယခင်တစ်ပတ်က ရွှေဘိုပေါ်ဆန်စပါး တင်း ၁၀၀ လျှင် ကျပ် ၁၂၀၀၀၀၀ နှင့် တစ်တင်းခွဲဆန်တစ်အိတ်လျှင် ကျပ် ၄၂၀၀၀၊ ဧရာမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၈၀၀၀၀၀ နှင့် တစ်တင်းခွဲဆန်တစ်အိတ်လျှင်ကျပ် ၃၂၀၀၀ ဈေးရှိပြီး ယခုတစ်ပတ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဧရာမင်းနှင့် အခြားသွယ်စပါး၊ ဆန်ဈေးများတည်ငြိမ်လျက်ရှိပြီး၊ ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀လျှင် ကျပ် ၁၅၀၀၀၀၀ နှင့် တစ်တင်းခွဲ ဆန်တစ်အိတ်လျှင် ကျပ်၅၀၀၀၀ဖြစ်၍ တစ်ပတ်အတွင်း ရွှေဘိုပေါ်ဆန်စပါးဈေး ကျပ်သုံးသိန်းနှင့်ဆန်ဈေး ကျပ်၈၀၀၀၀ဈေးမြင့်ခဲ့ကြောင်းသတင်းရရှိသည်။ **ဝေဝေ(ကျွန်းလှ)**

## ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ဆန်ကွဲတင်ပို့မှုလျော့ကျ ပင်လယ်ရေကြောင်းမှ ဆန်နဲ့ဆန်ကွဲတင်ပို့မှုပို

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၇၈သန်းတန်ဖိုးရှိ ငစိန်နဲ့ ညို့မထဆန် ၁၅၈၀၁ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ညို့မထဆန် ၇၅၇၉တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ညို့မထဆန် ၆၀၅၉ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၅၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ညို့မထဆန်တန်ချိန် ၅၀၀ ကျော်နဲ့မောင်တောကုန်သွယ်ရေးစခန်းမှ ညို့မထဆန်၁၅၁၁ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းမှ ဆန် ၃၇၀၉၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန်တင်ပို့မှုမှာ ၂၁၂၉၇တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၂သန်းတန်ဖိုးရှိ ဆန်ကွဲ ၅၆၂ တန်နီးပါးတင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၂၀၀နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၆၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၄၆၁တန် တင်ပို့မှုလျော့ကျခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၀၄ သန်းတန်ဖိုးရှိ ဆန် ၄၁၅၇၄ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ ဟန်ဂေရီ၊ စပိန်၊ အင်ဒိုရာ၊ အီတလီ၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ပေါ်တူဂီ၊ မလေးရှား၊ တရုတ်နဲ့ ဘူလ်ဂေးရီးယားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ဆန်အမျိုးအစားနဲ့ပမာဏမှာ ညို့မထဆန်တန် ၂၉၆၁၀၊ ပေါင်းဆန် ၁၀၆၄ ဒသမ ၆ တန်၊ ငစိန်ဆန်တန်ချိန် ၈၅၀ နဲ့ ဆန်ဖြူတန် ၁၀၀၅၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်တန်ချိန် ၁၁၈၉၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်တန် ၂၉၆၈၀ကျော်ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၇၀ သန်းတန်ဖိုးရှိဆန်ကွဲ ၁၄၅၂၅ တန်ကိုလည်း ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၅၈၀၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၇၂၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုမှာ ကုန်သွယ်ရေးစခန်းများမှ လျော့ကျခဲ့ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့မှုပိုခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာလည်း ကုန်သွယ်ရေးစခန်းများမှာ လျော့ကျခဲ့ပြီး ပင်လယ်ရေကြောင်းမှ ပိုမိုခဲ့တယ်လို့သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၂-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၁၅ | ၄၀၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၅ | ၃၉၈ | ▽ | ၄၁၅ | ၄၁၄ | ▽ | ၄၃၀ | ၄၃၀ | □ | ၃၈၇ | ၃၈၆ | ▽ |
| ဆန်ဖြူ ၁၀% | ၄၀၃ | ၃၉၆ | ▽ | ၄၁၂ | ၄၁၁ | ▽ | - | - | - | ၃၈၃ | ၃၈၂ | ▽ |
| ဆန်ဖြူ ၁၅% | ၄၀၀ | ၃၉၃ | ▽ | ၄၀၅ | ၄၀၄ | ▽ | - | - | - | ၃၇၉ | ၃၇၆ | ▽ |
| ဆန်ဖြူ ၂၅% | ၃၈၄ | ၃၈၁ | ▽ | ၃၉၅ | ၃၉၄ | ▽ | ၃၉၅ | ၃၉၅ | □ | ၃၅၂ | ၃၅၄ | △ |
| ပေါင်းဆန် | ၄၅၀ | ၄၃၅ | ▽ | - | - | - | ၄၃၅ | ၄၃၅ | □ | ၄၄၅ | ၄၄၅ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂၃-၂-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညို့မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၅၀၀ | △ | ၂၃၅၀၀ | △ | ၇၈၀၀ | △ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | △ | ၂၃၀၀၀ | △ | ၇၈၉၀ | △ | ၃၄၀၀၀ | ▽ |
| ပဲခူး | ၅၄၀၀ | □ | ၂၁၀၀၀ | ▽ | ၆၇၀၀ | □ | ၃၃၀၀၀ | ▽ |
| ရွှေဘို | ၆၀၀၀ | □ | ၂၆၀၀၀ | △ | ၁၅၀၀၀ | △ | ၄၈၀၀၀ | △ |
| စစ်တွေ | ၄၂၅၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၃၅၀၀ | □ | - | - | ၄၈၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | △ | ၂၁၂၀၀ | ▽ | - | - | ၃၂၀၀၀ | ▽ |
| မန္တလေး | ၆၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၄၅၀၀ | △ | - | - | ၄၂၀၀၀ | △ |
| မော်လမြိုင် | ၅၈၀၀ | △ | ၂၂၀၀၀ | △ | ၇၈၀၀ | △ | ၃၄၀၀၀ | △ |
| လွိုင်ကော် | ၆၉၀၀ | △ | ၃၀၀၀၀ | □ | - | - | ၆၂၀၀၀ | □ |
| မြိတ် | ၄၇၀၀ | □ | ၂၄၅၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၃၀၀ | △ | ၂၇၅၀၀ | △ | - | - | ၄၃၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညို့မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

### ၁၉-၂-၂၀၁၈ မှ ၂၃-၂-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 784 | 43,403,087.980 |
| 2 | Form D | 118 | 4,422,481.160 |
| 3 | Form E | 125 | 28,253,301.860 |
| 4 | Korea GSP | 9 | 137,885.740 |
| 5 | Form AK | 135 | 7,922,201.960 |
| 6 | Form AJ | 15 | 664,196.750 |
| 7 | Form AI | 63 | 3,982,197.420 |
| 8 | Form AANZ | 17 | 130,931.090 |
| 9 | Form DFTP | | |
| **Grand Total** | | **1266** | **88,916,283.960** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၃-၂-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၅/၂ | ၂၃/၂ | ပြောင်းလဲမှု | ၁၆/၂ | ၂၃/၂ | ပြောင်းလဲမှု | ၁၆/၂ | ၂၃/၂ | ပြောင်းလဲမှု | ၁၆/၂ | ၂၃/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၂၄ | ၈၈၇ | ▼ | ၉၀၀ | ၈၃၃ | ▼ | ၈၇၅ | ၈၅၀ | ▼ | ၉၁၅ | ၈၆၀ | ▼ |
| ပဲစင်းငုံ | ၇၆၇ | ၆၉၇ | ▼ | ၇၁၇ | ၆၃၃ | ▼ | ၇၂၅ | ၆၂၅ | ▼ | ၇၀၀ | ၆၅၀ | ▼ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၁၆၅ | ▼ | ၁၇၃၃ | ၁၇၃၃ | ■ | - | - | - | ၁၄၂၀ | ၁၄၂၀ | ■ |
| ကုလားပဲရိုးရိုး | ၁၉၅၀ | ၂၀၀၀ | ▲ | ၁၆၂၄ | ၁၄၈၅ | ▼ | ၁၅၀၀ | ၁၄၄၇ | ▼ | ၁၄၇၅ | ၁၄၂၀ | ▼ |
| ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၁၅ | ▼ | ၁၂၅၀ | ၁၂၁၇ | ▼ | - | - | - | ၁၃၁၅ | ၁၃၄၀ | ▲ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၂၅၇၈ | ၂၅၇၈ | ■ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၃-၂-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၆/၂ | ၂၃/၂ | ပြောင်းလဲမှု | ၁၅/၂ | ၂၂/၂ | ပြောင်းလဲမှု | ၁၅/၂ | ၂၂/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၂၀ | ၄၁၀ | ▼ | ၆၁၄ | ၆၁၀ | ▼ | ၅၉၄ | ၅၆၉ | ▼ |
| ပဲစင်းငုံ | ၃၅၅ | ၃၅၀ | ▼ | ၆၁၄ | ၆၁၀ | ▼ | ၆၆၉ | ၆၆၅ | ▼ |
| ပဲတီစိမ်း | ၆၂၅ | ၆၁၀ | ▼ | - | - | - | ၇၅၁ | ၇၅၃ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၈၆၀ | ■ | ၅၉၄ | ၆၁၅ | ▲ | ၆၂၆ | ၆၅၀ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၀.၂.၁၈)ထိ | ယခုတစ်ပတ် (၁၇.၂.၁၈)ထိ | (၁.၁.၁၈) မှ (၁၇.၂.၁၈) ထိ |
| မတ်ပဲ | ၃၀၉၀၅ | ၄၇၄၉ | ၃၅၆၅၄ |
| ပဲတီစိမ်း | ၁၀၅၀၂ | ၂၃၄၄ | ၁၂၈၄၆ |
| ပဲစင်းငုံ | ၁၅၀၀၃ | ၁၀၇၉ | ၁၆၀၈၂ |
| ကုလားပဲ | ၁၉၄ | ၁၂၆ | ၃၂၀ |
| ပဲလွန်းဖြူ | ၉၃၈ | ၁၇၁ | ၁၁၀၉ |
| မြေထောက်ပဲ | ၁၆၅ | ၂၈၃ | ၄၄၈ |

# ဖေဖော်ဝါရီတတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲသစ်များ အဝင်များလာပြီး ပဲစင်းငုံဈေးအေးပေမယ့် အရောင်းအဝယ်သွက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မတ်ပဲသီးနှံမှာ ပဲသစ် အဝင်ရှိသော်လည်း ပဲဝင်ရောက်မှုနည်းနေတာကြောင့် ပဲဟောင်း လက်ကျန်က ပိုအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံမှာတော့ ပဲတီစိမ်းသီးနှံထက် ပဲစင်းငုံသီးနှံက ပိုအရောင်းအဝယ်သွက်နေကြောင်း သိရပြီး ပဲတီစိမ်းသီးနှံက ဝင်ရောက်မှုပမာဏနည်းသွားသလို ဈေးငြိမ်လျက်ရှိကာ ပဲတစ်တင်းလျှင်ကျပ် ၂၃၀၀၀မှ ကျပ် ၂၆၀၀၀ ကြား၊ အရည် အသွေးလိုက် ဈေးကွာခြားခဲ့ကာ မန္တလေးလိုင်းသမားအဓိက ထားဝယ်ယူကြတဲ့အတွက် တစ်ရက်အိတ် ၂၀၀ ကျော် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ရန်ကုန်ဝယ်လက်နေ့စဉ်အဝယ်ရှိပြီး တစ်ရက်အိတ် ၁၅၀ ကျော်မှ ၂၀၀ အထိ ရောင်းချခဲ့ရကာ ပဲဈေးမှာတစ်တင်းကျပ် ၁၇၈၀၀ ဖြင့် ဈေးလျော့နေခဲ့သလို ယခင်တစ်ပတ်ကထက်လည်း ထပ်မံကျဆင်းသွားခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာ ပြည်အနီးတစ်ဝိုက်ဒေသများမှ ပဲသစ်များ နေ့စဉ်ဝင်ရောက်မှုများလာလို့ အိတ် ၄၀၀ကျော်ထိ ဝင်ရောက်မှုရှိခဲ့ကာ ဝယ်လိုအားအနေဖြင့် လှောင်သမားနှင့် ရန်ကုန်ဝယ် လက်သမားများပါ ဝယ်ယူနေတဲ့အတွက် ဝင်လာသမျှ အရောင်းအဝယ်ဖြစ်သော်လည်း ဈေးမြင့်တက်လာခြင်း မရှိခဲ့ဘဲ တစ်တင်းကျပ် ၁၃၂၀၀ ဖြင့်သာ ဈေးအေးလျက်ရှိပါ တယ်။

ပဲစင်းငုံသီးနှံဟာ ဈေးကွက်အတွင်းမှာ အရောင်းအဝယ် သွက်နေသော်လည်း ဈေးအနိမ့်ဆုံးရနေတဲ့ ပဲသီးနှံဖြစ်ခဲ့ပါ တယ်။ ဒါကြောင့် ပဲတီစိမ်း၊ မတ်ပဲသီးနှံများနှင့်ယှဉ်လျှင် ဈေးနိမ့်ခဲ့ သလို အခြား လက်လီပဲများထက်လည်း ဈေးလျော့နေခဲ့ပါတယ်။

ပဲကြီးသီးနှံကတော့ ပန်းတောင်း၊ ရွှေတောင်၊ ကျီးသဲ၊ အောင်လံ-ပြည်ကားလမ်းတစ်လျှောက်နှင့် ပြည်အနီးတစ် ဝိုက်မှ ဝင်ရောက်ခဲ့ကြတဲ့အတွက် တစ်ရက်အိတ် ၃၀၀ ကျော် ထိ အဝင်များခဲ့ပါတယ်။ ဒါကြောင့် ပဲကြော်ဖိုသမားနှင့် ရန်ကုန်ဝယ်လက်အပြင် မန္တလေးဝယ်လက်ပါ ဝယ်ယူမှုရှိခဲ့မှု အပေါ် လိုသလောက်ရောင်းချနိုင်ခဲ့ပြီး ပဲဈေးမှာ ရွှေကျွန်း တစ်တင်းကျပ် ၄၀၀၀၀၊ ကမ်းနားတစ်တင်းကျပ် ၃၈၀၀၀ တို့ ဖြင့် ဈေးဖွင့်ရောင်းဝယ်ခဲ့ကြပါတယ်။

ယခုနှစ်ပဲကြီးသီးနှံဈေးမှာ ပဲဟောင်းဈေးမှာတုန်းက တစ်တင်းကျပ် ရှစ်သောင်းထိ ရရှိခဲ့တဲ့အတွက် ဈေးနှုန်းအမြင့် ဆုံးနဲ့ပဲဈေးကွက်အတွင်း စံချိန်တင်မြင့်တက်ခဲ့တဲ့သီးနှံဖြစ်ခဲ့ ပေမယ့် ပဲသစ်ပေါ်ချိန်မှာတော့ ဈေးပြန်လျော့သွားပြီးကျပ် လေးသောင်းဝန်းကျင်သာ ရောင်းချခဲ့ပါတယ်။ သို့သော် လည်း အခြားပဲဈေးအားလုံးထက် ဈေးမြင့်နေဆဲဖြစ်တာကို တွေ့ရပါတယ်။

ပဲပုပ်သီးနှံမှာ ပဲသစ်အဝင်ဆက်ရှိနေပြီး လက်ကား ထက် လက်လီရောင်းဝယ်မှုပိုဖြစ်ခဲ့ကာ တစ်တင်းကျပ် ၂၁၀၀၀ ဖြင့် ဈေးငြိမ်လျက်ရှိခဲ့ပါတယ်။ စားတော်ပဲသီးနှံမှာလည်း လက်လီသမားများဖြင့် အိတ်အနည်းငယ်နေ့စဉ်ရောင်းချခဲ့ ရကာ ပဲတစ်တင်းကျပ် ၃၅၅၀၀ ဖြင့်အရောင်းအဝယ်ဖြစ် ခဲ့သလို ထောပတ်ပဲသီးနှံမှာ ပဲသစ်မဝင်ရောက်သေးတဲ့အတွက် ပဲဟောင်းလက်ကျန်အနည်းငယ်ဖြင့် အရောင်းအဝယ်မှုဖြစ်ပြီး ပဲဈေးမှာတစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ဈေးငြိမ်နေပေမယ့် ဘိုကိတ်၊ ပဲလွန်းဖြူ သီးနှံသစ်များရဲ့ ဈေးထက်ဈေးပိုရနေလျက် ရှိလို့ ပဲသစ်ပေါ် လာလျှင်လည်း ဈေးနှုန်းဆက်မြင့်နေမယ်ဆို လျှင်တော့ ယခုနှစ်ထောပတ်ပဲဈေးကောင်းရတဲ့နှစ်လို့ ဆိုရ မှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲနီပြားပဲဟောင်းလက်ကျန်ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်အတွင်း ပဲနီပြားသီးနှံသစ်အနေဖြင့် ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲဟောင်းလက်ကျန် အနည်း ငယ်ဖြင့်သာ အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ ပဲလက်ကျန်နည်းပြီး ပစ္စည်းရှားလို့ ဈေးကောင်း ရရှိခဲ့ပါတယ်။ ပဲတစ်တင်းကျပ် ၄၀၀၀၀ဖြင့် အခြားလက်လီရောင်းဝယ်မှုဖြစ်သော ပဲများအားလုံးထက် ဈေးမြင့်ခဲ့ပါတယ်။ ထောပတ်ပဲနှင့် ပဲနီပြားသီးနှံမှာ ပဲထွက်ပေါ်ချိန်နောက်ကျတဲ့အတွက် ဈေးကွက်သို့ဝင်ရောက်မှုအနေဖြင့်လည်း အခြားပဲ များထက် အဝင်နောက်ကျခဲ့ကြောင်းသိရပြီး အဆိုပါပဲနှစ်မျိုးစလုံး ပဲလက်ကျန်ဈေးကောင်းလျက်ရှိကြောင်း သိရပါ တယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲလွန်းဖြူ အရည်အသွေးကိုလိုက်၍ ဈေးကွာခြားမှုရှိ

ဖေဖော်ဝါရီ တတိယပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပြည်အနီးတစ်ဝိုက် ဒေသများမှ ပဲလွန်းဖြူသီးနှံသစ်များ နေ့စဉ်ဝင်ရောက်လျက်ရှိတာ တွေ့ရပါတယ်။ ပဲထွက်ပေါ်ချိန်ကာလများတွင်သာ လက်ကားရောင်းဝယ်မှုဖြစ်လို့ ယခုအချိန်တွင် ပဲထွက်ပေါ်ချိန်ဖြစ်တာကြောင့် ပဲဈေးကွက်မှာ လက်လီ၊ လက်ကား အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၁၀၀၀ နှင့် ကျပ် ၂၅၀၀၀ အကြား ပဲအရည် အသွေးလိုက်၍ ဈေးကွာခြားမှုရှိကြောင်း သိရပါတယ်။

ယခင်နှစ်ကလည်း ပဲတစ်တင်းကျပ် နှစ်သောင်းကျော်ခန့် ဖေဖော်ဝါရီလ အတွင်းရရှိခဲ့လို့ ယခုနှစ်နှင့်ယခင်နှစ် ဈေးကွာခြားမှုသိပ်မရှိဘဲ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း ယခင်နှစ်က ပဲလက်ကျန်နည်းချိန်မှာ တစ်တင်းကျပ် သုံးသောင်းကျော်၊ လေးသောင်းနီးပါးထိရရှိခဲ့လို့ လက်လီပဲဈေးကွက်မှာ ဈေးကောင်း ဝင်တဲ့သီးနှံတစ်မျိုးဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

# ပခုက္ကူကုန်စည်ဒိုင်၌ ပြောင်းဖူးစေ့ CP ဈေးကောင်းရရှိနေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင် တွင် ပဲစင်းငုံဈေးအနည်းငယ်ကျလျက် ရှိပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံ အသစ် တစ်တင်းလျှင် ကျပ် ၁၄၅၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ပဲစင်းငုံအသစ် တစ်တင်းလျှင်ကျပ် ၁၃၅၀၀ ဖြင့် အိတ် ၂၀၀၊ ယခင်တစ်ပတ်က ပဲစင်းငုံနီ အဟောင်းတစ်တင်းလျှင် ကျပ် ၁၄၂၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ပဲစင်းငုံနီ အဟောင်း တစ်တင်းလျှင် ကျပ် ၁၂၈၀၀ ဖြင့် အိတ် ၄၀၀ နေ့စဉ် ပုံမှန် အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ပခုက္ကူကုန်စည် ဒိုင်တွင် ကုလားပဲဆန်အဝင်နည်းပြီး ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့် အိတ် ၅၀၊ ကုလား ပဲဝါ 929 တစ်တင်းလျှင်ကျပ် ၂၇၇၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပဲလွန်းပြာအသစ် တစ်တင်းလျှင် ကျပ် ၂၁၆၀၀ ဖြင့်အိတ် ၁၀၀၊ စွန်တာနီပြာ(ယော)တစ်တင်း လျှင် ကျပ် ၂၇၂၀၀ ဈေးဖြင့် အိတ် ၅၀၊ ထောပတ်ပဲဖြူ(ကျွန်း) တစ်တင်းလျှင် ကျပ် ၂၉၀၀၀ဖြင့်အိတ် ၅၀ခန့်အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပြောင်းဖူးစေ့ (CP) မှာ ယခုတစ် ပတ်တွင် ပြည်ပအဝယ်ရှိလို့ ဈေး ကောင်းရရှိခဲ့ပြီး ယခင်တစ်ပတ်က တစ် တင်းလျှင်ကျပ် ၉၅၀၀ မှ ၁၀၁၀၀ရှိခဲ့ရာ မှ ယခုတစ်ပတ်တွင် တစ်တင်းလျှင်ကျပ် ၁၁၂၀၀ဖြင့် အိတ်၁၀၀အရောင်းအဝယ် ဖြစ်ခဲ့ပြီး နှမ်းနက် (၇၀)မှာ ဈေးအနည်း ငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၃၂၃၀၀ ဖြင့် အိတ် ၅၀၊ အညာဒေသ ထွက်ဖြစ်သည့်မန်ကျည်းသီးမှည့်အတောင့် တစ်ပိဿာလျှင် ကျပ်၁၁၂၀ဖြင့် ပိဿာ ချိန် ၁၀၀၀ မှ ၃၀၀၀ ကြား နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက် ရှိသည်။

ကြက်သွန်နီ လက်ကျန်နည်းနေ ပြီး အရည်အသွေးညံ့သောကြောင့် ဈေး ကျဆင်းလျက်ရှိပြီး လက်ကားထိပ်စ တစ်ပိဿာလျှင်ကျပ် ၁၄၀၀၊ လတ်စ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ နိမ့်စ တစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ၆၀၀ ဖြင့် နေ့စဉ်ပိဿာချိန် ၈၀၀၀ မှ ၂၀၀၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ သည်။ ဆိပ်ဖြူမြို့နယ်၏ ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စတစ်ပိဿာ လျှင် ကျပ် ၁၀၀၀၊ လတ်စတစ်ပိဿာ လျှင်ကျပ် ၈၅၀၊ နိမ့်စ တစ်ပိဿာလျှင် ကျပ် ၆၀၀ ဖြင့် ပိဿာချိန် ၂၀၀၀၀ မှ ၅၀၀၀၀ ခန့်ထိ နေ့စဉ်အရောင်းအဝယ် ဖြစ် လျက်ရှိကြောင်း ဆိပ်ဖြူကုန်စည်ဒိုင် မှသတင်းရရှိသည်။**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# ပြည်ဘိုကိတ်ပဲသစ်များ ပဲအဝင်များလာလို့ ဈေးလျော့သွားခဲ့

ပြည်ပဲဈေးကွက်သို့ဆောင်းပဲသစ်များနေ့စဉ်ဝင်ရောက် လျက်ရှိရာ ဘိုကိတ်ပဲသစ်များ ဝင်ရောက်မှုများလာတာတွေ့ ရပါတယ်။ တစ်ရက်လျှင် အိတ် ၁၅၀ ကျော်ထိ ဝင်ရောက်ခဲ့ ကာ ဝယ်လက်အနေဖြင့် လက်လီ၊ လက်ကား အရောင်းအဝယ် ဖြစ်ခဲ့လို့ အိတ် ၁၀၀ကျော်ခန့်ထိ ရောင်းချ ခဲ့ရပါတယ်။ ဒေသ တွင်း လက်လီဝယ်ယူမှုထက်ရန်ကုန်ဝယ်လက် လက်ကား ဝယ်ယူမှုပိုများခဲ့တယ်လို့သိရပါတယ်။

ဘိုကိတ်ပဲသစ်များဝင်ရောက်မှုများလာတဲ့အတွက် ဈေးလျော့နည်းခဲ့တာကြောင့် တစ်တင်းကျပ် ၂၁၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်းကျပ် ငါးထောင်နီးပါးထိ လျော့ နည်းကျဆင်းခဲ့ပါတယ်။ ယခင်နှစ်ကဆိုလျှင် ဘိုကိတ်ပဲသစ် ဈေးဟာ ယခုကာလအတွင်း တစ်တင်းကျပ် ၂၄၀၀၀ ခန့်ဖြင့် ရောင်းဝယ်ခဲ့လို့ ယခုနှစ်ဈေးက လျော့နည်းခဲ့ကြောင်း လေ့ လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

Vol: 18, No.9 Monday February 26 2018

## မြန်မာ့ဆိပ်ကမ်းတွင် ၂၂.၂.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ငံရပ်ဆိပ်ကမ်း | - MT.PRIMROSERBD | P.Oil (In Bulk ) ၄၃၀၀ ကုန်ချရန် |
| ထီးတန်းဆီဆိပ်ကမ်း | - MT.MESON | RBD P.Oil (In Bulk ) ၄၃၀၀ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၁) | - MT.MAENAM-1 | ကုန်သေတ္တာ ၄၁၆ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၂) | - CAPE FLORES | ကုန်သေတ္တာ ၃၈၅ ကုန်တင်ရန် |
| အလုံဆိပ်ကမ်း (၃) | - TAN BINH-89 | ကုန်သေတ္တာ ၆၀၀ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၂) | - ANAN BHUM | ကုန်သေတ္တာ ၄၇၅ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၃) | - SOUL OF LUCK | ကုန်သေတ္တာ ၅၆၃ ကုန်တင် ၂၉၉ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၄) | - GLOBE PEGASUS | ဆန် ၃၀၀၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၅) | - PINTAIL | ဆန် ၂၈၀၀၀ တန်ကုန်တင်ရန် |
| Myanmar Integrated Port Ltd | - MS.WORLD | ODYSSEY PAX 635 NOS |
| သီလဝါဆိပ်ကမ်း (၁) | - VICKING AMBER | ကုန်သေတ္တာVehicle (R0/RO) ၁၀၀၉ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၂) | - NASICO EAGLE | PILES ၆၁၁၃ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၃) | - GEOGRIANA | STEEL ၂၅၇၂၇ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - OCEAN PRINCESS | ဆန် ၃၀၀၀၀ တန်ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း (၅) | - NACC PAROS | Cement (In Bulk) ၇၀၀၀ ကုန်ချရန် |
| MMTM JETTY | - MT.OCEAN JACK | Disel Oil ၁၁၅၀၀ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HAN THAR | Steel Product ၆၁၁၈ တန်ကုန်ချရန် | - | ၂၃.၂.၂၀၁၈ |
| TAN BINH-127 | TMT BARS ၁၀၄၅၅ တန်ကုန်ချရန် | INDIA | ၂၄.၂.၂၀၁၈ |
| PROMETHUS LEADER | Unit+58PKG Vehicle (R0/RO) ၅၆၆တန်ကုန်ချရန် | CHINA | ၂၄.၂.၂၀၁၈ |
| FELCON TRIDENT | Steel ၂၇၇၇၈ ကုန်ချရန် | CHINA | ၂၄.၂.၂၀၁၈ |
| ATLANTIC FORTUNE | ဆန် ၂၄၀၀၀ တန်ကုန်တင်ရန် | W/AFRICA | ၂၅.၂.၂၀၁၈ |
| HONOR PESCADORES | IRON SLAG ၁၀၇၀၀ တန်ကုန်ချရန် | JAPAN | ၂၅.၂.၂၀၁၈ |
| KYAUK PHYU | Steel ၆၁၀၀ တန်ကုန်ချရန် | INDIA | ၂၅.၂.၂၀၁၈ |
| CHIMSON MAJESTY | DEFORMED BARS | SAUDIARABIA | ၂၆.၂.၂၀၁၈ |
| HTK UNITY | Steel Coils ၂၇၅၉ တန်ကုန်ချရန် | VIETNAM | ၂၆.၂.၂၀၁၈ |
| HOANG HAI 88 ALCL | Steel Coils ၃၀၄၆ တန်ကုန်ချရန် | VIETNAM | ၂၆.၂.၂၀၁၈ |
| YUANG JING | Units RTG,CRANE၉ ကုန်ချရန် | CHINA | ၂၇.၂.၂၀၁၈ |
| OCCITAN BARSAL | Steel ၁၉၇၉၈ တန်ကုန်ချရန် | CHINA | ၂၇.၂.၂၀၁၈ |
| RAIN BOW ANGEL | Steel Product ၂၉၀၂ တန်ကုန်ချရန် | JAPAN | ၂၈.၂.၂၀၁၈ |
| VIKING CHANCE | Units Vehicles ၁၃၁၃ တန်ကုန်ချရန် | JAPAN | ၂၈.၂.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| EVER ABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၂.၂၀၁၈ |
| KOTA HISAL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၂.၂၀၁၈ |
| THANLWIN STARL | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၂.၂.၂၀၁၈ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၂.၂၀၁၈ |
| KUO HSIUNG | SINGAPORE | သီလဝါ၊အလုံဆိပ်ကမ်း | ၂၅.၂.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၂.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၅.၂.၂၀၁၈ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၈.၂.၂၀၁၈ |
| SINAR BANDA | MALAYSIA | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၂.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN PRIMIER | ဒီဇယ်ဆီ | - | ၂၃.၂.၂၀၁၈ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၂၄.၂.၂၀၁၈ |
| MT.BTS CAPELIA | MOGAS 92 RON | SINGAPORE | ၂၄.၂.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | SINGAPORE | ၂၄.၂.၂၀၁၈ |
| MT.AMOZONA | P'Oil(In Bulk) | INDONESIA | ၂၅.၂.၂၀၁၈ |
| MT.BELUGA PACIFIC | ဒီဇယ်ဆီ | SINGAPORE | ၂၆.၂.၂၀၁၈ |
| MT.FLY MARLIN | ဒီဇယ်ဆီ | SINGAPORE | ၂၆.၂.၂၀၁၈ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၂၇.၂.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | SINGAPORE | ၂၈.၂.၂၀၁၈ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၁.၃.၂၀၁၈ |
| MT.PRINROSE | P'Oil(In Bulk) | SINGAPORE | ၂.၃.၂၀၁၈ |

## ကယားပြည်နယ်အတွင်း ကုန်စည်တင်သွင်းမှုနှင့် ကုန်စည်စီးဆင်းမှုအခြေအနေများ

ဖေဖော်ဝါရီတတိယပတ်အတွင်း ထိုင်းနိုင်ငံ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဝင်လာတဲ့ကုန်ပစ္စည်းတွေကတော့ ဟင်းချိုမှုန့် အမေရိကန်ဒေါ်လာ ၂၇၆၀ တန်ဖိုးရှိ ကီလို ၂၃၀၀၊သန့် ရှင်းရေးသုံး ဆပ်ပြာရည် အမေရိကန်ဒေါ်လာ ၇၅၀ တန်ဖိုးရှိ ကီလို ၆၀၀၀၊ အုတ်ကျွတ်မျက်နှာကြက် အမေရိကန်ဒေါ်လာ ၁၅၀၀ တန်ဖိုးရှိ ကီလို ၁၅၀၀၀၊ ကော်ဖီမစ် အမေရိကန်ဒေါ်လာ ၄၀၀ တန်ဖိုးရှိ တန်ချိန် ၂၀၀ ၊ ဘိလပ်မြေ အမေရိကန်ဒေါ်လာ ၆၈၀ တန်ဖိုးရှိတန်ချိန် ၈၀၀၀၊ ဂတ်စ်မီးခြစ် အမေရိကန်ဒေါ်လာ ၁၂၀၀ တန်ဖိုးရှိတန်ချိန်၁၂၀၀၊အဝတ်လျှော်ဆပ်ပြာ အမေရိကန်ဒေါ်လာ ၇၅၀ တန်ဖိုးရှိ တန်ချိန် ၁၅၀၀တို့ဖြစ်ပြီး ကုန်သွယ်မှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၈၈၄၀ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း၏စာရင်းများအရ သိရှိရပါတယ်။

ထို့ပြင် ကယားပြည်နယ်မှမန္တလေး-မူဆယ်သို့ ဒေသထွက် ဧည့်မထဆန်အိတ် ၁၅၉၀၊ တန်ချိန်အားဖြင့် ၇၉ ဒသမ ၈၃တန်ခန့်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၉၇ တန်ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်းသိရပါတယ်။

ကယားပြည်နယ်အတွင်းသို့ ပြည်မဘက်မှ ဆန် ၁၀၆၅အိတ်၊ မန္တလေးမြို့မှ ၆၅၅ အိတ် တင်သွင်းခဲ့ရာ စုစုပေါင်းဆန်အိတ်၁၇၂၀နဲ့တန်ချိန်၈၆ဒသမ ၃၆ရှိကြောင်း၊ ပြောင်းတင်ပို့မှုအနေဖြင့် စုစုပေါင်း ပြောင်းအိတ် ၁၇၃၇၀၊ တန်ချိန်အားဖြင့် ၈၅၀ ဒသမ ၉၀ ခန့် တင်ပို့ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန် ၅၆ ဒသမ ၉၉ တန်ခန့် တင်ပို့မှုလျော့နည်းခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်ထိ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၅၃၀၊ ဧည့်မထ (မိုး) စပါးတင်း ၁၀၀ လျှင် ကျပ် ၆၅၁၀၀၀ ၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၂၀၀၀ ၊ ပေါ်ကျွဲဆန် တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ ဧည့်မထ(ဒေသ)ဆန်တစ်အိတ်လျှင် ကျပ်၃၀၀၀၀၊ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ ဖြစ်ကြောင်း ကယားပြည်နယ် စားသုံးသူ ကုန်စျေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

## ရေစကြိုကုန်စည်ဒိုင်၌ မြေပဲဆန်လက်ကျန်နည်း၍ စျေးကောင်းရရှိ

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင်မြေပဲဆန်စျေးမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး ဒေသတွင်း ဆုံဆီလုပ်ငန်းရှင်များမှ အဝယ်လိုက်လာခြင်း၊ ဆားလျှော်လုပ်ငန်းရှင်များမှ အဝယ်လိုက်လာခြင်းနှင့် မြေပဲဆန် လက်ကျန်နည်းနေခြင်းတို့ကြောင့် စျေးကောင်းရရှိပြီး မြေပဲလုံးဆန်နီ(မြောင်)တစ်ပိဿာလျှင်ကျပ် ၂၃၀၀ မှ ၂၆၀၀၊ မြေပဲနီလုံးဆန်(ကျွန်း)တစ်ပိဿာလျှင်ကျပ် ၂၁၀၀ မှ ၂၂၀၀၊ မြေပဲဖြူလုံးဆန်(S1)တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှ ၂၄၀၀၊ မြေပဲလုံးဆန်(M12)တစ်ပိဿာလျှင်ကျပ် ၂၂၀၀မှ ၂၅၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ရေစကြိုဒေသထွက် မတ်ပဲစျေးမှာ ယခင်တစ်ပတ်ထက် စျေးအနည်းငယ်ကျနေပြီး မတ်ပဲတစ်တင်းလျှင်ကျပ် ၁၅၀၀၀ - ၁၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ နတ်တော်ပဲ(ခေါ်)ပဲလွန်းဖြူတစ်တင်းလျှင်ကျပ် ၂၅၀၀၀၊ ပဲလွန်းပြာ တစ်တင်းလျှင်ကျပ် ၂၀၀၀၀၊ ပဲပိစပ် တစ်တင်းလျှင်ကျပ် ၁၃၀၀၀ ဖြစ်ပြီး ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့(CP) တစ်တင်းလျှင်ကျပ် ၁၁၂၀၀ ဖြင့် အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်ဟု ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံစျေးကွက် မြေပဲလုံးဆန်စျေးတက်၍ ကုလားပဲစျေးကျ

ယခုတစ်ပတ်မုံရွာကုန်စည်ဒိုင်ဆီထွက်သီးနှံစျေးကွက်မှာတော့ လုံးဆန်စျေးအနည်းငယ်တက်ခဲ့ပြီး နှမ်းစျေးငြိမ်နေပါတယ်။

ယခုတစ်ပတ် ဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၂၇၀၀မှ ကျပ် ၂၅၅၀ ဖြင့် တစ်ရက်အိတ် ၃၀၀ ခန့်၊ မြေပဲလုံးဆန်နီတစ်ပိဿာလျှင် ၂၃၇၅ ကျပ်မှ ၂၃၂၅ကျပ်ဖြင့် တစ်ရက် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး နှမ်းမျိုးစုံစျေးကွက်မှာတော့ နှမ်းနက်တစ်တင်း လျှင် ကျပ် ၄၀၀၀၀ မှ ကျပ် ၃၂၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၄၄၀၀၀ မှ ကျပ် ၃၈၀၀၀ နှင့် နှမ်းဝါနက်တစ်တင်းလျှင် ကျပ် ၃၂၅၀၀ ဖြင့် နှမ်းမျိုးစုံတစ်ရက်လျှင် အိတ် ၂၀၀ ခန့် အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်သည်တစ်ဦးထံမှ သိရှိရပါတယ်။

ယခုတစ်ပတ်မုံရွာကုန်စည်ဒိုင်စျေးကွက်တွင် ကုလားပဲအသစ်များ အနည်းငယ်ဝင်ရောက်လာခြင်းကြောင့် စျေးအနည်းငယ်ကျဆင်းခဲ့ပြီး ကုလားပဲဖြူလုံးကြီးတစ်တင်းလျှင် ကျပ် ၂၇၆၀၀၊ ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၂၇၄၀၀ နှင့် ၉၂၉ တစ်တင်းလျှင်ကျပ် ၂၆၉၀၀ ဖြင့် ၉၂၉ နှင့် ကုလားပဲဖြူလုံးကြီး နှစ်မျိုးပေါင်းတစ်ရက်အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိပါသည်။ ငုံနီစျေးကွက်မှာတော့ အသစ်တစ်တင်းလျှင် ကျပ် ၁၂၅၀၀၊ အဟောင်းတစ်တင်းလျှင် ကျပ် ၁၃၀၀၀မှကျပ် ၁၂၈၀၀ဖြင့် တစ်ရက်အိတ် ၄၀၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်ပဲတစ်တင်းလျှင် ကျပ် ၁၇၀၀၀ ဖြင့် စျေးငြိမ်ခဲ့ပြီး တစ်ရက်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။

ယခုတစ်ပတ် အခြားလက်လီသုံးပဲမျိုးစုံစျေးကွက်မှာတော့ ပဲကြီးတစ်တင်းလျှင် ကျပ် ၄၀၀၀မှ ကျပ် ၃၆၀၀၀၊ စွန်တာနီတစ်တင်းလျှင်ကျပ် ၂၆၀၀၀၊ မလွှမ်းပို တစ်တင်းလျှင်ကျပ် ၂၉၀၀၀၊ မြေထောက် ပဲတစ်တင်းလျှင် ကျပ်၃၃၅၀၀ မှ ကျပ် ၂၈၀၀၀၊ ပဲပုပ်စေ့တစ်တင်းလျှင် ကျပ် ၂၃၀၀၀နှင့် ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရှိရပါတယ်။

**လင်းလင်းသန့်**

စာမျက်နှာ (၃) သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန်မှအဆက် ...... မှအဆက်

အာရှ၊ အာဖရိက၊ ဥရောပ အပါအဝင် ကမ္ဘာ့ဆန်စျေးကွက်များမှ ဆန်စပါးတင်သွင်းသူများနှင့် မိမိနိုင်ငံမှ ဆန်စပါးတင်ပို့သူများကို တွေ့ဆုံစေ၍ ညှိနှိုင်းဆွေးနွေးမှုများကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံနှင့် အစိုးရချင်းသာမက ပုဂ္ဂလိကကဏ္ဍတွင်လည်း ဆက်ဆံရေးများတိုးမြှင့်၍ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ပူးပေါင်းဆောင် ရွက်မှုသည် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံဆက်ဆံမှု တိုးတက်ရေးနှင့် ကုန်သွယ်မှု ပိုမိုတိုးမြှင့်ရေးအလားအလာကောင်းများ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E Mr.K.W.N.D Karunaratne မှ ဆန်လှူဒါန်းမှုအတွက် မြန်မာနိုင်ငံအစိုးရ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာပြည်သူများအား ကျေးဇူးတင်ပါကြောင်း ပြန်လည်ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးထံသို့ ဆန်အိတ်များ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆန်စက်အတွင်း ဆန်များ ကြိတ်ခွဲထုတ်လုပ်နေမှုနှင့် မျိုးစပါးစိုက်ပျိုးထုတ်လုပ်သည့် စိုက်ခင်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သာလင်း**

## နနွင်း

# နနွင်းတန်ချိန် ၄၅၀ကျော်တင်ပို့

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၄၅၃ ဒသမ ၇၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၁၆၂ ဒသမ ၀၂ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၄၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၅၀နဲ့ ကိုရီးယားနိုင်ငံသို့ ၁ ဒသမ ၇၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်နဲ့ မလေးရှားနိုင်ငံသို့ နနွင်း (ရှမ်းစ)တင်ပို့မှုမှာတစ်တန်ကိုပျမ်းမျှအမေရိကန်ဒေါ်လာ ၇၀၀-၇၂၀ ရရှိခဲ့ပြီး ကိုရီးယားနိုင်ငံသို့ တင်ပို့မှုတွင် နနွင်းတစ်တန်ကိုအမေရိကန်ဒေါ်လာ၁၀၀၀ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က နနွင်းတန်ချိန် ၁၃၀ နီးပါး တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် နနွင်းတန်ချိန် ၃၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ နနွင်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃၀၁၂၄ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# မူဆယ်မှ နနွင်းတက်ပိုမိုတင်ပို့

ဖေဖော်ဝါရီ ၁၀ရက်မှ၁၆ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈၁၉၂၅ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၁၁၃ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၁ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၃၂ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန် စည်ဒိုင်မှာ နနွင်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ငွေလဲနှုန်းအရ ၉၆၃၅၂၅ ကျပ်ဈေးရှိခဲ့ပါတယ်။ ဟိုပုံးနနွင်းကို မူဆယ်နဲ့ရန်ကုန်ဝယ်လက်တွေက ဝယ်ယူကြပြီး တရုတ် နိုင်ငံမှာနနွင်းကို ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ရှမ်းနနွင်း ပုံမှန်အရောင်းအဝယ်ဖြစ်

နနွင်းကတော့ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ဟိုပုံးဈေးကွက်က နနွင်းကတော့ တရုတ်နှစ်သစ်ကူးမတိုင်မီကစပြီး အရောင်းအဝယ်ပါးလာတယ်လို့ သိရပါတယ်။ မူဆယ်ဝယ်လက်တွေက ဥရောပနိုင်ငံကို တင်ပို့ဖို့အတွက် တစ်ဆင့်ခံဝယ်ယူကြပေမယ့် ဒီတစ်လမှာတော့ အဝယ်ရပ်နေပါတယ်။ ဥရောပဈေးကွက်မှာဈေးကျနေလို့ အဝယ်ရပ်သွားတယ်လို့လည်းသိရပါတယ်။

အောင်ပန်းဈေးကွက်က နနွင်းကိုတော့ ပြည်တွင်းသုံးနဲ့ အိမ်နီးချင်းနိုင်ငံတွေကိုတင်ပို့ဖို့အတွက် ဝယ်ယူမှုများပြီး အဓိကဝယ်လက်တွေကတော့ ရန်ကုန်၊ ပြည်၊ စစ်တွေစတဲ့ဝယ်လက် တွေဖြစ်ပါတယ်။ နနွင်းညှံ့စတွေကိုတော့ ခြင်ဆေးခွေပြုလုပ်ဖို့ဝယ်ယူလို့ အနည်းအကျဉ်းအရောင်းအဝယ်ဖြစ်တယ်လို့သိရပြီး ဇန်နဝါရီတစ်လလုံး မှာတော့ နနွင်းပိဿာချိန်ပေါင်း သုံး သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ဒီတစ်ပတ်ရှမ်းနနွင်းပေါက်ဈေးကတော့ အောင်ပန်းနနွင်းတစ်ပိဿာ အနိမ့်ဆုံးကျပ် ၁၀၀၀ မှ အမြင့်ဆုံးကျပ် ၃၅၀၀ရှိပြီး ဟိုပုံးနနွင်းကတော့ တစ် ပိဿာကျပ် ၁၂၀၀ရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

## ကြက်သွန်

# ရှမ်းကြက်သွန်ဖြူ အထွက်နှုန်းလျော့နိုင်

ရှမ်းကြက်သွန်ဖြူကတော့ အသစ်ထွက်ခါနီးပါပြီ။ စက်တင်ဘာ၊ အောက်တိုဘာမှာစိုက်တဲ့ ကြက်သွန်ဖြူကဒီလကုန်မှာစပြီးဖော်လို့ရနေပြီလို့သိရပါတယ်။ ဒီနှစ်က ရာသီဥတုအေးတဲ့အချိန်ကြာပြီး ဒီဇင်ဘာနဲ့ ဇန်နဝါရီမှာ ရှမ်းပြည်နယ်ဆောင်းက မနှစ်ကထက် ပိုအေးတာကြောင့် ဆီးနှင်း၊ ဆီးခါးတွေလည်းအတော်ကျခဲ့တဲ့အတွက်သီးနှံတွေ ပျက်စီးခဲ့ရပါတယ်။ ကြက် သွန်ဖြူလည်း ဆီးနှင်းဒဏ်ကြောင့် ပျက်စီးမှုများတာကြောင့် အထွက်နှုန်းလျော့နိုင်တယ်လို့ ဒေသခံတောင်သူတွေဆီက သိရပါတယ်။

အဟောင်းတွေ ကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပေမယ့် ဈေးကတော့သိပ်မကောင်းလှပါဘူး။ ဇန်နဝါရီလမှာတော့ ရန်ကုန်ဝယ်လက်တွေနဲ့ဒေသတွင်း စားသုံးသူတွေဝယ်ယူတာကြောင့် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ဒီလမှာတော့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်ယူမှုအနည်းငယ်လျော့လာတယ်လို့ သိရပါတယ်။ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်မှ ခရမ်းစွဲကြက်သွန်ဖြူကတော့ တောင်ပိုင်းကြက်သွန်ဖြူထက်တစ်လနောက်ကျပြီး စိုက်ရလို့ပြန်ထွက်ချိန်ကလည်း တစ်လနောက်ကျမှာဖြစ်ပါတယ်။ ပေါ်ကာစကြက်သွန်ဖြူမှာ အစိုဓာတ်တွေများနေသေးလို့ ဧပြီ/မေမှသာ စပြီးအရောင်းအဝယ်ဖြစ်နိုင်ပါတယ်။ လက်ကျန်လဲချားခရမ်းစွဲတွေကတော့ ပစ္စည်းကုန်သွားပြီး တစ်ပိဿာကိုကျပ် ၃၅၀၀နဲ့ ဈေးပိတ်သွားတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာကြက်သွန်ဖြူအောက်စတွေက ဈေးငြိမ်နေပြီး ထိပ်စကတော့ အရင်တစ်ပတ်ကထက် ကျပ် ၂၀၀ မှ ၃၀၀ ထိ ဈေးတက်လာပါတယ်။ ကြက်သွန်ဖြူတစ်ပိဿာ လတ်ခြားကျပ် ၄၀၀၊ ထူး-၁ ကျပ် ၅၀၀၊ ထူး-၂ ကျပ် ၆၅၀၊ ထူး-၃ ကျပ် ၁၁၀၀၊ ထူး-၄ ကျပ် ၁၇၀၀ ရှိတယ်လို့ သိရပါတယ်။


**ဇေခိုင် (တောင်ကြီး)**

# ပြည်ကြက်သွန်နီဈေးနှုန်းများ ကျဆင်း

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလျက်ရှိပါတယ်။ လက်လီ၊ လက်ကားပျမ်းမျှတစ်ပိဿာလျှင်ကျပ် ၃၀၀ခန့် ကျဆင်းသွားပါတယ်။ ဝင်ရောက်မှုအနေနဲ့ မကွေးတိုင်း၊ မန္တလေးတိုင်းတို့ရှိ ကြက်သွန်နီ စိုက်ပျိုးထွက်ရှိရာနယ်စုံမှ ဝင်ရောက်မှုရှိနေပြီး ယခုတစ်ပတ်အတွင်း တစ်ရက်လျှင် ပျမ်းမျှပိဿာ ၃၀ ဝင်အိတ် ၆၀၀ခန့်ဝင်ရောက်နေတာ တွေ့ရပါတယ်။ ဝင်ရောက်မှုများသလို အရောင်းအဝယ်မှာလည်း ပုံမှန်ထက်အနည်းငယ်သွက်နေတယ်လို့သိရပါတယ်။ အပူချိန်များပြီး ခြောက်သွေ့တဲ့ရာသီဖြစ်လာတဲ့အတွက် ဝင်ရောက်လာသော ကြက်သွန်နီများမှာ အစိုဓာတ်နည်း၍ အရည်အသွေးကောင်းလာသလို ဈေးနှုန်းလည်းကျဆင်းလာသောကြောင့် ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲသမားများ၊ စားသုံးသူပြည်သူများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ဝင်ရောက်မှုရဲ့ လေးပုံသုံးပုံခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်ပွဲရုံများ၌ လက်ကားတစ်ပိဿာလျှင် (ကြီး) ကျပ် ၁၅၅၀-၁၆၀၀၊ (လတ်) ကျပ် ၁၄၅၀-၁၅၀၀၊ (သေး) ကျပ် ၁၃၀၀-၁၄၀၀ တို့ရှိပြီး လက်လီဈေး အသေးများတွင် (ကြီး)ကျပ် ၂၀၀၀၊ (လတ်) ကျပ် ၁၈၀၀၊ (သေး) ကျပ် ၁၆၀၀ ဖြင့်ရောင်းချလျက်ရှိကာ ယခင်တစ်ပတ်လက်ကားဈေးတစ်ပိဿာလျှင် (ကြီး) ကျပ် ၁၉၀၀-၂၀၀၀၊ (လတ်)ကျပ် ၁၇၀၀-၁၈၀၀၊ (သေး) ကျပ် ၁၅၀၀-၁၆၀၀တို့ရှိပြီး လက်လီ ဈေး (ကြီး) ကျပ် ၂၄၀၀၊ (လတ်) ကျပ် ၂၀၀၀-၂၂၀၀၊ (သေး) ကျပ် ၁၉၀၀ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကျဆင်းလျက်ရှိကြောင်း သိရပါတယ်။ ဗမာကြက်သွန်နီဈေးနှုန်းများကျဆင်းပြီး အရည်အသွေး အနည်းငယ်ကောင်းလာသည့်အတွက် တရုတ်ကြက်သွန်နီအနေနှင့် ပြည်ဈေးကွက်အတွင်းပွဲရုံများတွင်သာ အနည်းငယ်တွေ့ရှိရပြီး လက်လီဈေးအသေးများတွင် ရောင်းချမှုမရှိတော့သည်ကိုတွေ့ရှိရပါတယ်။ ပွဲရုံများ၌ တရုတ်ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၆၀၀-၇၀၀ ရှိပြီး အရောင်းအဝယ်မှာ အနည်းငယ်သာရှိကြောင်း သိရှိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**



## ချင်း

# ရှမ်းချင်း အရောင်းသွက်

ဒီလမှာတော့ ရှမ်းချင်းက ဈေးကွက်ကိုအဝင်များနေပါတယ်။ နယ်အစုံကဝင်တဲ့ချင်းတွေကြောင့် အောင်ပန်းဈေးကွက်မှာလည်း ချင်း(စို)က အတော်ကိုအဝင်လှိုင်နေတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်က တစ်ဆင့် ရန်ကုန်၊ တပ်ကုန်း၊ ပြည်စတဲ့မြို့တွေကို ရောင်းချခဲ့ပြီး တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၇ ဒသမ ၉ပိဿာ ရောင်းချခဲ့ပါတယ်။ ပွင့်လင်းရာသီရောက်လာလို့ အလှူပွဲတွေမှာ အသုံးပြုရမယ့် ချင်းသုပ်အတွက် ထိုးချင်းသမားတွေက အဝယ်ရှိနေလို့ အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။ အောင်ပန်းချင်းက တစ်ပိဿာ အနိမ့်ဆုံးကျပ် ၃၇၀ မှ အမြင့်ဆုံးကျပ် ၄၃၀ ရှိကြောင်း သိရပါတယ်။ ချင်းခြောက်ကတော့တစ်ပိဿာကျပ် ၁၀၀၀ မှ ၁၁၀၀ ဈေးရှိပါတယ်။

ဟိုပုံးချင်းလည်း တောင်ကုတ်ဝယ်လက်တွေဝယ်ယူနေတာကြောင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ တစ်ပတ်ကိုပိဿာချိန် သုံးလေးသောင်းခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ ဒီနှစ်ကဟိုပုံးချင်း သိပ်မထွက်ပါဘူး။ ရာသီဥတုကြမ်းတာကြောင့် အထွက်နှုန်း အတော်လျော့လာတယ်လို့ ဒေသခံတွေထံမှသိရပါတယ်။



ချင်းခြောက်ကတော့လက်ကျန် သိပ်မရှိတော့ပါဘူး။ ချင်း(စို)တွေ ဈေးကောင်းနေရင် ချင်းခြောက်အဖြစ် ပြုလုပ်မှာမဟုတ်ပါဘူး။ ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာ ချင်း(စို)တစ်ပိဿာကျပ် ၃၅၀ ရှိတယ်လို့ သတင်းရရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

# စစ်တွေမှ ချင်းပိုမိုတင်ပို့

ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉၄၉၉၉ တန်ဖိုးရှိ ချင်းစို ၁၂၅ တန်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀တန်ခွဲနဲ့နှိုင်းယှဉ်ပါက ၁၁၄ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ စစ်တွေမှာ ချင်းစိုတစ်တန်ရဲ့မိမိဘက်ပေါက်ဈေးမှာ ငွေလဲနှုန်းအရကျပ် ၁၀၁၁၂၀၀ ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၁၀၂၅၂၄၀ ဈေးရှိခဲ့ပါတယ်။

**မော်မော်အောင်**

# ပင်လယ်ရေကြောင်းမှ ချင်းတင်ပို့အားကောင်း

ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၅၆၀ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၂၆ ဒသမ ၄တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၃၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၂၁၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ ယှဉ်ရင် တန်ချိန် ၃၅၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ချင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၀-၂၁၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၁၂၈၁ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

Vol: 18, No.9 Monday February 26 2018

# jrefm—w½ke . bvfy&Setvpo;

## qefajymif;olu;wifydkUrSKtajctaevHk;oHk;oyfjcif;





နယ်စပ်ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုပမာဏတိုးတက်ရေးတို့အတွက် အစဉ်အလာကောင်းများဖြင့်တည်ရှိနေသည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ နှစ်စဉ်နှစ်တိုင်း နယ်စပ်ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်ပေးနေတဲ့ ဇုန်ကြီးတစ်ခုဖြစ်သလို နယ်စပ်ဒေသများမှ တင်ပို့လျက်ရှိသည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာ၊ သကြား၊ ဖရဲသီး၊ သခွားမွှေးတို့အတွက် အဓိက ဈေးကွက်တည်ရှိရာ တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုအများဆုံး ပြုလုပ်နေတဲ့ဇုန်ကြီးလည်း ဖြစ်ပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏကို လေ့လာကြည့်မယ်ဆိုရင် ပို့ကုန်/သွင်းကုန် နှစ်ရပ်လုံးအတွက် တစ်နှစ်တာ ကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန်ဒေါ်လာသန်း ၅၅၇၀ သတ်မှတ်ထားရှိရာ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်အထိ မြေပြင်အမှန်ဆောင်ရွက်နိုင်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၄၉၅၄ သန်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ တစ်လကျော်ကာလအတွင်းမှာ အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော် ဆောင်ရွက်နိုင်မည်ဆိုပါက မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ကုန်သွယ်မှုပမာဏ လျာထားသတ်မှတ်ချက်ကို ပြည့်မီကျော်လွန်နိုင်မှာဖြစ်ပါတယ်။

ကုန်သွယ်မှုပမာဏ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍများ၊ လူမှုစီးပွားရေးကဏ္ဍများ၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်မှုများ၊ နိုင်ငံတော်အခွန်အခရရှိမှုများကို ဖန်တီးပေးနိုင်ပြီး နိုင်ငံတော်မှ ရှေ့ဆက်ဆောင်ရွက်မည့် ဒေသန္တရစီမံကိန်းသစ်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အပံ့ကောင်းများ ဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

နှစ်စဉ်ကုန်သွယ်မှုပမာဏတိုးတက်လျက်ရှိတဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် လျာထားချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာထွက်အဓိက ပို့ကုန်ပစ္စည်းအမယ်များဖြစ်သော ဆန်၊ ပြောင်း၊ သကြားတို့ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်နှင့်၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလ ၉ ရက်အထိ တင်ပို့ခဲ့သည့် မြေပြင်အမှန်ဆောင်ရွက်နိုင်မှုစာရင်းအရ တန်ချိန်၊ တန်ဖိုးများကို လေ့လာကြည့်လျှင်အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

**တန်ဖိုး-အမေရိကန်ဒေါ်လာသန်း**

| စဉ် | ကုန်ပစ္စည်းအမျိုးအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလ (၉) ရက်အထိ | |
|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ဆန် | ၆၂၇၄၈၉ | ၂၀၈ | ၁၂၂၂၃၉၄ | ၄၀၉ |
| ၂ | ပြောင်း | ၁၀၂၀၅၄၅ | ၁၉၅ | ၁၁၄၆၉၅၇ | ၂၃၃ |
| ၃ | Re-Export သကြား | ၂၀၆၂၁၄၉ | ၁၁၆၇ | ၇၇၆၄၀၂ | ၅၀၄ |

### ဆန်တင်ပို့မှု အခြေအနေပေါ်တွင် လေ့လာသုံးသပ်ခြင်း

ကုန်သွယ်မှုပမာဏ တိုးတက်လာသည်နှင့်အမျှ အဓိကတင်ပို့ရောင်းချနေသည့် ဆန်တင်ပို့မှုသည် လည်းနှစ်စဉ်တိုးတက်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် နှင့်၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇန်နဝါရီလအထိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် ဆန်တင်ပို့မှုအခြေအနေအား လေ့လာကြည့်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆၂၇၄၈၉ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၀၈ သန်း၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ဧပြီလမှဖေဖော်ဝါရီလ ၉ ရက်အထိ မြေပြင်အမှန်တန်ချိန် ၁၂၂၂၃၉၄ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၀၉ သန်းတို့တင်ပို့ခဲ့ပြီး နှိုင်းယှဉ်ပါက တန်ချိန် ၆၈၃၂၆၂ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၂၇ သန်း ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

တစ်ဖက်နိုင်ငံဈေးကွက်သို့ တင်ပို့မှုအများဆုံးဖြစ်တဲ့ ဧည့်မထ ၂၅ မှတ်ဆန်ရဲ့ ပြည်တွင်းဝယ်ဈေးနှုန်းမှာ ပျမ်းမျှအားဖြင့် တစ်တန်လျှင် ဒီဇင်ဘာလအတွင်းတွင် ၃၅၆ အမေရိကန်ဒေါ်လာနှုန်း၊ ဇန်နဝါရီလအတွင်းတွင် ၃၆၆ အမေရိကန်ဒေါ်လာနှုန်း၊ ဖေဖော်ဝါရီလ ၁၅ရက်အထိ ၃၆၈ အမေရိကန်ဒေါ်လာနှုန်းဖြစ်သဖြင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမှာတစ်လခွဲအတွင်း ၁၂ ဒေါ်လာခန့် မြင့်တက်ခဲ့ပြီး တစ်ဖက်နိုင်ငံပေါက်ဈေးမှာ ပျမ်းမျှအားဖြင့် တစ်တန်လျှင် ဒီဇင်ဘာလအတွင်းတွင် ၂၄၆၆ ယွမ်၊ ဇန်နဝါရီလအတွင်းတွင် ၂၄၈၅ ယွမ်နှုန်း၊ ဖေဖော်ဝါရီလ ၁၅ ရက်အထိတွင်ယွမ် ၂၄၈၀ ဖြစ်ပေါ်ခဲ့သဖြင့် ဇန်နဝါရီလအတွင်းတွင် ၁၉ ယွမ်ခန့် နှုန်းမြင့်တက်ခဲ့သော်လည်း ဖေဖော်ဝါ ရီလအတွင်းတွင်း တစ်ဖက်နိုင်ငံပေါက်ဈေးမှာ ငါးယွမ်ခန့် လျော့ကျသွားကြောင်း လေ့လာသိရှိရပါတယ်။ တရုတ်နိုင်ငံနှစ်သစ်ကူးကာလဖြစ်သဖြင့် တစ်ဖက်နိုင်ငံဝယ်ဈေးနှုန်း ကျသွားသော်လည်း ပြည်တွင်းဝယ်ဈေးမှာ အနည်းငယ်မြင့်တက်နေခဲ့ပြီး FOB လိုင်စင်ဈေးနှုန်းမှာလည်း တစ်တန်လျှင် ဖေဖော်ဝါရီလ ပထမပတ်တွင် ၃၄၅ ဒေါ်လာမှ ဒုတိယပတ်တွင် ၃၆၁ အမေရိကန်ဒေါ်လာသို့ တိုးမြင့်လျှောက်ထားလျက်ရှိကြောင်း သိရှိရပါတယ်။



လက်ရှိဖြစ်ပေါ်နေတဲ့ ဈေးကွက်အနေဖြင့် တရုတ်နှစ်သစ်ကူးအချိန်ဖြစ်သဖြင့် အရောင်းအဝယ်အေးလျက်ရှိသော်လည်း တစ်ရက်လျှင် ပျမ်းမျှတန်ချိန် ၁၅၀၀ မှ တန်ချိန် ၁၆၀၀ အထိ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရှိရပါတယ်။ တရုတ်နှစ်သစ်ကူးကာလကုန်ဆုံးပြီးချိန်တွင် ဆန်ဈေးတက်လာနိုင်သည်ကို မျှော်မှန်း၍ ဆန်ကုန်သည်များမှ ဂိုထောင်လက်ကျန် တန်ချိန် ၄၀၀၀၀ ခန့်ထားရှိ၍ ထိန်းညှိရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။ ကုန်ပစ္စည်းရောင်းဝယ်ရာတွင် တစ်ဖက်နိုင်ငံမှ ဆန်ဝယ်လက်များမှ မူဆယ်ဆန်စပါးကုန်စည်ဒိုင်သို့ လာရောက်ကြည့်ရှု၍ လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးယုံကြည်မှုအရ Online ဖြင့်လည်းကောင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ကုန်ဖိုးငွေပေးချေရာတွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချနိုင်သလို သုံးရက်ဆိုင်း၊ ခုနစ်ရက်ဆိုင်းတို့ဖြင့်လည်း ရောင်းချနိုင်ကြောင်း၊ ရက်ဆိုင်းစနစ်ဖြင့် ရောင်းချပါက ပေါက်ဈေးထက် ဈေးနှုန်းတိုးမြှင့်ဝယ်ယူလေ့ရှိ ကြောင်း သိရှိရပါတယ်။

တရုတ်နိုင်ငံအနေဖြင့် တစ်နှစ်လျှင် ဆန်တန်ချိန်နှစ်သန်းကျော် လိုအပ်လျက်ရှိသော်လည်း မြန်မာနိုင်ငံမှ တစ်နှစ်လျှင်ဆန် တန်ချိန်တစ်သန်းကျော်သာ တင်ပို့ရောင်းချနိုင်တဲ့အတွက် ဈေးကွက်တည်ရှိရာသို့ ကုန်ပစ္စည်းပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ တရုတ်နှစ်သစ်ကူးအချိန်ကာလ ဖြစ်သဖြင့် ဆန်တင်ပို့သည့်ယာဉ်စီးရေ၊ တန်ချိန်၊ တန်ဖိုးလျော့ကျသွားပြီး အရောင်းအဝယ်အေးသော်လည်း နှစ်ကူးကာလပြီးဆုံးချိန်တွင် တစ်ဖက်နိုင်ငံရဲ့ ဝယ်လိုအားရော ဈေးနှုန်းပါ မြင့်တက်လာနိုင်ပါ တယ်။ ယခုဆိုလျှင် မြန်မာနိုင်ငံအတွင်းတွင် နွေဆန်ပေါ်ချိန်ရောက်ရှိလာပြီဖြစ်ပြီး တရုတ်ဝယ်လက်များမှာ နွေဆန်ကို ပိုကြိုက်ကြသဖြင့် နှစ်သစ်ကူးပြီးချိန်လာမယ့်ကာလပိုင်းတွင် ဆန်ဈေးနှုန်းမြင့်မားလာ ပြီး ရောင်းလိုအား၊ ဝယ်လိုအားမျှတစွာဖြင့် တင်ပို့နိုင်မှုပမာဏ မြင့်မားလာမယ်လို့ လေ့လာသုံးသပ်မိပါတယ်။ နွေဆန်ထွက်ရှိချိန်တွင် ပုံမှန်တင်ပို့နေတဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက်ရော ဝယ်လိုအား ကြိုက်ဈေးကွက်ရှိတဲ့ နယ်စပ်ကုန်သွယ်ကုန်သွယ်မှုအတွက်ပါ ဆန်လိုအပ်ချက်များပြားလာပါက ဈေးနှုန်းမည်မျှအထိ မြင့်တက်သွားနိုင်တယ်ဆိုတာကိုတော့ ပြည်တွင်းထုတ်လုပ်နိုင်မှုနှင့် အရည် အသွေးအပေါ်များစွာမူတည်နေမယ်လို့ သုံးသပ်မိပါတယ်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလ ၉ ရက်အထိ) မြေပြင်အမှန်စာရင်းအရ နှိုင်းယှဉ်ပါက ဆန်တင်ပို့မှုမှာ တန်ချိန် ၆၈၃၂၆၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၇ သန်း ပိုမိုတင်ပို့နိုင်ခဲ့သလို ကျန်တစ်လကျော်ကာလအတွင်းတွင် ဖေဖော်ဝါရီလကုန်အထိ ပုံမှန်ဈေးနှုန်းဖြင့် အရောင်းအဝယ် အေးနိုင်သော်လည်း မတ်လပိုင်းတွင် ဈေးနှုန်းတက်ပြီး ယခင်နှစ်ထက် ပိုမိုတင်ပို့နိုင်မယ်လို့ ခန့်မှန်းရပါတယ်။

### ပြောင်းတင်ပို့မှု အခြေအနေပေါ်တွင် လေ့လာသုံးသပ်ခြင်း

မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ပစ္စည်းတစ်မျိုးဖြစ်တဲ့ ပြောင်းတင်ပို့မှုကို လေ့လာကြည့်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၀၂၀၅၄၅ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၉၅ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလ ၉ ရက်အထိ မြေပြင်အမှန်တန်ချိန် ၁၁၄၆၉၅၇ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၃၃ သန်းတို့ တင်ပို့နိုင်ခဲ့ပြီး နှိုင်းယှဉ်ပါက တန်ချိန် ၁၂၆၄၁၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ပြောင်းသီးနှံ အများဆုံးထွက်ရှိတဲ့ ယခုလိုအချိန်ကာလဟာဆိုရင် တစ်ဖက်နိုင်ငံသို့ ပြောင်းတင်ပို့မှု အများဆုံးအချိန်လည်းဖြစ်ပါတယ်။ ပြည်တွင်းပြောင်းဝယ်ဈေးနှုန်းမှာပျမ်းမျှအားဖြင့် ဒီဇင်ဘာလအတွင်း တွင်တစ်တန်လျှင် ၃၄၀၈၉၉ ကျပ်၊ ဇန်နဝါရီလအတွင်းတွင် ၃၅၅၇၀၈ ကျပ်နှုန်း၊ ဖေဖော်ဝါရီလ ၁၅ ရက် အထိ ၄၀၄၈၀၆ ကျပ်နှုန်း ဖြစ်ပေါ်ခဲ့သဖြင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမှာ နှစ်လအတွင်း တစ်တန်လျှင်ကျပ် ၆၀၀၀၀ ကျော်မြင့် တက်ခဲ့ပြီး တစ်ဖက်နိုင်ငံပေါက်ဈေးမှာ ပျမ်းမျှအားဖြင့် တစ်တန်လျှင် ဒီဇင်ဘာလအတွင်းတွင် ၁၆၇၂ ယွမ်၊ ဇန်နဝါရီလ အတွင်းတွင် ၁၇၄၇ ယွမ်၊ ဖေဖော်ဝါရီလ ၁၅ ရက်အထိတွင် ၁၉၇၅ ယွမ်နှုန်း ဖြစ်ပေါ်ခဲ့သဖြင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမှာနှစ်လအတွင်း ယွမ် ၃၀၀ ကျော် မြင့်တက်ခဲ့ကြောင်းလေ့လာတွေ့ရှိရပါတယ်။ အရောင်း အဝယ်ဈေးနှုန်းများ မြင့်မားလာသည်နှင့်အမျှ အခွန်ဆောင်သည့် နှုန်းမှာလည်း တစ်တန်လျှင် ဇန်နဝါရီလကုန်ပိုင်းတွင် ၂၁၄ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ၂၃၂ အမေရိကန်ဒေါ်လာသို့ တိုးမြှင့်ပေးဆောင်လျက်ရှိကြောင်း သိရှိရပါတယ်။

တရုတ်နိုင်ငံတွင် ပြောင်းကို စိုက်ပျိုးထုတ်လုပ်သော်လည်း ဈေးကွက်လိုအပ်သလောက် ထုတ်လုပ်ပေးနိုင်မှုမရှိဘဲ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ တိရစ္ဆာန်အစားအစာထုတ်လုပ်သည့် လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများအတွက် လိုအပ်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ လက်ရှိအနေအထားတွင် နေ့စဉ် ပျမ်းမျှ တန်ချိန် ၂၆၀၀ ကျော် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး ဂိုထောင်လက်ကျန် ချန်ထားမှုမရှိဘဲ ရောက်ရှိသည့် ကုန်ပစ္စည်းအားလုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။ တရုတ်နိုင်ငံအနေဖြင့် နှစ်စဉ်တန်ချိန် ၁ ဒသမ ၅ သန်းခန့် လိုအပ်လျက်ရှိသော်လည်း မြန်မာနိုင်ငံရဲ့ တင်ပို့ရောင်းချနိုင်မှုမှာ နှစ်စဉ်တန်ချိန် ၁ ဒသမ ၂ သန်းခန့်သာရှိနေ၍ ပိုမိုစိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**စာမျက်နှာ ၂၁ သို့**

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄သန်းကျော်တန်ဖိုးရှိဓာတ်ဆီ ၇၁၈၉ ဒသမ ၀၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၄ဒသမ ၂သန်းကျော်တန်ဖိုးရှိ ဒီဇယ် ၇၄၉၉၈ ဒသမ ၅၀ တန်၊ စုစုပေါင်း ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၈၂၁၈၇ ဒသမ ၅၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း(92)သာ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၇၄၈၆၀ နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီ ၆၇၆၇၀ တန်ကျော် အဝင်လျော့ခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၈၆၆၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီဇယ်တန်ချိန် ၁၁၆၁၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မြိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၂၃၃၈ တန်ဖိုးရှိ ဒီဇယ် ၁၄၃ ဒသမ ၂၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်ကျပ် ၈၁၀၊ အောက်တိန်း (92) ၇၇၅ ကျပ်၊ အောက်တိန်း(95) ကျပ် ၈၂၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၁၉ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၆၀၀၀၊ ရောင်းဈေး ကျပ် ၁၇၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင်ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၁၉ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာဈေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ်တစ်လီတာ ကျပ် ၈၃၀၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၅၀ ၊ အောက်တိန်း(92) တစ်လီတာကျပ် ၈၄၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၈၀၀၀၊ရောင်းဈေးကျပ်၁၇၀၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် ရောင်းဈေးဈေးငြိမ်ခဲ့သော်လည်း ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)ဈေးမှာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၃၀၀၀၊ ရောင်းဈေး ကျပ်၁၆၇၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ၂၃ ရက်တွင် ဝယ်ဈေး ဈေးငြိမ် ခဲ့သော်လည်း ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)၊ အောက်တိန်း(95)မှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင်မြင့်ဒီဇယ် ၈၇၅ ကျပ်၊ အောက်တိန်း(92) ၈၂၅ ကျပ်၊ အောက်တိန်း (95) ၈၆၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၀၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်း များမှာ ဒီဇယ်တစ်လီတာကျပ် ၈၉၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၁၀၊ အောက်တိန်း (92) ၈၇၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၄၀၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 23-2-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 62.70 | -0.07 | -0.11 |
| Brent Crude Futr (USD/bbl) | 66.28 | -0.11 | -0.17 |
| Gasoline Rbob Fut (Cent/gal) | 177.11 | 0.54 | 0.31 |
| Natural Gas Futr (USD/MMBtu) | 2.60 | -0.04 | -1.40 |
| Heating Oil Futr (Cent/gal) | 194.70 | -0.57 | -0.29 |

# ဒေါ်လာဈေး အတက်အကျနည်းခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဖေဖော်ဝါရီလတတိယပတ်အတွင်း ဈေးနှုန်းအတက်အကျဖြစ်မှုနည်းခဲ့ကြောင်း သတင်းရရှိသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၃၀ကျပ်မှ ၁၃၃၄ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း ပြင်ပဈေးကွက်တွင်မူ ဈေးနှုန်းအတက်အကျ ကြီးမားစွာဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ယခုတစ်ပတ်တွင် အမေရိကန်အစိုးရ၏ အစုရှယ်ယာဈေးနှုန်းများ မြှင့်တင်ရေးမူဝါဒအရ တိုင်းပြည်စီးပွားရေး တိုးမြှင့်စေရေးအတွက် ဆောင်ရွက်လာခြင်း၊ ကမ္ဘာ့စီးပွားရေးဈေးကွက်တွင်လည်း ရွှေဈေးကျလာခြင်းကြောင့် ဒေါ်လာငွေကြေးတန်ဖိုး အနည်းငယ်တက်ခဲ့ကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်တွင်အမေရိကန်ဒေါ်လာ အရောင်းအဝယ်ဖြစ်မှုပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဖေဖော်ဝါရီ ၁၉ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၀ ကျပ်၊ ဝယ်ဈေး ၁၃၂၂ ကျပ်၊ဖေဖော်ဝါရီ ၂၁ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၆ ကျပ်၊ ဝယ်ဈေး ၁၃၂၈ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ၂၃ရက် တွင် အမေရိကန် တစ်ဒေါ်လာ ရောင်း ဈေး၁၃၂၇ကျပ်၊ဝယ်ဈေး ၁၃၂၉ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

# ဈေးနှုန်းငြိမ်နေခဲ့တဲ့ ပြည်တွင်းရွှေဈေးကွက်

ဖေဖော်ဝါရီ တတိယပတ်ပြည်တွင်းရွှေဈေးကွက်အတွင်း ရွှေဈေးများ ငြိမ်သက်ခဲ့ပြီး အကျဈေးအနည်းငယ်ရှိခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ကျပ် ၉၄၀၀၀၀ကျော် ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ် ကုန်ဆုံးချိန်တွင် ကျပ် ၉၄၀၀၀၀ နီးပါး ဈေးဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ရွှေဈေးကွက်ကတော့ တရုတ်နှစ်သစ်ကူးကာလပြီးသွားတော့ ဈေးပြန်ကျလာတဲ့သဘောပါ။ အရောင်းအဝယ် ပုံမှန်မဟုတ်ဘူးလေ။ ကောင်းတဲ့ရက်ရှိသလို မကောင်းတဲ့ရက်လည်းရှိတယ်။ နောက်လတော့ ပုံမှန်ဈေးပြန်ဖြစ်သွားနိုင်တယ်" ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၁၉ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၄၅၀၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၁ ရက်တွင် ကျပ် ၉၄၃၀၀၀ ဝန်းကျင်သို့ ပြန်ကျလာခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျပ် ၉၄၁၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဖေဖော်ဝါရီ ၁၉ ရက်က တစ်အောင်စလျှင် ၁၃၅၀ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၁ ရက်တွင် တစ်အောင်စလျှင် ၁၃၂၈ အမေရိကန် ဒေါ်လာရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် ၁၃၂၆ အမေရိကန်ဒေါ်လာသို့ ထပ်မံကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# MCB အစုရှယ်ယာဈေး အနည်းငယ်ကျဆင်းမှု ဖြစ်ပေါ်ခဲ့

MCB အစုရှယ်ယာဈေးနှုန်းသည် ဖေဖော်ဝါရီ ၂၃ရက် ဈေးကွက်ပိတ်ချိန်တွင် ၁၀၀ ကျပ် ကျဆင်းခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MCB အစုရှယ်ယာများသည် ယခုလအစောပိုင်းကတည်းက အစုရှယ်ယာတစ်စုလျှင် ၈၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိရာမှ ဖေဖော်ဝါရီ ၂၁ ရက် နေ့လယ်တစ်နာရီ ဈေးကွက်ပိတ်ချိန်တွင် ၇၉၀၀ ကျပ်သို့ ကျဆင်းခဲ့ပြီးရက်သတ္တပတ် နောက်ဆုံးရက်များအထိ အဆိုပါဈေးနှုန်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကျန်အစုရှယ်ယာများ အနက် MTSH က ၂၉၅၀ ကျပ်ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၃ ရက် နေ့လယ်တစ်နာရီ ဈေးကွက်တွင် ကျပ် ၂၉၀၀သို့ ကျဆင်းခဲ့ပြီး FPB က ၂၆၅၀၀ကျပ်၊ TMH က ၃၀၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏အစုရှယ်ယာဈေးကွက် လက်ရှိအခြေအနေထက် ပိုမိုအောင်မြင်နိုင်စေရန် ဂျပန်နိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ သိရသည်။

**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 19-February | 16.56 | 3554.39 | 2179.32 | 7067.57 | 1010.00 |
| 20-February | 16.54 | 3576.21 | 2219.65 | 7036.49 | 1003.00 |
| 21-February | 16.39 | 3561.44 | 2190.56 | 6998.58 | 974.00 |
| 22- February | 16.45 | 3488.93 | 2190.78 | 6943.48 | 989.00 |
| 23- February | 16.56 | 3534.78 | 2201.36 | 7060.51 | 995.00 |

## Currency Exchange Rate

February 23, 2018

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.28 |
| BDT | Bangladesh Taka | 83.05 |
| CAD | Canada Dollars | 1.27 |
| CNY | China Yuan Renminbi | 6.34 |
| EUR | Euro | 0.81 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 64.85 |
| I DR | Indonesia Rupiahs | 13673.28 |
| JPY | Japan Yen | 106.93 |
| MYR | Malaysia | 3.91 |
| PKR | Pakistan Rupees | 110.99 |
| PHP | Philippines Pesos | 51.93 |
| RUB | Russia Rubles | 56.55 |
| SGD | Singapore Dollars | 1.32 |
| KRW | South Korea Won | 1078.69 |
| LKR | Sri Lanka Rupe | 155.29 |
| THB | Thailand Baht | 31.49 |
| GBP | United Kingdom Pounds | 0.72 |
| VND | VietnamDon | 22741.93 |

*Source:xe.com*

## World Gold Price

February-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 19 | 1351 | 1350 | 1349 |
| 20 | 1345 | 1343 | 1342 |
| 21 | 1331 | 1329 | 1329 |
| 22 | 1328 | 1326 | 1326 |
| 23 | 1332 | 1330 | 1329 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 19-2- 2018 | 944.80 | 944.70 |
| 20-2- 2018 | 944.50 | 944.00 |
| 21-2- 2018 | 943.00 | 942.50 |
| 22-2- 2018 | 942.50 | 942.00 |
| 23-2- 2018 | 942.00 | 942.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 19 | 6.35 | 31.37 | 82.98 | 64.59 |
| 20 | 6.35 | 31.45 | 82.98 | 64.51 |
| 21 | 6.34 | 31.55 | 83.15 | 64.85 |
| 22 | 6.35 | 31.61 | 83.05 | 65.03 |
| 23 | 6.34 | 31.49 | 83.05 | 64.85 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ရေလမ်းမှအဝင်လျော့ပြီး နယ်စပ်လမ်းမှအဝင်ပို

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၀၆၄ တန်ဖိုးရှိ ဘိလပ်မြေ ၅၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံတစ်နိုင်ငံတည်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ ၇၅ တန်နဲ့ နှိုင်းယှဉ်ရင် ဘိလပ်မြေ ၁၉ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၁၅၃၄၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၅၈၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၄၆၀ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် ရေကြောင်းလမ်းမှ ဘိလပ်မြေအဝင်လျော့ပြီး နယ်စပ်လမ်းမှအဝင်ပိုခဲ့တယ်လို့သိရပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ




**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့(မြန်မာ)က ကျပ်၅၀၊ စိန်(ထိုင်း)က ကျပ် ၅၀၀ ကျော် ဈေးမြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင်မြန်မာ ကျပ် ၄၇၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ကျပ် ၅၇၅၀နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** တရုတ်နှစ်ကူးပွဲတော်အပြီး ဈေးကွက်ထဲပစ္စည်းအဝင်သွက်လာသလို အရောင်းလည်းသွက်တယ်လို့ သိရပါတယ်။အရောင်းအဝယ်သွက်ပေမယ့် ဈေးတော့ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံးကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၇၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ မော်လမြိုင်ဆင်ကျပ် ၅၉၀၀၊ ခရောင်းကျပ် ၅၀၀၀၊အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အပါချီနဲ့ကြံ့ဘိလပ်မြေက ဈေးနည်းနည်းမြင့်ပြီး ကျန်ဘိလပ်မြေက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၀၀၀၊ စိန်(ထိုင်း)ကျပ်၆၁၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ခတ်မြေပြဲ

# မြေပြဲဇာတန်ချိန် ၂၀၀၀ကျော်သာဝင်

ဖေဖော်ဝါရီ ၁၁ မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ဒသမ ၆ သိန်းကျော်တန်ဖိုးရှိ မြေပြဲဇာ ၂၀၂၁ ဒသမ ၁၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်ထိုင်းနိုင်ငံမှ ၈၆၁တန်၊ အီတလီနိုင်ငံမှ ၇၂ တန်၊ ဂျပန်နိုင်ငံမှ ၅၁ တန်၊ တရုတ်နိုင်ငံမှ ၃၃၇ ဒသမ ၅၀ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၅၀၀ နဲ့ နော်ဝေနိုင်ငံမှ ၁၉၉ ဒသမ ၆၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ အော်ဂဲနစ်၊ ယူရီးယား၊ ခတ်ဆားနဲ့ ကွန်ပေါင်း ၁၅ ပတ်လည်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေပြဲဇာတန်ချိန် ၈၄၅၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၆၄၃၀ကျော်အဝင်လျော့ခဲ့တယ်လို့ သိရှိရပါတယ်။

# အရောင်းအဝယ်အေးနေတဲ့ မြေပြဲဇာဈေးကွက်

ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အထိ နယ်စပ်လမ်းမှ မြေပြဲဇာအဝင်မှာ တန်ချိန် ၁၄၂၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၇၅၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၃၈၀ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှ မြေပြဲဇာအဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊တောင်ကြီးနဲ့ မကွေးမှာ အရောင်းအေးပြီး မန္တလေးမှာအရောင်းနည်းနည်းဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်နည်းနည်းအေးပြီး ဈေးတော့ ငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၄၀၀၀၊ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြွားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ယူရီးယား-ပုလဲက ဈေးနည်းနည်းလျော့ပြီး မြွားကမ္ဘာက ကျပ် ၈၀၀ ဈေးမြင့်ကာ ကျန်မြေပြဲဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၅၆၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၆၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြွားကမ္ဘာကျပ် ၁၅၈၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေပြဲဇာအရောင်းပါးတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ယူရီးယား-ပုလဲက ဈေးနည်းနည်းကျကာ ကျန်မြေပြဲဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ်၂၅၀၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ်၂၅၀၀၀၊ဇာမဏီကျပ်၁၇၂၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ကျပ် ၁၈၀၀၀၊ မြွားကမ္ဘာ(၁၅း၇း၈)ကျပ်၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်နည်းနည်းဖြစ်ပေမယ့် ဈေးအပြောင်းအလဲသိပ်မရှိဘူးလို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင် - တရုတ်)ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၆၀၀၊ တီစူပါ ၄၆%တရုတ် ကျပ် ကျပ် ၂၂၀၀၀၊ မြွားသီးစုံ ကျပ် ၁၄၈၀၀၊ ပန်းသီးစုံ ကျပ် ၁၅၆၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၆၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီ၊နို့မှုန့် အဝင်လျော့

ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၅၁၆၀၀ တန်ဖိုးရှိ နို့ဆီ ၄၃ ဒသမ ၇၇၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ နို့ဆီတစ်မျိုးသာတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန် ၅၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၅၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ယူကေနိုင်ငံမှ သုည ဒသမ ၆၃ တန်၊ နယူးဇီလန်နိုင်ငံမှ ၂၉ ဒသမ ၉၇၅ တန်နဲ့ မလေးရှားနိုင်ငံမှ ၄၅ ဒသမ ၂၄ တန် ၊ စုစုပေါင်း ၇၅ ဒသမ ၈၄၅ တန် တန်ကို တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၁၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၂ မှ ၁၆/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၂ မှ ၉/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၃၂.၀၄ | (-) | ၃၂.၀၄ |
| ၂။ | လွယ်ဂျယ် | ၄၂၄.၀၀ | ၃၃၀.၀၀ | (+) | ၉၄.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၄၁၉.၀၀ | ၂၄၆၅.၅၀ | (-) | ၁၀၄၆.၅၀ |
| ၅။ | တာချီလိတ် | ၁၀၅၀၀.၀၀ | ၁၀၀၀.၀၀ | (+) | ၉၅၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | မြိတ် | ၃၀၀၀.၀၀ | ၂၀၀၀.၀၀ | (+) | ၁၀၀၀.၀၀ |
| | စုစုပေါင်း | ၁၅၃၄၃.၀၀ | ၅၈၇၈.၃၄ | (+) | ၉၄၆၄.၆၆ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေပြဲဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၂ မှ ၁၆/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၂ မှ ၉/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၃၀၅.၆၀ | ၁၂၁၄၃.၄၀ | (-) | ၄၈၃၇.၈၀ |
| ၂။ | လွယ်ဂျယ် | ၂၈.၀၀ | - | (+) | ၂၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၉၀.၀၀ | ၇၁.၅၀ | (+) | ၁၈.၅၀ |
| ၄။ | ကန်ပိုက်တီး | - | ၁၂၀.၀၀ | (-) | ၁၂၀.၀၀ |
| ၅။ | မြဝတီ | ၄၁၂၈.၀၅ | ၂၇၉၈.၅၅ | (+) | ၁၃၂၉.၅၀ |
| ၆။ | ကော့သောင်း | ၁၃၀.၀၀ | - | (+) | ၁၃၀.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၆၅၀.၀၀ | ၂၄၅၀.၀၀ | (+) | ၂၀၀.၀၀ |
| | စုစုပေါင်း | ၁၄၃၃၁.၆၅ | ၁၇၅၈၃.၄၅ | (-) | ၃၂၅၁.၈၀ |

ခင်မိုးသူ

## နှမ်း/ပြောင်း

### ချင်းရွှေဟော်စခန်းတစ်ခုတည်းမှသာ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၂၃၀ သန်းတန်ဖိုးရှိ နှမ်းနက်တန် ၁၁၀ နဲ့ နှမ်းညို (အခွံချွတ်) ၈၅ တန် စုစုပေါင်း ၁၉၅ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၀၄ တန်နဲ့ နှိုင်းယှဉ်ပါက ၁၂၀၉ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ် နှမ်းတင်ပို့မှု မရှိပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာ အဆိုပါ ရက်သတ္တပတ်အတွင်း နှမ်းဖြူ တစ်တန်လျှင် ကျပ် ၁၈၅၀၀၀၀၊ နှမ်းနက်တစ်တန်လျှင် ၁၉၅၄၁၆၇ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### တရုတ်နယ်စပ်ရော ထိုင်းနယ်စပ်မှပါ ပြောင်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းသုံးခုမှ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၂၄ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၈၈၆၆ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၈၁၁၄ တန်၊ လွယ်ဂျယ်မှ ၆၀၂ တန်ခွဲနဲ့ ကန်ပိုက်တီမှ တန် ၁၅၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းများမှ ပြောင်းတန်ချိန် ၂၃၀၃၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၁၆၆ တန်ခွဲ လျော့နည်းခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ရော ယခုတစ်ပတ်မှာပါ ပြောင်းတစ်တန်လျှင် ၃၀၈၃၃၃ ကျပ်ဈေးရှိကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၂၈၁ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၅၀၉ စီးလျော့နည်းခဲ့ကြောင်း၊ မန္တလေး-မူဆယ်သို့ ပြောင်းသယ်ယူစရိတ်မှာ တစ်ပိဿာလျှင် ၅၅-၅၇ ကျပ်ရှိကြောင်း၊ တရုတ်နှစ်ကူးကာလဖြစ်လို့ ပြောင်းတင်ပို့မှု လျော့နည်းရတာဖြစ်ကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၆၄၅၉ တန်ဖိုးရှိ ပြောင်းဖူးစေ့ တန် ၂၀၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၁၂၀ နဲ့နှိုင်းယှဉ်ပါက တန် ၈၀ ပိုမိုတင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### အထွက်နှုန်းခန့်မှန်းသလောက် မကျဆင်းသဖြင့် မလေးရှားစားအုန်းဆီဈေးကျ

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် ဖေဖော် ဝါရီ ၂၂ ရက်ညနေပိုင်းက ပြန်လည်ကျဆင်းခဲ့သည်။ စားအုန်းဆီဈေးသည် ထိုနေ့မွန်းတည့်ချိန်က အနည်းငယ်မြင့်တက်ခဲ့သော်လည်း စားအုန်းဆီထုတ်လုပ်မှုသည် မူလခန့်မှန်းထားသလောက် ကျဆင်းမှုမရှိသည့်အတွက် ဈေးကွက်အပေါ် ယုံကြည်မှုပြန်လည် ကျဆင်းကာ ညနေဘက်ဈေးပိတ်ချိန်တွင် ဈေးနှုန်း အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။

ရင်းဂစ်တန်ဖိုးကျဆင်းမှုနှင့် အမေရိကန်နိုင်ငံ ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးနှုန်းများ နေ့အလိုက် မြင့်တက်ခဲ့သဖြင့် ထိုနေ့နံနက်စောစောပိုင်း စားအုန်းဆီဈေးပါ မြင့်တက်ခဲ့သည်။ စားအုန်းဆီ ရောင်းဝယ်ရာတွင် အသုံးပြုသော ရင်းဂစ်တန်ဖိုး ကျဆင်းပါက အခြားနိုင်ငံခြားငွေဖြင့် ဖလှယ်၍ ဝယ်ယူရသော ဝယ်လက်များအတွက် စားအုန်းဆီဈေးသည် ဈေးသက်သာနေတတ်သည်။

"ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် မေလအတွက် ကြိုတင်ဝယ်ယူသော အခြေခံစံထားဈေးနှုန်းမှာ ဈေးသိမ်းချိန်တွင် စားအုန်းဆီဈေးမှာ သုညဒသမ ၀၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၄၈၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၅ ဒသမ ၅၀) နှုန်းရှိခဲ့သည်။ ဖေဖော်ဝါရီ ၂၂ ရက်က ညနေပိုင်းဈေးပိတ်သိမ်းချိန်ထိ ရောင်းချရသော ပမာဏမှာ ၂၅ တန်ရှိအတွဲ ၄၀၁၅၄ တွဲရှိခဲ့သည်။

"မလေးရှားစားအုန်းဆီအသင်းရဲ့ ထုတ်ပြန်ချက်အရ စားအုန်းဆီထုတ်လုပ်တဲ့ ပမာဏဟာ မူလခန့်မှန်းထားသလောက် မကျဆင်းခဲ့ပါဘူး" ဟု ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ဖေဖော်ဝါရီ ၁ရက်မှ ၂၀ ရက်အထိ ကိန်းဂဏန်းကို ရည်ညွှန်း၍ ပြောသည်။ ယခင်လ ကာလတူနှင့် နှိုင်းယှဉ်ပါက ထုတ်လုပ်မှု ၆ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

"ဈေးကွက်က ခန့်မှန်းထားတာက ဆယ်ဂဏန်းနဲ့ ကျဆင်းလိမ့်မယ်။ ခုဂဏန်းဖြစ်ရင်လည်း ဂဏန်းပမာဏကြီးမယ်လို့ ယူဆထားပါတယ်" ဟု ၎င်းကပြောသည်။

ကမ္ဘာပေါ်တွင် စားအုန်းဆီကို ဒုတိယအများဆုံး ထုတ်လုပ်သော မလေးရှားနိုင်ငံ၏ထုတ်လုပ်မှုမှာ ရာသီဥတုအခြေအနေအရလည်းကောင်း၊ ဖေဖော်ဝါရီတွင် အလုပ်ဆင်းရက်နည်းသည့်အတွက်ကြောင့် လည်းကောင်း ယခင်လနှင့် နှိုင်းယှဉ်ပါက များစွာကျဆင်း လိမ့်မည်ဟု ခန့်မှန်းထားသည်။

အခြားဆီ တစ်မျိုးဖြစ်သော ပဲပုပ်ဆီဈေးမှာ ချီကာဂိုရောင်းဝယ်ရေးဘုတ်အဖွဲ့တွင် မတ်လအတွက် ကြိုရောင်းဈေးမှာ သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်တွင် မေအတွက် ပဲပုပ်ဆီ၏ ကြိုရောင်းဈေးမှာ သုညဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဒါလီယံကုန်စည်ဒိုင်တွင် စားအုန်းဆီဈေးမှာ သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် စားအုန်းဆီသည် အခြားစားသုံးဆီများနှင့် ဈေးကွက်ယှဉ်ပြိုင်နေရသည့်အတွက် အခြားစားသုံးဆီ ဈေးအတက်အကျက စားအုန်းဆီဈေးအပေါ်တွင် ဂယက်ရိုက်ခတ်တတ်သည်။

**ညဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၂၃-၂-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၂၀၀ | ၅၆၀၀ | △ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၅၀၀ | ၄၇၀၀ | △ | ၅၀၀၀ | ၅၃၀၀ | △ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၃၀၀ | ၄၄၀၀ | △ | ၄၃၀၀ | ၄၃၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၃-၂-၂၀၁၈ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီဒုတိယပတ် | ဖေဖော်ဝါရီတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၃၆.၀၀ | ၆၄၇.၀၀ | △ |
| RBD P.Olein | ၆၄၈.၀၀ | ၆၅၄.၀၀ | △ |
| RBD P.Stearin | ၆၅၆.၅၀ | - | - |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၃-၂-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၃၆.၇၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၆၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၂၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၄.၁၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၈၃.၂၆၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၃-၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8˚C Max ၇၀၅ ဒေါ်လာနှင့် USD ဈေး ၁၃၃၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၃-၂-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အကြောင်း

မနေ့က ကျွန်တော့်အိမ်ရှိသားနှင့်သမီးတို့က ငြင်းခုံနေကြသည်။ နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးပါးစလုံးလူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ အဆင့်အတန်းမရွေးအသုံးပြုသည့် ပစ္စည်းနှစ်မျိုးကိုပြောပြပါဟု စကားနိုင်လုနေသည်။ ဘာအဖြေများပေးမလဲဟု ကျွန်တော်နားစွင့်နေမိသည်။ အမေးခံရသော သားငယ်သည် အချိန်အတန်ကြာ စဉ်းစားသော်လည်း သူ့ညီမမေးသောမေးခွန်းအား မဖြေနိုင်၍ အရှုံးပေးတယ်၊ နင့်အဖြေပြောဟု ပြောသံကိုကြားရသည်။ သမီးငယ်က မသေမချင်းမှတ်ထား ထီးနှင့်အနွေးထည်ဟု ဖြေလိုက်သည်။ သားငယ်မှဘာဆိုင်လို့လဲဟု ပြန်မေးသံကိုလည်းကြားရသည်။ သမီးငယ်မှဆိုင်တာပေါ့နွေရာသီမှာနေပူတော့အပူဒဏ်သက်သာအောင်၊ အလှအပပျက်စီးမှာစိုး၍ ထီးမဆောင်းကြဘူးလား၊ မိုးရာသီတွင်မိုးမစိုအောင်၊ နာမကျန်းမဖြစ်အောင် ထီးမဆောင်းကြဘူးလား၊ ဆောင်းရာသီတွင် အအေးဒဏ်ခံနိုင်အောင်၊ ခန္ဓာကိုယ်နွေးနွေးထွေးထွေးဖြစ်အောင် အနွေးထည်မဝတ်ကြဘူးလားဟုပြန်ပြောမှ သားငယ်သည်မကျေမနပ်ဖြင့် ဟုတ်သလိုလိုရှိသားဟု ပြန်ပြောသံကို ကြားရသည်။

ကျွန်တော်လည်းသားငယ်နှင့် သမီးငယ်တို့၏ ကြံကြံဖန်ဖန်စကားနိုင်လုနေသည်ကို ကြားရ၍ ကျေနပ်မိသည်။ စားသုံးသူရေးရာဦးစီးဌာန၏ လိုဂိုဖြစ်သည့် အပြာရောင်ထီးတစ်ချောင်း၏ အောက်မှာ လူကြီးလူငယ်များစွာကို အကာအကွယ်ပေးနေသည့် ပုံလေးအားသွား၍မြင်မိသည်။ ကျွန်တော်တို့ စားသုံးသူရေးရာဦးစီးဌာနသည် အမှတ်တံဆိပ်ပါအတိုင်း မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ အဆင့်အတန်းမရွေး စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများရရှိသုံးစွဲနိုင်ရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း၍ စစ်ဆေးပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ မြန်မာနိုင်ငံရှိ ၅၁သန်းကျော်သော ပြည်သူများ သက်ရှည်ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့နေနိုင်ကြမည်ဖြစ်ပါသည်။




ကမ္ဘာ့နိုင်ငံများတွင် စားသုံးသူများ၏ စားသုံးသူရေးရာအခွင့်အရေးများ ပိုမိုရရှိရေး၊ဘေးဥပဒ်အန္တရာယ်ကင်း ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ စိတ်ကျေနပ်မှုရရှိစေသော၊ အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မား၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများရယူသုံးစွဲနိုင်ရန် နှစ်စဉ် မတ်လ ၁၅ ရက်ရောက်တိုင်း ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို နှစ်စဉ်ကျင်းပ၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း စားသုံးသူရေးရာဦးစီးဌာနမှဦးစီး၍ ပထမအကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၆ခုနှစ် မတ်လ ၂၆ ရက်တွင် ရန်ကုန်မြို့တွင်လည်းကောင်း၊ ဒုတိယအကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနားကို ၂၀၁၇ခုနှစ် မတ်လ ၁၅ ရက်မှ ၁၇ရက်အထိ မန္တလေးမြို့၊ မြို့တော်ခန်းမတွင်လည်းကောင်း၊ တတိယအကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနားကို ၂၀၁၈ခုနှစ် မတ်လ ၁၅ ရက်တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းစင်တာ (MICC-2 )တွင် နိုင်ငံတော်အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အောင်မြင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ အာဆီယံနိုင်ငံများ၏ ကောင်းမွန်၍ အောင်မြင်မှုရရှိသော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအတိုင်း မြန်မာနိုင်ငံရှိ ပြည်သူများအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများ လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ငွေကြေးဆုံးရှုံးနစ်နာမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် အကာအကွယ်ပေးနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)ကို ပြဋ္ဌာန်း၍ ဥပဒေနှင့်

**နိုင်ဦး (DOCA)**

အညီ အကာအကွယ်ပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကုန်စည်ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချသူတချို့၏ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိခြင်းကြောင့် စားသုံးသူပြည်သူ အမြောက်အမြားသည် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှုမရှိသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကြောင့် ရောဂါဆန်းများ၊ သေကြေဒဏ်ရာရရှိမှုများကို အလူးအလဲခံစားခဲ့ရသည်။ အခြားဖွံ့ဖြိုးပြီးနိုင်ငံများရှိ စားသုံးသူပြည်သူများကဲ့သို့ အခွင့်အရေးမရ၊ တိုင်တန်းရန်နေရာမရှိ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများကိုသိလျက်နှင့် ရင်စည်းခံစားခဲ့ကြရသည်။ ယခုမူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေး ရေးဥပဒေ (၂၀၁၄) ပါပြဋ္ဌာန်းချက်များနှင့်အညီ တစ်နိုင်ငံလုံးလွှမ်းခြုံကာ အချိန်ယူအသိပညာပေးဆောင်ရွက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသဖြင့် စားသုံးသူ များ၊ စားသုံးသူအခွင့်အရေးအရ ရရှိမည့်အကျိုးခံစားခွင့်များ၊ ကုစားပိုင်ခွင့်များကို ပိုမိုသိရှိလာကြသည်။ စားသုံးသူရေးရာဦးစီးဌာနနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ တွင် ပိုမိုပူးပေါင်းပါဝင်လာကြသည်။ နစ်နာဆုံးရှုံးမှုများကို အချိန်နှင့် တစ်ပြေးညီတိုင်တန်းလာကြသည်။ စားသုံးသူအကာအကွယ်ပေးရေးအတွက် အလေ့အကျင့်ကောင်းများ ပိုမိုရရှိလာကာ စားသုံးသူအခွင့်အရေးများကို ပိုမိုနားလည်လာကြသည်။

## pm;oHk;olt cGifha&;rsm; t p

ကမ္ဘာပေါ်တွင် ရှေးယခင်က လက်ခံကျင့်သုံးခဲ့ကြသော Caveat Emptor ( ဝယ်ယူသောပစ္စည်း ကောင်းမကောင်းစစ်ဆေးကြည့်ရှုရန်မှာ ဝယ်ယူသူ၏ တာဝန်သာဖြစ်သည်) သို့မဟုတ် Let The Buyer Beware (ဝယ်သူများသာ သတိပြုရန်) စသည့် ဥပဒေသများသည် စားသုံးသူအကာအကွယ်ပေးရေးကို စိုးမိုးချုပ်ကိုင်ထားခဲ့ကြသည်။ တစ်နည်းဆိုရလျှင် စားသုံးသူများသည် မမျှတသည့်ကုန်စည်များနှင့် လိမ်လည်ရောင်းချသည့် ကုန်စည်များ၏အကျိုးသက်ရောက်မှုများကိုမိမိထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ရန်အခွင့်အရေးမရကြပေ။ဝယ်ယူခြင်းမပြုမီ(သို့မဟုတ်) အသုံးပြုခြင်းမပြုမီ ကြည့်ရှုစစ်ဆေးသည့် အလေ့အကျင့်များ ပြုလုပ်ခွင့်မရရှိကြပေ။ ကုန်သည်လုပ်ငန်းရှင်များ၏ စိတ်ကြိုက်ရောင်းချသောပစ္စည်းများကိုသာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝယ်ယူသုံးစွဲခဲ့ကြရသည်။

နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှု ပိုမိုများပြားလာခြင်းကြောင့် သက်ဆိုင်ရာအစိုးရများက စားသုံးသူအခွင့်အရေးရရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းထုတ်ပြန်ကာ တားမြစ်လာကြသည်။ သို့သော်လုံး လုံးလျားလျား အောင်မြင်မှုများရရှိမှုနည်းပါးခဲ့သည်။ စားသုံးသူပြည်သူများသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ ကုန်စည်ထုတ်လုပ်ရောင်းချဖြန့်ဖြူးသူများသည် ရိုးသားသောစားသုံးသူများကို Media လုပ်ငန်းများအသုံးပြု၍ လိမ်လည်လှည့်ဖြား ရောင်းချနေမှုများကို ဆက်လက်ဆောင်ရွက်နေဆဲပင် ဖြစ်သည်။ စားသုံးသူအခွင့်အရေးများအား အပြည့်အဝရရှိစေရေးအတွက် အကာအကွယ်ပေးမည့် ထိရောက်လုံလောက်သော စည်းမျဉ်း၊ ဥပဒေများမရှိသဖြင့် စားသုံးသူနှင့် ထုတ်လုပ်သူများကြားတွင် ပြဿနာများ ပိုမိုကြီးထွားကျယ်ပြန့်လာပါသည်။

ထို့ကြောင့်ပင် စားသုံးသူများအား စားသုံးသူအခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် ကုန်စည်ထုတ်လုပ်သူလုပ်ငန်းရှင်တို့၏ ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မသမာပြုမှုမှ ကာကွယ်ရန် ၁၉၀၆ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ကွန်ဂရက်မှအစားအသောက်နှင့်ဆေးဝါးသီးသန့်အက်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၈) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) တွင် ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ပါ တယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက (၁/၂၀၁၈)ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဇန်နဝါရီလအတွင်း ဆက်စပ်ဌာနများဖြင့်ပူးပေါင်း၍ မြို့နယ်များသို့ အသိပညာပေးဟောပြောပွဲနှင့်ကွင်းဆင်းစစ်ဆေးမှုပြုလုပ်ခဲ့သည့်အခြေအနေ၊ အန္တရာယ်ဖြစ်စေမည့် ဓာတုဆိုးဆေးများ ထုတ်လုပ်ရောင်းချနေမှုနှင့်ပတ်သက်၍ အသိပညာပေးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနအဖွဲ့တို့မှ တာဝန်ယူဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ ဌာနမှ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါတယ်။ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်က ဇန်နဝါရီလအတွင်း စားသုံးသူများ၏တိုင်ကြားစာများတွင် ဝန်ဆောင်မှုလေးခု၊ စားသောက်ကုန်သုံးခု၊ လူသုံးကုန်တစ်ခုတို့ကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည့်အခြေအနေ၊ ထုတ်ကုန် များလုံခြုံစိတ်ချရမှုရှိစေရန် ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ ကွင်းဆင်းအသိပညာပေးခြင်း၊ ခံဝန်ကတိလက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အခြေအနေ၊ ဌာနမှရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များကို ဆွေးနွေးတင်ပြခဲ့ကြောင်းသတင်းရရှိပါတယ်။

**လဲ့လဲ့ငွေး (စားသုံးသူ)ရန်ကုန်**

# မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## အိန္ဒိယအစိုးရက နွေရာသီစိုက် မတ်ပဲနှင့် ပဲတီစိမ်းများကို MSP ဈေးနှုန်းများဖြင့် ရူပီး ၃၀၇၇ ကုဋေဖိုးအထိ ဝယ်ယူထားပြီးဖြစ်

အိန္ဒိယအစိုးရအနေဖြင့် ၂၀၁၇-၂၀၁၈ နွေရာသီတွင် ဈေးနှုန်းအထောက်အကူပြုစီမံချက် (Price Support Scheme - PSS) အရ ရူပီး ၃၀၇၇ ကုဋေတန်ဖိုးရှိ မတ်ပဲနှင့် ပဲတီစိမ်း တန်ချိန် ၅ ဒသမ ၆ သိန်းကျော်ကို MSP ဈေးနှုန်းများဖြင့် ဝယ်ယူထားပြီးဖြစ်သည်ဟု အစိုးရက ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရှိရသည်။

အိန္ဒိယအစိုးရ၏ ဈေးနှုန်းအထောက်အကူပြု စီမံချက် အရ ဈေးကွက်ပေါက်ဈေးများမှာ သတ် မှတ်ထားသည့် MSP ဈေးနှုန်းအောက်သို့ ကျဆင်းချိန်တွင် တောင်သူလယ်သမား များအား အကာအကွယ်ပြုနိုင်ရန်အတွက် အစိုးရမှဝယ်ယူမှု များကို ပြုလုပ်ပေးခြင်းဖြစ်ပြီး ဇန်နဝါရီ ၃၀ ရက်အထိ အစိုးရ ကိုယ်စား စိုက်ပျိုးရေးသမဝါယမအသင်းများနှင့် ပြည်နယ် အေဂျင်စီများက Telangana၊ အင်ဒရာပရာဒေ့ရှ်၊ ကာနာတာ ကာ၊ ရာဂျက်စသန်၊ မဟာရာရှ္တြာ၊ ဂူဂျာရတ်နှင့် ဥတ္တရာ ပရာဒေ့ရှ်ပြည်နယ်တို့မှ မတ်ပဲနှင့်ပဲတီစိမ်းတန်ချိန် ၅၆၀၃၃၅ ခန့်ကို ဝယ်ယူခဲ့ကြောင်း သိရသည်။

ယင်းတို့အနက် ရာဂျက်စသန်ပြည်နယ်တွင် မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် ၃၉၃၀၅၉ ခန့်ဖြင့် အများဆုံးဝယ်ယူထားပြီး မဟာရာရှ္တြာပြည်နယ်တွင် တန်ချိန် ၆၄၀၅၉ ခန့်ကိုလည်း ကောင်း၊ ကာနာတာကာပြည်နယ်တွင် တန်ချိန် ၃၅၀၈၅ ခန့်ကို လည်းကောင်း အသီးသီးဝယ်ယူထားကြောင်း၊ ဂူဂျာရတ်နှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တို့တွင် မတ်ပဲတစ်မျိုးတည်းကိုသာ ဝယ်ယူထားပြီး တန်ချိန် ၁၉၅၅၀ နှင့် ၁၇၄၃၄ အသီးသီး ဝယ် ယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ဝယ်ယူရာတွင် အစိုးရကိုယ်စား စိုက်ပျိုးရေး သမဝါယမအသင်းများ၊ ဗဟိုအေဂျင်စီများနှင့် ပြည်နယ် အေဂျင်စီများမှ တာဝန်ယူဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်ခုနစ်ခု အတွင်းရှိဝယ်ယူရေးစင်တာပေါင်း ၄၇၂ ခု၌ လက်ခံဝယ်ယူခဲ့ ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ပဲမျိုးစုံထုတ်လုပ်မှုများ ပိုမိုမြင့်တက်လာ ခြင်းကြောင့် ပဲဈေးနှုန်းများမှာလည်း သိသိသာသာကျဆင်း ခဲ့ပြီး ပြည်တွင်းတောင်သူလယ်သမားများကို ကာကွယ်ရန် အတွက် ပဲမျိုးစုံတင်သွင်းမှုအပေါ် ကန့်သတ်မှုများကို အိန္ဒိယ အစိုးရကချမှတ်ထားသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ ၂၀၁၇-၁၈ ခုနှစ် နွေသီးနှံရာသီတွင် မတ်ပဲထုတ်လုပ်မှုတန်ချိန် ၂ ဒသမ ၅၃ သန်းသို့ တိုးမြင့်လာဖွယ်ရှိကြောင်း၊ ၂၀၁၆-၁၇ အလားတူ ကာလတွင် တန်ချိန် ၂ ဒသမ ၁၇ သန်းသာ ထုတ် လုပ်နိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ် နွေသီးနှံရာသီ၌ ပဲတီစိမ်း တန်ချိန် ၁ ဒသမ ၆၂ သန်းထုတ်လုပ်နိုင်ခဲ့သော်လည်း ယခု နှစ်တွင် တန်ချိန် ၁ ဒသမ ၃၂ သန်းသို့လျော့နည်းကျဆင်းဖွယ်ရှိ သည်ဟု ကနဦးခန့်မှန်းထားကြောင်း၊ သို့ရာတွင် ထုတ်လုပ်မှု အချက်အလက်များကို ထပ်မံခန့်မှန်းထုတ်ပြန်သွားမည်ဖြစ် ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်နှစ် သီးနှံရာသီ နွေနှင့် မိုးနှစ်ခု ပေါင်းအနေဖြင့် ပဲမျိုးစုံတန်ချိန် ၂၃ သန်းခန့်အထိ စံချိန်တင် ထုတ်လုပ်နိုင်ခဲ့ပြီး လက်ရှိ ၂၀၁၇-၁၈ သီးနှံရာသီတွင်လည်း အလားတူ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## အိန္ဒိယအစိုးရက သကြားသွင်းကုန်ခွန်အား ၁၀၀ ရာခိုင်နှုန်းနှင့် ကုလားပဲသွင်းကုန်ခွန်အား ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်

အိန္ဒိယအစိုးရသည် သကြားတင်သွင်းမှုအပေါ် သွင်းကုန်ခွန်အားဖေဖော်ဝါရီ ၆ ရက်တွင် ယခင်နှုန်းထားထက် နှစ်ဆတိုးမြှင့်လိုက်ပြီး သွင်းကုန်ခွန်နှုန်းထားအနေဖြင့် ၁၀၀ ရာခိုင်နှုန်းသတ် မှတ်လိုက်ကြောင်း၊ ကုလားပဲ (Chickpea) သွင်းကုန်ခွန်ကိုမူ ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း၊ အစောပိုင်း နှုန်းထားများမှာ သကြားသွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းနှင့် ကုလားပဲ (Chickpea) သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်းတို့ဖြစ် ကြောင်း သိရှိရသည်။

သကြားနှင့်ကုလားပဲတို့အပေါ် ယခုကဲ့သို့ သွင်းကုန်ခွန်များတိုးမြှင့်သတ်မှတ်ရခြင်းမှာ အိန္ဒိယနိုင်ငံအတွင်းသို့ ဈေးနှုန်းသက်သာသည့် သွင်းကုန်များ ဝင်ရောက်ခြင်းအား ဟန့်တားရန်နှင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများအား ဈေးကောင်းရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

Central Board of Excise and Customs (CBEC) က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် သကြားအမျိုးအစား အားလုံးအပေါ် လက်ရှိတွင် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းကောက်ခံနေခြင်းအား ၁၀၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကြောင်း၊ ကြေညာချက်ထုတ်ပြန်သည့်နေ့တွင် ချက်ချင်းအသက်ဝင်မည်ဖြစ်ကာ နောက်ဆုံး သတ်မှတ်ရက်ကိုမူ ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း သိရှိရသည်။

ယင်းကိစ္စမတိုင်မီက အိန္ဒိယရှိသကြားစက်ရုံများ၌ သကြား (ex-mill) ဈေးနှုန်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်အောက်သို့ ကျဆင်းလျက်ရှိသည့် အတွက် တောင်သူလယ်သမားများသို့ ကြံဖိုးများ အချိန်မီပေးချေရန် အခက်အခဲနှင့် ကြုံနေကြရသည့်အတွက် ပြည်တွင်းသကြားစက်လုပ်ငန်းရှင်များက သကြားသွင်းကုန်ခွန် တိုးမြှင့်ပေးရန်တောင်းဆိုထားခဲ့ကြကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုပမာဏမှာ ၂၀၁၇-၁၈ ဈေးကွက်ရာသီ (အောက်တိုဘာလ မှ စက်တင်ဘာလထိ) အတွင်း ယခင်နှစ်အလားတူ ကာလထက် လေးရာခိုင်နှုန်းမြင့်တက်မည်ဟု ခန့်မှန်းထားပြီး တန်ချိန် ၂၆ ဒသမ ၁ သန်း ထွက်ရှိရန် ခန့်မှန်းထားကြောင်း၊ ၂၀၁၆-၁၇ ဈေးကွက်ရာသီတွင် တန်ချိန် ၂၀ ဒသမ ၃ သန်းသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုနှစ်အတွက် သကြားသုံးစွဲမည့် ခန့်မှန်းပမာဏမှာ တန်ချိန် ၂၅ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

ကုလားပဲသွင်းကုန်ခွန်နှင့်စပ်လျဉ်း၍ အိန္ဒိယအစိုးရသည် ယခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၂၃ သန်းနီးပါးထွက်ရှိမည်ဟု ခန့်မှန်းထားသည့်အတွက် သွင်းကုန်ခွန်ကို ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင်သာမက ပဲအမျိုးအစားအမြောက်အမြားအပေါ်တွင်လည်း သွင်းကုန်ပမာဏကန့်သတ်ချက်များ ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

အိန္ဒိယအစိုးရ၏ အချက်အလက်များအရ ၎င်းတို့၏လက်ဝယ်တွင် အရန်ပဲ တန်ချိန် ၁ ဒသမ ၈ သန်းခန့်ရှိသော်လည်း လက်ရှိဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလ အတွင်း ပဲမျိုးစုံတန်ချိန် ၅၀ ဒသမ ၈ သိန်းခန့်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များက တင်သွင်းထားခဲ့ကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့မှ အပေါင်စာချုပ်မူဝါဒများအား ဖြေလျှော့မည်မဟုတ်ကြောင်းပြောကြား

ဟောင်ကောင်ဗဟိုဘဏ် အာဏာပိုင်များမှ ၂၀၀၉ ခုနှစ်မှစ၍ ဈေးကစားမှုများကိုလျှော့ချရန် အပေါင်စာချုပ်ဆိုင်ရာ တင်းကျပ်သည့် မူဝါဒ များအား ရှစ်ကြိမ်တိုင် ပြင်ဆင်ချမှတ်ခဲ့ပြီး ပြည်သူများအနေဖြင့် အဆိုပါမူဝါဒများအား အသုံးမဝင် မသင့်လျော်သောမူဝါဒများ ဟုယူဆခဲ့သည်။ ငွေရေးကြေးရေးဆိုင်ရာညှိနှိုင်းမှုအစည်းအဝေးတွင် အပေါင်စာချုပ်မူဝါဒများမှာ အိမ်ခြံမြေဈေးနှုန်းအား လျှော့ချနိုင်မှု မရှိသည့်အပြင် တစ်ဦးချင်းနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အခက်အခဲကိုသာ ဖြစ်စေခဲ့သည်ဟုသုံးသပ်ကြောင်း၊ ယခုအခါ အဆိုပါမူဝါဒများအား ဖြေလျှော့သင့်ကြောင်း ဥပဒေပြုလွှတ်တော်အမတ်များက ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့ အမှုဆောင်ချုပ် Narman Chan အား မေးမြန်းခဲ့ကြရာ Chan မှ အပေါင်စာချုပ်မူဝါဒများအား ဖြေလျှော့မည် မဟုတ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

အတိုးနှုန်းမှာ နှစ်ရာခိုင်နှုန်းသို့ မြင့်တက်သည့်တိုင် အိမ်ခြံမြေဈေးမှာ ကျဆင်းဖွယ်မရှိကြောင်း၊ ကုမ္ပဏီငယ်များအား ရုံးခန်းဝယ်ယူနိုင်ရေးအတွက် ပိုမိုချေးယူနိုင်ရန် အပေါင်စာချုပ် အာမခံမှုဆိုင်ရာ အစီအစဉ်များအနေဖြင့် ဖြေလျှော့သင့်ကြောင်း၊ လက်ရှိတွင် အပေါင်စာချုပ်လုပ်ငန်း အစီအစဉ်တွင် ဟောင်ကောင်ဒေါ်လာ လေးသန်းအောက်တန်ဖိုးရှိ အိမ်ခြံမြေဝယ်ယူခြင်း အတွက်သာလျှင် အပေါင်စာချုပ်ချေးငွေ ၉၀ အား ချေးယူခွင့်ပြုထားကြောင်း၊ ဟောင်ကောင်ဒေါ်လာ လေးသန်းနှင့် ခြောက်သန်းကြားတန်ဖိုးရှိ အိမ်ခြံမြေ ဝယ်ယူသည့်သူများအား အိမ်ခြံမြေ တန်ဖိုး ၏ ၉၀ ရာခိုင်နှုန်းနှင့် ညီမျှသည့် အပေါင်စာချုပ်ချေးယူနိုင်ရန် ဖြေလျှော့ပေးသင့်ကြောင်း ဥပဒေပြုအမတ်များက တောင်းဆိုခဲ့သည်။

ဟောင်ကောင်ငွေကြေး အာဏာပိုင်အဖွဲ့အမှုဆောင်ချုပ် Narman Chan မှအပေါင်စာချုပ်ဆိုင်ရာ ကန့်သတ်ချက်များအား ဖြေလျှော့ရန် အချိန်မဟုတ်ကြောင်း၊ အဆိုပါမူဝါဒသာ မရှိပါက အိမ်ခြံမြေဈေးမှာ ပိုမိုမြင့်တက်လာမည်ဖြစ်သဖြင့် လက်ရှိဈေးကွက်အခြေအနေမှာ အပေါင်စာချုပ် မူဝါဒများအား ဖြေလျှော့ရန် မလိုအပ်သေးကြောင်း၊ အဆိုပါမူဝါဒကို ဖြေလျှော့ပါက အိမ်ခြံမြေဈေးကွက်အပေါ် မည်သို့ဂယက်ရိုက်ခတ်မည်ကိုသာ ဂရုပြုစဉ်းစားရန်လိုအပ်ကြောင်း၊ အမေရိကန်မှ အတိုးနှုန်းမြှင့်တင်ပါက ဟောင်ကောင်၏ အတိုးနှုန်းလည်းမြင့်တက်မည်ဖြစ်ပြီး အိမ်ခြံမြေဈေးနှုန်းကျဆင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## ၂၀၂၀ တွင် တစ်နာရီလျှင် ကီလိုမီတာ ၆၀၀ ပြေးဆွဲမည့် maglev train တရုတ်ထုတ်လုပ်မည်

တရုတ်၌ ၂၀၂၀ ပြည့်နှစ်တွင် တစ်နာရီလျှင် ကီလိုမီတာ ၆၀၀ ပြေးဆွဲနိုင်မည့် maglev train ပုံစံကို China railway Rolling Stock Corp က ကြေညာလိုက်သည်။ အဆိုပါရထား prototype ၏နည်းပညာပိုင်းဆိုင်ရာ စီမံကိန်းကို ကျွမ်းကျင်သူ ၁၉ ဦးပါဝင်သည့် ကော်မတီဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်သည်။

ယခုလက်ရှိ ပေကျင်းနှင့် ရှန်ဟိုင်းကို ကီလိုမီတာ ၃၅၀ ဖြင့် ပြေးဆွဲသည့် မြန်နှုန်းမြင့်ရထားမှာ လေးနာရီခွဲကြာမြင့်ရာမှ အဆိုပါ maglev train ဖြင့် ပြေးဆွဲလျှင်နှစ်နာရီခွဲခန့်သာကြာမည်ဖြစ်သည်။ စီမံကိန်းအား သုံးသပ်ညှိနှိုင်းပြီးဖြစ်သဖြင့် နောက်အဆင့်မှာ ရထားတွဲများ ဆောက်လုပ်မည့်အဆင့်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ရထားတွဲပုံစံတစ်ခုကို နမူနာဆောက်လုပ်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ရထားပုံစံတစ်ခုလုံးကို ပြီးစီးအောင် တည်ဆောက်မည်ဖြစ်ကာ ကနဦး ၅ ကီလိုမီတာ စမ်းသပ်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ maglev train ပို့ဆောင်ရေးစနစ်မှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ အဓိက စီမံချက်တစ်ခုဖြစ်သည်ဟုသိရှိရပြီး $13^{th}$ Five Year Plan(2016-20) တွင် ထည့်သွင်းရေးဆွဲထားသည်။ တရုတ်သည် maglev train ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်းစနစ်တွင် ကိုယ်ပိုင်နည်းပညာဖြင့်ရပ်တည်နိုင်သည့် နိုင်ငံဖြစ်အောင် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

ဥရောပနှင့် ကနေဒါရထားထုတ်လုပ်သည့် ကုမ္ပဏီများမှ မြန်နှုန်းမြင့် ရထားနည်းပညာနှင့်ပတ်သက်၍ တရုတ်ဈေးကွက်သို့ ချဲ့ထွင်ရန်ကြိုးပမ်း ခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ဂျပန်၏ bullet train နှင့် maglev train နည်းပညာအား တရုတ်မှယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်းနေဆဲဖြစ်သည်။ ဂျပန်မှ တစ်နာရီလျှင် ကီလိုမီတာ ၅၀၀ ပြေးဆွဲမည့် maglev train ကို cryogenic superconducting technologies ဖြင့် ၂၀၂၇ ခုနှစ်တွင် စတင်ထုတ်လုပ်ပြေး ဆွဲရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင် မြန်နှုန်းမြင့်ရထားဈေးကွက်ကို တရုတ်နှင့် ယှဉ်ပြိုင်ဝင်ရောက်နိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။ ယခုအချိန်အထိ ဂျပန်၏ maglev train သည်တစ်နာရီ ၆၀၃ ကီလိုမီတာရှိပြီး ဂျာမနီ၏ maglev train သည်တစ်နာရီ ၅၀၅ ကီလိုမီတာ ပြေးဆွဲနိုင်ကြောင်း သိရပါသည်။ သို့ဖြစ်ရာ တရုတ်အနေဖြင့် ကမ္ဘာ့ရထားဈေးကွက်အား ရေရှည်ဆက်လက်ထိုးဖောက်နိုင်ရန် တစ်နာရီလျှင် ကီလိုမီတာ ၆၀၀ ပြေးဆွဲနိုင်မည့် maglev train ကိုတည် ဆောက်မည်ဖြစ်ကြောင်း သိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၆–၂–၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်နေပြီး သိုလှောင်သူများသာရှိ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်နေပြီး တရုတ်နှစ်သစ်ကူးကာလဖြစ်တာကြောင့် အရောင်းအဝယ် မရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၅၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၅၇၀ (တစ်တန် ကျပ် ၃၄၉၀၆၀) ဈေးရှိခဲ့ပြီး သိုလှောင်သူကုန်သည်များသာရှိခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုမရှိခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ယခုတစ်ပတ်မှာ ပြောင်းတစ်ပိဿာ ကျပ် ၃၀ရှိခဲ့လို့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်းအတက်အကျ မရှိခဲ့ကြောင်း စုံစမ်းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲ၊ပဲစင်းငုံနီနဲ့ ပဲတီစိမ်းလုံးကြီး ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းလုံးကြီးတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၈၆၀ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၈၅၀ (တစ်တန် ကျပ် ၅၂၀၅၃၀) ဈေးရှိခဲ့ပြီး မတ်ပဲကို မြို့ခံဝယ်လက်တွေက အဝယ်နည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၇၂၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ် မှာတော့ တစ်ပိဿာ ၆၂၅ ကျပ် (တစ်တန် ကျပ် ၃၈၂၇၄၀) ဖြင့် ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေ အဝယ် နည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၆၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၅၂ ကျပ် (တစ်တန် ကျပ် ၆၄၄၂၃၀)ဖြင့် ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၉၃၃ကျပ်(တစ်တန်ကျပ် ၁၇၉၆၁၃၀) ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ မန္တလေးဝယ်လက်တွေက နှမ်းဖြူကိုဝယ်ယူလိုပေမယ့်လည်း အရောင်းနည်းခဲ့လို့ အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၆၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၇၀၀ (တစ်တန် ကျပ် ၁၆၅၃၄၅၀) ဖြင့် ဈေးတက်ခဲ့ပြီး မန္တလေးဝယ်လက်များက ဝယ်ယူချင်ပေမယ့် အရောင်းနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ ဈေးတက်ပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲစင်းငုံနီ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၈၆၇ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၀၀ (တစ်တန်ကျပ် ၅၅၁၁၅၀) ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေနဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု များခဲ့တယ်လို့ ဆိုပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၇၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ၇၁၇ကျပ် (တစ်တန်ကျပ် ၄၃၉၀၈၀) ဈေးရှိခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ပါတယ်။

ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ကျပ် ၃၀၀၀ (တစ်တန်ကျပ်၁၈၃၇၁၇၀)ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ဈေးပြောင်းလဲခြင်းမရှိဘဲ တရုတ်ဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းနက် တစ်ပိဿာ ၂၂၂၂ကျပ် (တစ်တန် ကျပ် ၁၃၆၀၇၃၀)ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့သော်လည်း ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၇၈ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၂၈၀၀ (တစ်တန် ကျပ် ၁၇၁၄၆၉၀)၊ ယခင်တစ်ပတ်က နှမ်းညို တစ်ပိဿာ ၂၃၃၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန် ကျပ် ၁၄၆၉၇၃၀) နဲ့ အသီးသီးဈေးတက်ခဲ့ကြောင်း သိရပါတယ်။တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေ ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်က ၆၀၂ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၆၄၄ကျပ် (တစ်တန် ကျပ်၃၉၄၃၇၀) ထိ ဈေးမြင့်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ စီပီပြောင်းဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ စီပီပြောင်းတို့ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် က ပဲစင်းငုံနီ တစ်ပိဿာ ကျပ်၆၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၆၅၀ (တစ်တန်ကျပ် ၃၉၈၀၅၀)ထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နှင့် မြို့ခံကုန်သည်များက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ၁၁၈၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၅၈ ကျပ်ဖြင့် ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ပါတယ်။ စီပီပြောင်းသီးနှံကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၅၆၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၆၁၅ ကျပ်(တစ်တန် ကျပ် ၃၇၆၆၁၀) ဖြင့် ဈေးတက်ခဲ့ပါတယ်။ အစာစပ်လုပ်ငန်းများနဲ့ မန္တလေးဝယ်လက်တွေက စီပီပြောင်းကို ဝယ်ယူချင်ပေမယ့် အရောင်းနည်းခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ မတ်ပဲဈေးငြိမ်ပြီး စီပီပြောင်း ဈေးတက်

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ မတ်ပဲဈေးငြိမ်ပြီး စီပီပြောင်းတို့ ဈေးတက်ခဲ့ကြောင်း ရေစကြိုဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ်၈၀၀ (တစ်တန်ကျပ် ၄၈၉၉၁၀)ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲလွန်းပြာ တစ်ပိဿာ ၁၂၆၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၅၅ ကျပ်(တစ်တန် ကျပ် ၆၄၆၀၇၀)ထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က စီပီပြောင်း တစ်ပိဿာ ကျပ်၅၇၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၆၃၀(တစ်တန် ကျပ် ၃၈၅၈၀၀) ထိမြင့်တက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်ပြန်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်း ဈေးငြိမ်ပြီး အရောင်းအဝယ်ကတော့ကျလာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်



တစ်အိတ်ကို မြန်မာဘက်တွင် ယွမ် ၈၀ ရှိပြီး ရွှေလီဘက်တွင် ၉၄ယွမ်ထိ ရှိခဲ့ပြီး ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျ မရှိကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ယခင် တစ်ပတ်က အစေ့ထုတ်ပြောင်း ၂၂၈၁၂ တန်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၁၀၇၁၁ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ယွမ်ကို မြန်မာငွေ ၂၀၉ ကျပ် ရှိခဲ့လို့ ယခုတစ်ပတ်မှလည်း ငွေလဲနှုန်း အပြောင်းအလဲမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၄၂၀(တစ်တန် ကျပ် ၈၆၉၀၉၀) ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ တစ်ပိဿာ ၉၁၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၈၆၀ (တစ်တန် ကျပ်၅၂၆၅၀၀)ဈေးရှိခဲ့သလို ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၇၂၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၆၂၅ကျပ် (တစ်တန် ကျပ် ၃၈၂၇၄၀)ထိ ဈေးကျခဲ့ပါတယ်။ နှမ်းရောင်စုံ ဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၆၇၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၆၄၅ ကျပ် (တစ်တန် ကျပ် ၁၆၁၉၇၇၀)နဲ့ ဈေးကျခဲ့ပြီး နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၃၅၅ ကျပ် (တစ်တန် ကျပ် ၁၄၄၂၁၇၀)၊ နှမ်းဖြူထိပ်စ တစ်ပိဿာ ၃၀၄၅ ကျပ်(တစ်တန်ကျပ် ၁၈၆၄၇၂၀)၊ နှမ်းနီ တစ်ပိဿာ ၂၇၅၅ ကျပ်(တစ်တန် ကျပ် ၁၆၈၇၁၃၀ )ဖြင့် ယခင်တစ်ပတ် ဈေးအတိုင်း အတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၆၆၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၄၁၀၀၀အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ် ၇၁၆၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ် မှာ တစ်တန်ကျပ် ၆၈၆၀၀၀ အထိ၊ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်တန် ကျပ် ၄၇၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၂၇၀၀၀ အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက မတ်ပဲ FAQ (RC) ကကျပ် ၂၅၀၀၀၊ မတ်ပဲ SQ(RC) က ကျပ် ၃၀၀၀၀နဲ့ ပဲစင်းငုံနီက ကျပ် ၄၃၀၀၀ အသီးသီးဈေးကျခဲ့ပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းတို့ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၆၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၉၁၀ (တစ်တန် ကျပ် ၅၅၇၂၇၀)ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၈၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၃၀၀ (တစ်တန် ကျပ် ၇၉၆၁၇၀)နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲတီစိမ်းကို အဝယ်နည်းခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း ဟသ်ာတဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

# Advantage Assam-Global Investors' Summit ထိပ်သီးအစည်းအဝေးမှတစ်ဆင့် ထွန်းလင်းလာမည့် အလားအလာများ

အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ် မြို့တော် Guwahati မြို့တွင် ပထမဆုံးနှင့် အကြီးကျယ်ဆုံး အခမ်းအနားအဖြစ် Advantage Assam-Global Investors' Summit ကို အိန္ဒိယအစိုးရက ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ပါတယ်။ ဒီထိပ်သီး အစည်းအဝေးကို အိန္ဒိယဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ပြီး အလေးထားမှုကိုပြသခဲ့တဲ့အပြင် အာဆီယံနဲ့ BBIN အဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးချုပ်/ပြည်ထောင်စုဝန်ကြီး/ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ နယူးဒေလီအခြေစိုက် သံရုံးများမှ သံအမတ်ကြီးများ/ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်ကြီးများ တက်ရောက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်တဲ့ကိုယ်စားလှယ်ငါးဦးနှင့် နယူးဒေလီ မြို့အခြေစိုက် မြန်မာသံရုံးမှ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါတယ်။

အစည်းအဝေးကို ကျင်းပရတဲ့ ရည်ရွယ်ချက်ဟာ အိန္ဒိယအရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ BBIN အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ ဆွေးနွေးရန်နှင့် အိန္ဒိယအရှေ့မြောက်ဒေသသို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ လာရောက်ရေးဖိတ်ခေါ်ရန်အတွက် ဖြစ်ပါတယ်။




အိန္ဒိယအရှေ့မြောက်ဒေသဟာ ဖွံ့ဖြိုးမှုအလားအလာကောင်းများစွာ ပိုင်ဆိုင်ပြီး Assam၊ Meghalaya၊ Nagalan၊ Manipur Mizoram၊ Arunachal Pradesh၊ Tripura ပြည်နယ်ခုနစ်ခုနှင့် Sikkim ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခု ပါဝင်ဖွဲ့စည်းထားပါတယ်။ ဒီဒေသရဲ့ GDP တိုးတက်မှုနှုန်းဟာလည်း အိန္ဒိယနိုင်ငံရဲ့ GDP တိုးတက်မှုနှုန်းထက် ပိုမြင့်မားပါတယ်။ သဘာဝသယံဇာတ အရင်းအမြစ်တွေ ပေါကြွယ်ဝတဲ့ အရှေ့မြောက်ဒေသ နယ်နိမိတ်ရဲ့ ၉၈ ရာခိုင်နှုန်းခန့်ဟာ ပြည်ပနိုင်ငံများနှင့် ထိစပ်လျက်ရှိနေပါတယ်။

ဒါကြောင့် အိန္ဒိယနိုင်ငံဟာ အရှေ့အာရှနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဆက်သွယ်ရာမှာ အာသံပြည်နယ်မြို့တော် Guwahati မြို့ကို ဗဟိုချက်အနေဖြင့်ထားပြီး အဆိုပါနိုင်ငံများနဲ့ ချိတ်ဆက်တဲ့အခါ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလိုင်းများ တိုးချဲ့ဆက်သွယ်ချိတ်ဆက်သွားမှာဖြစ်ပြီး အိန္ဒိယအစိုးရဟာ အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံ မဟာမိတ် အဝေးပြေးလမ်းမကြီး စီမံကိန်း၊ ကုလားတန်မြစ်ကြောင်းဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းများကို ၂၀၁၉ ခုနှစ်မှာပြီးစီးရန်မျှော်မှန်းထားပြီး အနာဂတ်မှာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ မဟာမိတ်အဝေးပြေးလမ်းမကြီးကို လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အထိ တိုးချဲ့ဖောက်လုပ်ရန် စီစဉ်နေကြောင်း သိရှိရပါတယ်။

ထို့ပြင် Guwahati မြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အဦသစ်တစ်ခုကိုလည်း နှစ်နှစ်အတွင်းပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပြီး Guwahati မြို့မှ အာဆီယံနိုင်ငံများရဲ့ မြို့တော်အားလုံးသို့ လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲရန် စီစဉ်သွားမယ်လို့ ဆိုပါတယ်။ အိန္ဒိယအစိုးရဟာ အရှေ့တောင်အာရှနိုင်ငံများနှင့် ကူးလူးဆက်သွယ်ရာမှာ လိုအပ်တဲ့ဆက်သွယ်ရေး/ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ပြုနိုင်ရန်အတွက် အမေရိကန်ဒေါ်လာတစ်ဘီလီယံကိုရန်ပုံငွေအဖြစ် မတည်ထားရှိသဖြင့် အဖွဲ့ဝင်နိုင်ငံများမှ ဖော်ဆောင်လိုတဲ့ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးစီမံကိန်းများအတွက် ရန်ပုံငွေများလိုအပ်ပါက အဆိုပြုတင်ပြနိုင်ကြောင်းလည်း သိရှိရပါတယ်။

အာဆီယံနိုင်ငံများအနေနဲ့ အိန္ဒိယအရှေ့မြောက်ဒေသ၊အာသံပြည်နယ်မြို့တော် Guwahati ၌ ကောင်စစ်ဝန်ချုပ်ရုံးများ လာရောက်ဖွင့်လှစ်ရန် အိန္ဒိယဗဟိုအစိုးရနှင့် အာသံပြည်နယ်အစိုးရတို့က အဆိုပြုခဲ့ပြီး Advantage Assam အစည်းအဝေးကာလအတွင်း အာသံပြည်နယ်၌ ရင်းနှီးမြှုပ်နှံမည့် MoUs ပေါင်း ၂၀၀ ခန့် လက်မှတ်ရေးထိုးခဲ့ကာ ရင်းနှီးမြှုပ်နှံမှု အဆိုပြုတန်ဖိုး စုစုပေါင်းမှာ ရူပီးကုဋေ ၁၀၀၀၀၀ ခန့်ဖြစ်ကြောင်း သိရှိရပါ တယ်။

အိန္ဒိယအစိုးရဟာ လာမည့်ဘတ်ဂျက်အသစ်မှာ စိုက်ပျိုးရေးကဏ္ဍအတွက် ဘဏ္ဍာငွေအလုံးအရင်း ခွဲဝေချထား အသုံးပြုမည်ဖြစ်ကာ အဓိကကျတဲ့ စိုက်ပျိုးသီးနှံများ၏ Minimum Support Price (MSP) ဈေးနှုန်းကို ထုတ်လုပ်ကုန်ကျစရိတ်၏ တစ်ဆခွဲခန့်အနည်းဆုံး သတ်မှတ်ပေးမှာဖြစ်ကြောင်းလည်း သိရှိရပါတယ်။

လတ်တလောနှစ်များအတွင်း အိန္ဒိယအစိုးရဟာ အရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအာရုံထားလာတာကို တွေ့ရှိရပြီး ၎င်းတို့၏ ကုန်းတွင်းပိတ်ဒေသမှ အာဆီယံသို့ ထွက်ပေါက်လမ်းကြောင်းဖြစ်တဲ့ ကုန်းလမ်း၊ ရေလမ်း စီမံကိန်းများကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့အာရှနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်းလမ်း/ရေလမ်းတို့မှတစ်ဆင့် ကူးလူးဆက်သွယ်ရန် အိန္ဒိယနိုင်ငံအတွက် တစ်ခုတည်းသော ပေါင်းကူးတံတားသဖွယ်အနေအထားတွင် ရှိနေတာကြောင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ မဟာမိတ် အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိလာပြီး စီးပွားရေးအကျိုးအမြတ်များ ရရှိခံစားနိုင်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**မောင်ထွန်း(နှစ်နိုင်ငံ)**

## ကန်ပိုက်တီမှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄၅ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၀၁၆၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၃၆၅ တန်နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၃၈၀၀ ပိုမိုတင်ပို့ခဲ့ပါတယ်။ အလားတူ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၂၀၃ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၆၇၄ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅၆ တန်နဲ့ နှိုင်းယှဉ်ပါက ၅၁၈ တန် ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။

တစ်သျှူးငှက်ပျော တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ငွေလဲနှုန်းအရ ကျပ်လေးသိန်းဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**




## ပြည်နယ်နှင့်တိုင်း စားသုံးသူရေးရာဦးစီးဌာနများမှ ရှမ်းပြည်နယ်ရှိ သီးနှံဇုန်များသို့သွားရောက်လေ့လာ

စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်နှင့် တိုင်းများမှ ခရိုင်ဦးစီးမှူး များ၊ ဌာနခွဲတာဝန်ခံများ၊ မြို့နယ်တာဝန်ခံများသည် ရှမ်းပြည်နယ်ရှိ သရက်၊ ထောပတ်၊ လက်ဖက်၊ ကော်ဖီဇုန်များသို့ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ရက်အထိ သွားရောက် ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ထိုသို့လေ့လာနိုင်ရန် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်-၂ ဦးအောင်မောင်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းနှင့် ရန်ကုန်တိုင်း ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်တို့ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင် ၁၁ ဦးတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်၊ သရက်အစုအဖွဲ့မှ တာဝန်ရှိသူများ၊ သရက်စိုက်ပျိုးသူ တောင်သူများနှင့် သရက်ခြံများသို့လည်းကောင်း၊ ဟိုပုံးမြို့နယ်ကျောက်တန်းရှိ ထောပတ်အစုအဖွဲ့မှ တာဝန်ရှိသူများ၊ ထောပတ်စိုက်ပျိုးသူ တောင်သူများနှင့် ထောပတ်ခြံများသို့ လည်းကောင်း၊ ရွာငံမြို့နယ်ရှိ ကော်ဖီ၊ လက်ဖက်အစုအဖွဲ့မှတာဝန်ရှိသူများ၊ ကော်ဖီ၊လက်ဖက်စိုက်ပျိုးသူတောင်သူများနှင့် ကော်ဖီ၊ လက်ဖက်ခြံများသို့ လည်းကောင်း လက်တွေ့ကွင်းဆင်းလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ ကွင်းဆင်းလေ့လာပြီး ဆွေးနွေးမေးမြန်းခဲ့မှုများအပေါ် အခြေပြု၍ လေ့လာရေးအဖွဲ့ဝင်များသည် မိမိတို့ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လက်ရှိစိုက်ပျိုးနေသော သီးနှံနှင့် သစ်သီးဝလံများဆိုင်ရာအစုအဖွဲ့များနှင့် အသင်းအဖွဲ့များဖွဲ့စည်းသွားနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကာ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဦးစီးမှူးများထံတင်ပြပြီး ဒေသဖွံ့ဖြိုးရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

လေ့လာရေးအဖွဲ့တွင် ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နေပြည်တော်နှင့် ပဲခူးတိုင်းတို့မှပါဝင်ကြောင်း သတင်းရရှိသည်။

**စောမောင်(တောင်ကြီး)**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုပိုမို

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၄ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၄၂၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၁၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၀၅ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းရောတမူးကုန်သွယ်ရေးစခန်းပါ ကွမ်းသီးများ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၁၃ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၅၀၀ နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၈၃၁ သန်းတန်ဖိုးရှိ ကွမ်းသီး ၉၂၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၈ သန်းတန်ဖိုးရှိ မုန့်မျိုးစုံ ၄၃ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၁၃ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ စီးကရက်၊ မျောက်ငိုသီး၊ ငရုတ်ကောင်း၊ ပဲစင်းငုံ၊ ချင်းပဲတို့ကို ၁၆၁ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

---

## မူဆယ်ကုန်သွယ်ရေးဇုန်တစ်ခုတည်းမှသာ သကြားတင်ပို့

ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၈၁ သန်းတန်ဖိုးရှိ Re-export သကြား ၆၅၈၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၉၀၆၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၄၈၄ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်ချင်းရွှေဟော်မှ သကြားတင်ပို့မှု မရှိခဲ့ပါ။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ် ၇၅၄၄၀၀၊ တစ်ဖက်နိုင်ငံဈေးယွမ် ၃၆၈၀ နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း ရှိနေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

---

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ပဲတောင့်ရှည်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁၇ သန်းတန်ဖိုးရှိ အကြောအမျှင်မဲ့ တိုင်ထောင်ဘိုစားပဲသီး (အစို) ကိုးတန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ဘိုစားပဲတောင့်များကို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလမှာ တန် ၅၀ စတင်တင်ပို့ခဲ့တာဖြစ်ပြီး တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၈၅ ပေါက်ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

---

## မူဆယ်မှ ပီလောပီနံ အမှုန့်ရော ပီလောပီနံဥပါ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၄၄၉ တန်ဖိုးရှိ ပီလောပီနံအမှုန့် ၈၂ တန်နဲ့အမေရိကန်ဒေါ်လာ ၇၀၆၂ တန်ဖိုးရှိ ပီလောပီနံဥ ၃၃ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ပီလောပီနံဥ တင်ပို့မှုမရှိခဲ့ပေမယ့် ပီလောပီနံအမှုန့် ၁၄၄ တန်ခွဲတင်ပို့ခဲ့လို့ ယခုတစ်ပတ် ပီလောပီနံအမှုန့် ၆၂ တန်ခွဲ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ **မော်မော်အောင်**

---

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၅ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ်ကိုးမျိုး၊ တန်ချိန်အားဖြင့် ၃၀၆ တန် ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၃၅၆ တန်ကျော် တင်ပို့ ခဲ့လို့တန် ၅၀ လျော့နည်းခဲ့ပေမယ့် မူဆယ်မှတစ်ဆင့် ပရဆေးကုန်ကြမ်း များကို တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့မှုရှိတာ တွေ့ရပါတယ်။

ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ဆီးဆန်၊ နနွင်းတက်၊ နနွင်းခေါင်း၊ မာလာဥခေါင်း၊ တောဂျုံးမြစ်နဲ့ ချဉ်ပေါင်ဖာလာ အခွံပါတို့ဖြစ်ပါတယ်။

**မော်မော်အောင်**

---

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ရော်ဘာတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၀၁ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၅၉၅ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS1 အမျိုးအစား ၃၃ တန်၊ RSS 3 အမျိုးအစား ၁၀၁၂ တန်ကျော်၊ RSS5 အမျိုးအစား ၁၆၆ တန်နဲ့ MSR 20 အမျိုးအစား ၃၄ တန်ကျော်တင်ပို့ခဲ့ပြီး ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ MSR 20 အမျိုးအစား တန်ချိန် ၃၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှု ၃၀၂ တန် လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ရော်ဘာတင်ပို့မှု လျော့ကျခဲ့တာကြောင့် ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၄ သန်းတန်ဖိုးရှိ ရော်ဘာ ၁၁၈၀ဒသမ ၈၈ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၀၀၊ ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၉၈တန်၊ တရုတ်နိုင်ငံသို့ MSR 10 အမျိုးအစား ၂၆၆ ဒသမ ၂၈ တန်နဲ့ မလေးရှားနိုင်ငံသို့ RSS3 အမျိုးအစား ၇၁၆ ဒသမ ၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ၁၈၈၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၀၈ တန်တင်ပို့မှုလျော့ နည်းခဲ့ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာပေါက်ဈေး အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးမှာ ပြောင်းလဲမှုမရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်း ထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

---

## ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီ(၂)ရပ်တို့၏ (၂/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ ၂/၂၀၁၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပါတယ်။

အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်တက်ရောက်ပြီး ပဋ္ဌမအကြိမ် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ အစည်းအဝေးအတွေ့အကြုံမှ ကော်မတီဝင်များကို သိသင့်သိထိုက်သည်များ ပြောကြားခြင်း၊ Food Safety သာမက Food Security များကိုပါ ဆွေးနွေးကြရန် ကော်မတီဝင်များအား မှာကြားခဲ့ပါတယ်။

စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးခမ်လျန်စွမ်းက ယခင်လ ၁/၂၀၁၈ လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များဆောင်ရွက်ပြီးစီးမှု အခြေအနေများနဲ့ ဈေးကွက်မှ သိမ်းဆည်းထားသည့် ခန့်မှန်းတန်ဖိုး ကျပ် ၄၉၃၁၀၀ တန်ဖိုးရှိ သက်တမ်းလွန် စားသောက်ကုန် ၅၈ မျိုးအား ဖျက်ဆီးခွင့်ပြုရန်၊ ဒေသတွင်း စားသောက်ကုန် ထုတ်လုပ်ရောင်းချသူများကို ကုန်အညွှန်းအမှတ်အသားများ တိကျမှန်ကန်စွာ ဖော်ပြနိုင်ရေးအတွက် ထပ်မံတွေ့ဆုံသွားရန်နှင့် စားသုံးသူများမှ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် ဖုန်းဖြင့်တိုင်ကြားမှုပြုလာပါက တိုင်ကြားမှု အထမြောက်နိုင်ရေး ဆွေးနွေးရန်တို့ကို ရှင်းလင်းတင်ပြခဲ့ပြီး ရှေ့ဆက်လက်လုပ်ဆောင်မည့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာမှာ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်သာမက ဝန်ဆောင်မှုပါ အပြည့်အဝရှိစေရန်၊ ဝန်ဆောင်မှုပေးသော လုပ်ငန်းရှင်များအား ပညာပေးဆောင်ရွက်မှုများ အလေးထားဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ကော်မတီနှစ်ရပ် အဖွဲ့ဝင်များကလည်း တင်ပြဆွေးနွေးမှုများအပေါ် စားသုံးသူနစ်နာဆုံးရှုံးမှုများကြောင့် တိုင်ကြားတဲ့အခါ တိုင်ကြားသူကို ဥပဒေအရ အကာအကွယ်ပေးထားခြင်းရှိ/မရှိ ဖုန်းဖြင့်သတင်းပေး တိုင်ကြားလျှင်လည်း နာမည်၊ လိပ်စာများမေးမြန်းရန် လိုအပ်ကြောင်း၊ ဟိုတယ်များတွင် သုံးတဲ့အသားငါးများမှာလည်း အေးခဲအသားများမဖြစ်ရန် လိုအပ်ကြောင်း၊ တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေသောသောက်ရေသန့်များကိုလည်း စစ်ဆေးရန်လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။

**ကျော်ဇင်ထွေး၊ စားသုံးသူ၊ကယား**

---

## ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၅၈၄ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန် ၆၁၁ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ၂၃၈၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ၅၄၆ တန်ကျဆင်းခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ၁၈၇၀ တန် ကျဆင်းခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းတို့ကို ၆၆ တန်နဲ့ မြိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၇ သန်းတန်ဖိုးရှိ အေးခဲပုစွန်၊ ငါးမျိုးစုံ၊ အေးခဲကဏန်းပျော့၊ ကင်းမွန်၊ မွေးပုစွန်၊ အေးခဲကဏန်းနီ၊ ငါးခြောက်၊ ကင်းမွန်လိပ်တို့ကို ၅၁၈ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

---

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၈၉၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၁၈၆တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၂၉၃ တန် လျော့နည်းခဲ့ပြီး တန်ဖိုးအားဖြင့်လည်း ၁ ဒသမ ၄၆၉ သန်း လျော့နည်းခဲ့ပါတယ်။ တစ်ဖက်နိုင်ငံဝယ်ဈေးအနေနဲ့ ကဏန်းနဲ့ ငါးရှဉ့်ဈေးပြောင်းလဲမှုမရှိတာတွေ့ရပါတယ်။ တရုတ်နှစ်ကူးကာလဖြစ်တာကြောင့် ယခုလိုရေထွက်ကုန်တင်ပို့မှု လျော့နည်းရတာဖြစ်ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# သီလဝါ အထူးစီးပွားရေးဇုန်သို့ သွားရောက် လေ့လာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် ပုဂ္ဂလိကကဏ္ဍမှ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းလုပ်ကိုင်နေသူများ ကုန်သွယ်မှုနှင့်ပတ်သက်သည့် အသိပညာများ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန်နှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးလုပ်ငန်းရှင်များပေါ် ထွန်းစေရန် ရည်ရွယ်၍ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) တွင် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် ( ၆ ) ကို ဇန်နဝါရီ ၁၅ ရက်မှ ဧပြီ ၉ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာဖွင့်လှစ်၍ ကုန်သွယ်မှုဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင် ၄၅ ဦး တက်ရောက်လျက်ရှိပါသည်။

အဆိုပါ သင်တန်းသားများအား ကုန်သွယ်မှုနှင့်ပတ်သက်သည့် အသိပညာဗဟု သုတများ ရရှိစေရန်အတွက် ရန်ကုန်မြို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာန ဧည့်ခန်းမတွင်တာဝန်ရှိသူများမှ MACCS (Myanmar Automatic Cargo Clearance System- MACCS)စနစ်ရေးဆွဲမှု၊ ဖွဲ့စည်းမှု၊ စတင်အသုံးပြုမှုနှင့် ရန်ကုန်တွင် ၁၄ နေရာ ချိတ်ဆက်ထားပြီး Channal သုံးခုဖြင့် ချိတ်ဆက်ထားကြောင်း၊ Green Channal, Yellow Channal, Red Channal များဖြစ်ပါ ကြောင်း၊ Channal များအတွက် Payment တင်ရမည်ဖြစ်ပြီး MACCS စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် OGAS Procedure များ၊ User အနေနှင့် Shopping Line၊ Port၊ CY စသည့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ OGAS များနှင့် ချိတ်ဆက်ရာတွင် လိုင်စင်၊ ပါမစ်ကိစ္စရပ်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Online မှ တစ်ဆင့် သတ်မှတ်ထားသည့် Server များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည့် အခြေအနေတို့အား Power Point များဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး သင်တန်းသား/သူများသည် အကောက်ခွန်ဦးစီးဌာနရှိ ဌာနစိတ်များသို့ သွား ရောက်၍ လက်တွေ့လုပ်ငန်း ဆောင်ရွက်နေပုံများအား သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ သက်ဆိုင်ရာဌာနစိတ် တာဝန်ခံများမှ ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် သီလဝါဆိပ်ကမ်းသို့ဆက်လက်လေ့လာရာ Myanmar International Terminals Thilawa Limited (MITT) ရုံး ဧည့်ခန်းမတွင် ဦးကျော်ဆွေလှ (Administration Manager) မှ သီလဝါ ဆိပ်ကမ်းတွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ဆိပ်ကမ်းပေါင်း ၄၉ ခုဖြင့်ချိတ်ဆက်ထားပါကြောင်း၊ ဆိပ်ကမ်းသို့ ကုန်သင်္ဘောများဆိုက်ကပ်မှုအခြေအနေများနှင့် ကုန်ပစ္စည်းများတင်ချမှုအခြေအနေများအား Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသား/သူများအား သီလဝါဆိပ်ကမ်းရှိ ကွန်တိန်နာတင်ပို့သယ်ယူ ဆောင်ရွက်နေမှုအခြေအနေတို့အား လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

ဆက်လက်၍ သင်တန်းသား/သူများသည် Thilawa Special Economic Zone Management Committee One Stop Service Center သို့ သွားရောက်လေ့လာခဲ့ရာ Myanmar Japan Thilawa Development Ltd (MJTD) ရှိ ဧည့်ခန်းမတွင် ဒေါ်ငြိမ်းငြိမ်းအိမှ သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် Zone A Area – 405ha တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် Zone B Area ကိုစတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်းနှင့် အများဆုံး ရင်းနှီးမြှုပ်နှံမှုမှာ ဂျပန်နိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ကြောင်း၊ အလုပ်သမားအများစုမှာ သန်လျင်နှင့်ကျောက်တန်းဒေသခံများဖြစ်ကြောင်း၊ Skill Worker အနေဖြင့် နိုင်ငံခြားအလုပ်သမား ငါးရာခိုင်နှုန်းသာ အသုံးပြုထားသည့်အတွက် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေမှာဖြစ်ကြောင်းနှင့် SEZ (OSS)တွင် ဌာန ၁၃ ခုဖြင့် ပါဝင်ဖွဲ့စည်းထားသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်လျက်ရှိပါကြောင်းတို့အား ရှင်းလင်းပြောကြားခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ရှင်းလင်းပြသခဲ့သည်။

ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) အနေဖြင့် ယခုဖွင့်လှစ်သင်ကြားပို့ချခဲ့သည့် ကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ် (၆)သို့ တက်ရောက်ခဲ့သည့် သင်တန်းသား/သူများသည် သင်တန်း၌ ပို့ချခဲ့သည့် စာတွေ့ဘာသာရပ်များအား ယခုကဲ့သို့ လေ့လာရေး ခရီးစဉ်များတွင်ရရှိခဲ့သည့် မြေပြင်လက်တွေ့ အခြေအနေများနှင့် ပေါင်းစပ်ပြီး မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍများအား အခြား အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

**(MTD, KTDA – DOT)**

# ပြည်တွင်းဈေးကွက် အရောင်းသွက်လျက်ရှိနေသော တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်တင်သွင်းမှု

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သည် နယ်စပ်ကုန်သွယ်မှုပမာဏအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်နေသော စခန်းတစ်ခုဖြစ်သကဲ့သို့ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးကိုလည်း အစဉ်ရှေ့ရှုဆောင်ရွက်လျက်ရှိသော စခန်းတစ်ခုဖြစ်ပေသည်။ အဓိကပို့ကုန်များအနေဖြင့် ဆန်၊ ပြောင်း၊ သကြား၊ ဒီဇယ်နှင့် ရော်ဘာတို့ဖြစ်ပြီး အဓိကသွင်းကုန်ပစ္စည်းများအနေဖြင့် ယာဉ်/ယန္တရား၊ ဆိုင်ကယ်၊ ဓာတ်မြေဩဇာ၊ သုံးဘီးဆိုင်ကယ်နှင့် လိမ္မော်သီးတို့အား တရုတ်နိုင်ငံမှ တင်သွင်းလျက်ရှိပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများအား OSS ဌာနဆိုင်ရာများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များသာမက မိတ်ဖက်ဌာနဆိုင်ရာများဖြစ်သည့် FDA၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် MITS တို့မှ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြပါတယ်။

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် အဓိကသွင်းကုန်ပစ္စည်းများတွင်ပါဝင်သော မော်တော်ဆိုင်ကယ်အသစ်များ တင်သွင်းရာတွင် ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ လွယ်ကူလျင်မြန်စွာနှင့် အဆင်ပြေချောမွေ့စွာ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ သွင်းကုန်ဌာနခွဲတွင် Import Licence များခွင့်ပြု ထုတ်ပေးလျက်ရှိပါတယ်။ မော်တော်ဆိုင်ကယ်အသစ် 2018 Model များ Import Licence ထုတ်ပေးနိုင်ရေးအတွက် ရှေးဦးစွာ စည်းကြပ်တန်ဖိုးများ သတ်မှတ်ရပေသည်။ စည်းကြပ်တန်ဖိုးသတ်မှတ်ရာတွင်လည်း ၂၀၁၈ ခုနှစ်မှစတင်ကျင့်သုံးမည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ တန်ဖိုးသတ်မှတ်ရေးဆိုင်ရာ သဘောတူညီချက် (World Trade Organization Valuation Agreement) အရ တင်သွင်းသူ၏ ဝယ်ယူမှုအထောက်အထားများကို စိစစ်အတည်ပြုရန် လိုအပ်ပေသည်။ ထို့ပြင် အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ မော်တော်ဆိုင်ကယ်များ၏ စည်းကြပ် တန်ဖိုးသတ်မှတ်ရာတွင် One Year Model Up အပေါ် ၆ ရာခိုင်နှုန်း တိုးရန်လိုအပ်သည့်အတွက် မော်တော်ဆိုင်ကယ်တစ်စီးလျှင် ၂၀၁၇ ခုနှစ် စည်းကြပ်တန်ဖိုးအပေါ် ၁၈ အမေရိကန်



ဒေါ်လာဝန်းကျင်ခန့် ထပ်မံတိုးမြှင့် သွားရမည်ဖြစ်ပေသည်။

သို့ရာတွင် မော်တော်ဆိုင်ကယ်တင်သွင်းရာတွင် တရားမဝင်လမ်းကြောင်းမှ တရားဝင်လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေရန်နှင့် တရားမဝင် တင်သွင်းသည့် မော်တော်ဆိုင်ကယ်များ၏ ဈေးနှုန်းနှင့် ယှဉ်ပြိုင်နိုင်စေရေးအတွက် လည်းကောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ မှန်မှန်ကန်ကန်ရရှိစေရေးအတွက်လည်းကောင်း၊ အမှန်ဝယ်ရင်းဈေးနှင့် ညီမျှမှုရှိစေရန်အတွက်လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ တရုတ်ပြည်ထုတ် မော်တော်ဆိုင်ကယ်တစ်စီးလျှင် ၂၀၁၇ ခုနှစ်၊ သတ်မှတ်စည်းကြပ်တန်ဖိုးထက် ၁၀ အမေရိကန်ဒေါ်လာသာ တိုးမြှင့်သတ်မှတ်ခဲ့ကြပေသည်။ အဆိုပါ သတ်မှတ်မှုအပေါ် မူဆယ်-နမ့်ခမ်း နယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်းနှင့် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်နေကြသော မော်တော်ဆိုင်ကယ်နှင့် အပိုပစ္စည်းများတင်သွင်းရောင်းချသူများ အစုအဖွဲ့မှလည်း သဘောတူညီခဲ့ကြပြီး ၎င်းစည်းကြပ်တန်ဖိုးများအတိုင်း လိုက်ပါဆောင်ရွက်လျက်ရှိကြပါတယ်။

၉-၁-၂၀၁၈ မှ ၂၀-၂-၂၀၁၈ ထိ မူဆယ်-နမ့်ခမ်း နယ်စပ် ကုန်သွယ်ရေး ကုန်သည်များအသင်းမှ ပေးပို့သော ဈေးကွက်ရှာဖွေရေး၊ ဈေးနှုန်းစိစစ်ညှိနှိုင်း ထောက်ခံခြင်းဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးများမှ တရုတ်ပြည်ထုတ် 2018 Model မော်တော်ဆိုင်ကယ်အမျိုးအစား ၂၀၁ မျိုးအတွက်လည်းကောင်း၊ အမေရိကန်၊ ဂျပန်၊ အီတလီ၊ အင်္ဂလန်၊ ဂျာမနီနှင့် အိန္ဒိယနိုင်ငံထုတ် 2018 Model မော်တော်ဆိုင်ကယ်အမျိုးအစား ၂၆ မျိုးအတွက်လည်းကောင်း စည်းကြပ်တန်ဖိုးများ ထောက်ခံတင်ပြခဲ့ပြီးဖြစ်ပါသည်။ ကုန်သွယ်ရေးဦးစီးဌာန၊ သွင်းကုန်ဌာနခွဲ၊ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှလည်း 2018 Model မော်တော်ဆိုင်ကယ်များအတွက် စည်းကြပ်တန်ဖိုး သတ်မှတ်အတည်ပြုပြီးသည့်နေ့ (၉-၁-၂၀၁၈)မှ (၁၆-၂-၂၀၁၈)ထိ တရုတ်ပြည်ထုတ် 2018 Model Brand New Motorcycle အမျိုးအစားစုစုပေါင်း ၁၄၀ အတွက် စီးရေ ၁၀၅၈၄၂ စီး၊ တန်ဖိုး ၃၄၈၉၈၉၉၇ အမေရိကန်ဒေါ်လာအား သွင်းကုန်လိုင်စင် ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

တရုတ်နိုင်ငံထုတ် Brand New Motorcycle 2018 Model များအနက် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်လိုင်စင်လျှောက်ထားမှုအများဆုံး အမျိုးအစားများနှင့် အရေအတွက်မှာ ၁၆-၂-၂၀၁၈ ရက်နေ့ထိ အောက်ပါအတိုင်း ဖြစ်ပါတယ်-

| No | Brand | Quantity (U) | Value(USD) |
|---|---|---|---|
| (1) | CANDA 125 CC (2018) | 8210 U | 2421950 |
| (2) | NEW ZHINENG 110 CC (2018) | 7873 U | 2046980 |
| (3) | KENBO 125 CC (2018) | 7110 U | 3092850 |
| (4) | LUOJIA 110 CC (2018) | 6513 U | 2572635 |
| (5) | KENBO 110 CC (2018) | 4174 U | 1710390 |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဖေဖော်ဝါရီလ ၁၆ ရက်ထိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ Brand New Motorcycle၊ စီးရေ ၃၉၇၁၂၇ စီး၊ တန်ဖိုး ၁၃၁၁၃၇၁၆၅ အမေရိကန်ဒေါ်လာ အမှန်တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ တရုတ်နှစ်သစ်ကူးပြီးလျှင်လည်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်ထုတ် Brand New Motorcycle တင်သွင်းမှုများ ဆက်လက်မြင့်တက်နေဦးမည်ဖြစ်ကြောင်း ခန့်မှန်းသိရှိရပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောရောမြို့ပါမကျန် ဆိုင်ကယ်စီးနင်းမှုများ မြင့်တက်လာသည်နှင့်အမျှ ဈေးနှုန်းချိုသာပြီး ဒီဇိုင်းမျိုးစုံထုတ်လုပ်နိုင်သော တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များ တင်သွင်းမှုနှစ်စဉ်မြင့်တက်နေဦးမှာဖြစ်၍ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှလည်း ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကုန်သည်လုပ်ငန်းရှင်များ တရုတ်နိုင်ငံထုတ် Brand New Motorcycle များ အဆင်ပြေချောမွေ့ စွာတင်သွင်းနိုင်ရေး၊ သုံးစွဲသူပြည်သူများထံ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးနှင့် နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်အခများရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။

**ရည်ချွန်(မူဆယ်)**

# Smile Happy Co.,Ltd.




*Export Products :*

*1) Pulses and Beans*

*( Green Mung Bean, Black Matpe, Butter Bean, etc)*

*2) Spices (Turmeric Finer, etc)*

*3) Honey (Jujube, Niger, Sunflower, etc)*



***Office: No. 212, Building (B), Room No. (201), Shwegondaing Tower, Shwegondaing Road, Bahan Township, Yangon, Myanmar.***
***Ph :01 558698, 01 559074, 01 8603115***

# ROYAL GOLDEN DRAGON

**Construction and Trading Co.,Ltd.**
**No.259, Kyonggyi Street, (3)Ward,**
**Mawtin Lanmadaw Township,Yangon.**
**Phone- 09763588998, 09763588989**
**Email- info.royalgoldendragon@gmail.com**

- Our Services

Royal Golden Dragon Construction and Trading Co., Ltd (RGD) offers a comprehensive package of services designed to allow the client to work with one of our project manager and create a project the company can carry forward to completion. Some of the services RGD offers are:

Building and Construction Service
-Site preparation
-Fencing works
-Infra-structure works (RC Road, Drain, Side Walk, Street Light)
-Construction of buildings
-Painting


Mechanical and Electrical Service
-Fire protection system (Design and Build)
-Fire alarm system (Design and Build)
-Air-conditioning and mechanical ventilation system (Design and Build)
-Plumbing and utilities services
-Electrical system

Other Service
-Removal of trees

Painting Works



Building Works



M&E Works



Infra-Structure Works



# Anawa Devi Daiichi

Joint Venture Co,. Ltd.

Process in Myanmar


# Frozen Fish Fillet

(Skin on/ Skinless)

No. 136 (A-1) Myoebhat Street,
Thinbawgyin Yard, Dawbone Township.
Yangon, Myanmar.
admin@anawadevi.com
+ 951 544543, 544546

# Golden Hexagon
## Security Services

MANPOWER & ELECTRONIC SECURITY SERVICES





**Golden Hexagon Company Limited**

Address : No .646, Room - (A~E), 5th Floor, Hlaing Sabai Street,
Hlaing Sabai Yeik Mon, (12) Ward, Hlaing Township,Yangon, Myanmar.
Email : info@ghgroups.com, security@ghgroups.com
Phone : 01 538 027, 514 884, 514591
Hot Line : 09 978 877 988, 09 964 311 270
Website : www.ghgroups.com,
: www.facebook.com/GHSecurityServices


BGWD
BAWGAWADI COMPANY LIMITED
ဘောဂဝတီကုမ္ပဏီလီမိတက်
AUTOMOBILE TIMMING BELTS
Original PowerGrip
TIMING BELT
SUN
EconSave PowerGrip
TOYOPOWER
Automotive Timing Belt
Shop: Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.
Tel: (95-1) 682551, 682554, 682627 E-mail: bawgawadiyangon@gmail.com
Website: www.bawgawadi.com.mm


PPC
Property People Connection
Under Management of Established Company
" PPC Group of Companies" in Singapore
Property Services
➢ Property Management
➢ M & E Services
➢ Cleaning
➢ Security
Renovation Service
➢ Renovation of Existing Building
➢ Painting, Roofing, Flooring, Ceiling
➢ Installation of Electricity & Plumbing
➢ Consultancy Services
Real Estate Services
➢ Leasing, Purchasing & Selling
No.19, 4th Floor, Innwa Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.
Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net


Khun Brothers
International Co.,Ltd
Antimony, Tin and Wolfram
Refining & Trading
Factory Address - Kyae Kone, Kyauk Tann, Shan State, Kalaw Township.

## Ease of Doing Business Ranking မြင့်မားစေရေးအတွက် Trading Across Border Indicator အထောက်အကူပြု အဖွဲ့ဝင်ဌာနများ၏ လက်ရှိအခြေအနေတွင် လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကြာမြင့်ချိန် ကုန်ကျစရိတ်နှင့် လုပ်ငန်းစဉ်အဆင့်များ (စိုက်ပျိုးရေးဦးစီးဌာန)

**အပင်နှင့်အပင်ထွက်ပစ္စည်းများပြည်ပမှတင်သွင်းရန်တင်သွင်းခွင့်ထောက်ခံချက်ထုတ်ပေးခြင်းနှင့်စစ်ဆေးသည့်လုပ်ငန်းစဉ်**
**စိုက်ပျိုးရေးဦးစီးဌာန**

| စဉ် | တင်သွင်းမှုလုပ်ငန်းစဉ် | တာဝန်ယူသည့် အဖွဲ့အစည်း | အလုပ်ချိန် | ဝန်ဆောင်ခ | ဆောင်ရွက်မှု |
|---|---|---|---|---|---|
| ၁။ | ကုမ္ပဏီမှ **တင်သွင်းခွင့် ထောက်ခံ ချက်** ထုတ်ယူခွင့်ပြုပါ ရန်လျှောက်ထား ခြင်း။ | စိုက်ပျိုးရေးဦးစီးဌာန | (၇) နာရီ (၉:၃၀ – ၄:၃၀) | ၂၀၀၀ ကျပ် | လျှောက်လွှာလက်ခံခြင်းနှင့် လိုအပ်သော အချက် အလက်များ ပြည့်စုံမှုရှိ/ မရှိ စစ်ဆေးလက်ခံခြင်း။ |
| ၂။ | လျှောက်လွှာများတွင်ထောက်ခံချက် အမှတ်စဉ်ရိုက်နှိပ်ခြင်း၊ ထောက်ခံ ချက်ထုတ်ပေးနိုင်ရန်ကွန်ပျူတာတွင် အချက်အလက်များ ဖြည့်သွင်းခြင်း။ | စိုက်ပျိုးရေးဦးစီးဌာန | (၇) နာရီ (၉:၃၀ – ၄:၃၀) | | တင်သွင်းခွင့်ထောက်ခံချက်ထုတ်ပေးခြင်း။ |
| ၃။ | **တင်သွင်းလာချိန်တွင်** ကုမ္ပဏီမှ လာရောက် စစ်ဆေးရန် အကြောင်း ကြားခြင်း။ | စိုက်ပျိုးရေးဦးစီးဌာန | လုပ်ငန်းလိုအပ် ချက်အရ ရုံးချိန် ပြင်ပပါ ဆောင် ရွက်ပေးသည်။ | | သက်ဆိုင်ရာဆိပ်ကမ်း (သို့) လေဆိပ်တွင် တာဝန် ကျ စစ်ဆေးရေးမှူးများမှ လိုက်လံစစ်ဆေးခြင်း၊ တင်သွင်းခွင့် ထောက်ခံချက်နှင့် တစ်ဘက်နိုင်ငံမှ ထုတ်ပေးသည့် အပင်ပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက်အား တိုက်ဆိုင် စစ်ဆေးခြင်း၊ ကိုယ်စားပြုနမူနာအား ပိုးမွှားရောဂါကင်းရှင်းမှုရှိမရှိ မျက်မြင် စစ်ဆေးခြင်း။ |
| ၄။ | စစ်ဆေးပြီးနောက် အပင် ပိုးမွှား ရောဂါ ကင်းရှင်းပါ က ကုန်ပစ္စည်း ထုတ်ယူရန် သဘော တူညီခြင်း။(MACCS System ဖြင့်ချိတ်ဆက်ပါက) | စိုက်ပျိုးရေးဦးစီးဌာန | | | ကုန်ပစ္စည်း ထုတ်ယူရန် သဘော တူညီခြင်း။<br><br>MACCS System တွင် Agree / Approve ပြုလုပ်ခြင်း။ |
| ၅။ | အကယ်၍ ယင်းနမူနာတွင် ပိုးမွှား ရောဂါပါရှိ ပါကဓါတ်ခွဲခန်းတွင် အမျိုး အစားခွဲခြား စိစစ်ခြင်း။<br>(MACCS System ဖြင့် ချိတ်ဆက် ပါ က) | စိုက်ပျိုးရေးဦးစီး ဌာန | (၁–၇) ရက် | | သင့်တော်သည့်ဆေးစီရင်မှု/ ပိုးသတ်ခြင်း ပြုလုပ်စေပြီး ထပ်မံစစ်ဆေးခြင်း၊ ပိုးကင်းပါက ကုန်ပစ္စည်း ထုတ်ယူရန် သဘော တူညီခြင်း။<br><br>MACCS System တွင် Agree /Approve ပြုလုပ်ခြင်း။ |
| ၆။ | ထိန်းချုပ်ဖျက်ပိုးတွေ့ရှိပါက ယင်းကုန်ပစ္စည်းကို ဖျက်ဆီးခြင်း၊ | စိုက်ပျိုးရေးဦးစီး ဌာန | | ကုမ္ပဏီမှစရိတ် ကျခံရမည်။ | သက်ဆိုင်ရာနိုင်ငံသို့ Non-compliance ဖြစ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း။ |

**အပင်နှင့်အပင်ထွက်ပစ္စည်းများပြည်ပသို့ တင်ပို့ရန် အပင်ပိုးမွှားကင်းရှင်းကြောင်းထောက်ခံချက်ထုတ်ပေးခြင်းလုပ်ငန်းစဉ်**
**စိုက်ပျိုးရေးဦးစီးဌာန**

| စဉ် | တင်ပို့မှုလုပ်ငန်းစဉ် | တာဝန်ယူသည့် အဖွဲ့အစည်း | အလုပ်ချိန် | ဝန်ဆောင်ခ (မက်ထရစ်တန်) | ဆောင်ရွက်မှု |
|---|---|---|---|---|---|
| ၁။ | ကုမ္ပဏီမှအပင်ပိုးမွှားကင်းရှင်း ကြောင်း<br>ထောက်ခံချက်ထုတ်ယူခွင့်<br>ပြု ပါရန် လျှောက် ထားခြင်း | စိုက်ပျိုးရေးဦးစီးဌာန | (၇) နာရီ (၉:၃၀ – ၄:၃၀) | ၁ –၁၀၀ = ၃၀၀၀ ကျပ်<br>၁၀၀–၁၀၀၀ =၅၀၀၀ ကျပ်<br>၁၀၀၀ အထက်=၁၀၀၀၀ ကျပ် | လျှောက်လွှာလက်ခံခြင်း နှင့်အထောက် အထား စာရွက်စာတမ်းများ စိစစ်ခြင်း၊ သီးနှံ ကိုယ်စားပြု နမူနာလက်ခံခြင်း၊ လိုအပ်ပါက ပိုးမွှားကင်းရှင်းမှု ရှိ/မရှိ လိုက်လံ စစ်ဆေးခြင်း၊ |
| ၂။ | လျှောက်လွှာများတွင် ထောက်ခံ ချက်အမှတ်စဉ် ရိုက်နှိပ်ခြင်း၊<br>ကိုယ်စားပြုနမူနာများအား ပိုးမွှားကင်း ရှင်းမှုရှိ/မရှိ မျက်မြင် စစ်ဆေးခြင်း၊<br>ထောက်ခံချက်ထုတ်ပေးနိုင်ရန် ကွန်ပျူတာတွင် အချက်အလက် များဖြည့်သွင်းခြင်း၊ | စိုက်ပျိုးရေးဦးစီးဌာန | (၇) နာရီ (၉:၃၀ – ၄:၃၀) | | ကိုယ်စားပြုနမူနာများတွင် ပိုးအရှင် မပါရှိခြင်းနှင့် တင်ပို့မည့်နိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီပါက အပင်ပိုးမွှားကင်း ရှင်းကြောင်း ထောက်ခံချက်ထုတ်ပေးခြင်း၊ |
| ၃။ | အကယ်၍ တင်ပို့မည့် နိုင်ငံ၏ လိုအပ်ချက်အရ စစ်ဆေးရမည့် ပိုးမွှားရောဂါပါရှိပါက ဓါတ်ခွဲခန်း တွင်စိစစ်ခြင်း၊ | | (၁–၇) ရက် | | တင်ပို့မည့်နိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီပါက အပင်ပိုးမွှားကင်းရှင်းကြောင်း ထောက်ခံ ချက်ထုတ်ပေးခြင်း၊ |

**Trading Across Border Indicators Template for mapping procedures, time and cost**
**(စိုက်ပျိုးရေးဦးစီးဌာန)**

| No | Description of Procedure | Agency responsible | Time | Cost | Justification (of procedure, time taken and cost) |
|---|---|---|---|---|---|
| ၁။ | စမ်းသပ်စိုက်ပျိုးခွင့်၊ စမ်းသပ်စိုက်ပျိုးရန်တင်သွင်းခွင့် | စိုက်ပျိုးရေး ဦးစီးဌာန | အလုပ်ချိန် (၁ ရက်)အတွင်း | Free | **ဦးစားပေးသီးနှံ (၂၁) မျိုးအတွက်**<br>အထောက်အထားမှန်ကန်ပြည့်စုံပါကနေ့ချင်းပြီးဆောင်ရွက်ပေးပါသည်။ |
| ၂။ | စမ်းသပ်စိုက်ပျိုးခြင်း | စိုက်ပျိုးရေး ဦးစီးဌာန | သီးနှံအလိုက် တစ်ရာသီ (စပါးသီးနှံ ၂ ရာသီ) | **လယ်ယာသီးနှံ** ၂၀၆၆၀၀ - ၆၇၇၂၅၀ ကျပ်<br>(စမ်းသပ်ကွက်တစ်ကွက်စာ)<br>**ဥယျာဉ်ခြံသီးနှံ** ၂၃၇၀၀၀-၁၀၄၂၀၅၀ကျပ်<br>(စမ်းသပ်ကွက်တစ်ကွက်စာ)<br>သီးနှံအမျိုးအစားနှင့်မျိုးအရေအတွက်ပေါ်မူတည်ပါသည်။ | **ဦးစားပေးသီးနှံ (၂၁) မျိုးအတွက်**<br>Protocol ပါသတ်မှတ်ချက်များနှင့် အညီမတူညီသောဒေသ ၃ ခုတွင် တစ်ရာသီစမ်းသပ်စိုက်ပျိုးရပါမည်။<br>(စပါးသီးနှံအတွက် နှစ်ရာသီ) |
| ၃။ | မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပခြင်း | စိုက်ပျိုးရေး ဦးစီးဌာန | အလုပ်ချိန် (၁ရက် မှ ၂ ရက်) ၃ လတစ်ကြိမ် (၄ ကြိမ်/နှစ်) | Free | - ဦးစားပေးသီးနှံ(၂၁)မျိုး၏ စမ်းသပ် စိုက်ပျိုးအဖြေများ<br>- Document ဖြင့်တင်ပြမည့် သီးနှံများ(အထောက်အထား မှန်ကန်ပြည့်စုံပါက TSC အစည်းအဝေးသို့ တင်ပြပါသည်။)<br>TSC အဖွဲ့ဝင်များမှ စိစစ်ပါသည်။ |
| ၄။ | မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေးကျင်းပခြင်း | စိုက်ပျိုးရေး ဦးစီးဌာန | အလုပ်ချိန် (၁ ရက်)အတွင်း | Free | မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ သဘောထားမှတ်ချက်နှင့် အတူတင်ပြလာသောမျိုးသစ်များကိုခွင့်ပြုခြင်း/ငြင်းပယ်ခြင်း။ |
| ၅။ | မျိုးသစ်အသိအမှတ်ပြုလက်မှတ် များပြုစုခြင်း/မျိုးသစ်အသိအမှတ် ပြုလက်မှတ်ထုတ်ပေးခြင်း | စိုက်ပျိုးရေး ဦးစီးဌာန | တစ်ပါတ်အတွင်း | • လယ်ယာသီးနှံ - ၅၀၀,၀၀၀ ကျပ်<br>• ဥယျာဉ်ခြံသီးနှံ<br>✓ ဟင်းသီးဟင်းရွက်သီးနှံ-၃၀၀,၀၀၀ကျပ်<br>✓ သစ်သီး - ၅၀၀,၀၀၀ကျပ်<br>• နှစ်ရှည်သီးနှံ - ၅၀၀,၀၀၀ကျပ်<br>(မျိုးသစ်တစ်မျိုးချင်းအတွက်ပေးသွင်းရမည်ဖြစ်ပါသည်။)Parental Line တစ်စုံ-၅၀၀,၀၀၀ကျပ်<br>(သက်တမ်း - ၁၀ နှစ်) | NSC အစည်းအဝေးပြီးတစ်ပါတ်အတွင်းအသိအမှတ်ပြုလက်မှတ် များပြုစုပြီး NSCဥက္ကဋ္ဌနှင့်အတွင်းရေးမှူးလက်မှတ်ရေးထိုးပြီးပါက လက်မှတ်ခပေးသွင်းစေ၍လက် မှတ်ထုတ်ပေးပါသည်။ |
| ၆။ | မျိုးစေ့အရည်အသွေးစစ် ဆေးခန်းဖွင့်လှစ်ခွင့်မှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်း | စိုက်ပျိုးရေး ဦးစီးဌာန | ၂ ပါတ်အတွင်း | ၃၀၀,၀၀၀ ကျပ်/ ဓါတ်ခွဲခန်း<br>(သက်တမ်း - ၃ နှစ်) | ဖွင့်လှစ်မည့်အရည်အသွေးစစ်ဆေးခန်းအားသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိစိစစ်ပြီးမှတ်ပုံတင်ခွင့်ပြုပါကမှတ်ပုံတင်လက်မှတ် ခပေးသွင်းစေပြီးလက်မှတ် ထုတ်ပေးပါသည်။ |
| ၇။ | မျိုးစေ့လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း | စိုက်ပျိုးရေး ဦးစီးဌာန | ၃ ရက် မှ ၅ ရက် အတွင်း | ၃၀၀,၀၀၀ ကျပ်/သီးနှံ<br>(သက်တမ်း - ၅ နှစ်) | - သီးနှံအမျိုးအစားတစ်မျိုးချင်းအလိုက် လျှောက်ထားရပါသည်။<br>- လျှောက်လွှာများအားစိစစ်၍ လိုင်စင်ခပေးသွင်းစေပြီး TSC ဥက္ကဋ္ဌလက်မှတ်ရေးထိုးပြီးပါကလိုင်စင်ထုတ်ပေးပါသည်။ |
| ၈။ | မျိုးစေ့တင်သွင်း/တင်ပို့ခွင့် ထောက်ခံချက်ထုတ်ပေးခြင် | စိုက်ပျိုးရေး ဦးစီးဌာန | (၁) ရက်အတွင်း | Free | အထောက်အထားမှန်ကန်ပြည့်စုံပါကနေ့ချင်းပြီးဆောင်ရွက်ပေးပါသည်။ |

ဆက်လက်ဖော်ပြပါမည်။

## ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၁၆/ ၂၀၁၇-၂၀၁၈)ကို ချောင်းဦးမြို့နယ်၊ ရွှေဘုတာကျေးရွာ၌ ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ ရက်ထိ ၁၃ ရက်ကြာ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့သည်။

သင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန၊ ချောင်းဦးမြို့နယ် တာဝန်ခံ ဒေါ်ခင်မြတ်မူက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများခေါင်းစဉ်ဖြင့် ပညာပေးဟောပြောခဲ့ပြီး သစ်သီးဝလံများ ပျက်စီးသည့် အကြောင်းရင်းများ၊ သစ်သီးဝလံများ တာရှည်ခံအောင် ပြုလုပ်နည်း၊ သစ်သီး ယိုမျိုးစုံပြုလုပ်နည်း၊ သစ်သီးဖျော်ရည်များ အဆင့်ဆင့်ပြုလုပ်နည်း၊ သစ်သီးဂျယ်လီပြုလုပ်နည်း၊ ဆော့စ်ပြုလုပ်နည်း၊ ဆန်/ဂျုံဖြင့် ပြုလုပ်သော ပန်းသီးကိတ်၊ chiffon ကိတ်၊ cookkie များ ပြုလုပ်နည်း၊ အာလူးကြော်/ အာလူးခြောက်/ ငှက်ပျောသီးခြောက်/ ငါးမုန့်ခြောက်/ကြက်သွန်နီပေါင်းခြောက်ပြုလုပ်နည်းများ၊ ပဲစင်းငုံဖြင့် မုန့်အမျိုးမျိုး ပြုလုပ်နည်းများကို စာတွေ့/ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းအား စားသောက်ကုန်ထုတ်လုပ်သည့် မိသားစုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ မိသားစု ဝင်ငွေတိုးပွားစေရန်၊ သဘာဝ သစ်သီးဝလံများကို အခြေခံ၍ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များ ထုတ်လုပ်နိုင်စေရန်၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဥပဒေ ညွှန်ကြားချက်များကို သိရှိနိုင်စေရန်နှင့် အသေးစားစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်း သစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။ **သန်းသန်းတင် (မုံရွာ)**

**စာမျက်နှာ ၈ မြန်မာ-တရုတ်နယ်စပ် မှအဆက်**

တရုတ်နိုင်ငံတွင် ပြောင်းစိုက်ပျိုးထုတ်လုပ်သော်လည်း ယခုနှစ်တွင် ထုတ်လုပ်မှု အရည်အသွေး စံချိန်စံညွှန်းမပြည့်မီ၍ အသုံးပြုရန်၊ စားသုံးရန်မသင့်သဖြင့် အချို့ပြည်နယ်များတွင် စိုက်ပျိုးပြောင်းသီးနှံများအား ဖျက်ဆီးခဲ့ကြရပြီး ပြည်တွင်းအသုံးပြုရန်အတွက် ပြောင်းကို ယခင်နှစ်များထက်ပိုမိုဝယ်ယူမှုရှိကြောင်း လေ့လာသိရှိရပါတယ်။ တင်ပို့မှုအနေဖြင့် ယခင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလ ၉ ရက်အထိ) မြေပြင်အမှန်စာရင်းအရ တန်ချိန် ၁၂၆၄၁၂ တန်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၃၈ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ပြောင်းရာသီ ကုန်ဆုံးချိန်ရောက်ရှိလာပြီဖြစ်သဖြင့် ဈေးကွက်အနေအထားအရ ဈေးနှုန်းမြင့်တက်လာသော်လည်း တင်ပို့နိုင်မှုအား လျော့နည်းလာသည်ကို တွေ့ရှိရပါတယ်။ ဈေးကွက် ဝယ်လိုအားမှာ ကုန်ပစ္စည်းထုတ်လုပ်နိုင်မှုပမာဏထက် နှစ်စဉ်နှစ်တိုင်း ပိုမိုဝယ်ယူနိုင်တယ်လို့ လေ့လာသုံးသပ်မိပါတယ်။

**Re-Export သကြားတင်ပို့မှုအခြေအနေပေါ်တွင် လေ့လာသုံးသပ်ခြင်း**

တရုတ်နိုင်ငံရဲ့သကြားသုံးစွဲမှုမှာ နှစ်စဉ်တန်ချိန် ၁၆ သန်းခန့်ရှိပြီး စိုက်ပျိုးထုတ်လုပ်နိုင်မှုအနေဖြင့် တန်ချိန် ၁၀ သန်းခန့်သာ ထုတ်လုပ်နိုင်၍ နှစ်စဉ်တန်ချိန် ခြောက်သန်းခန့် လိုအပ်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ တရုတ်နိုင်ငံတွင် တည်ရှိတဲ့ဈေးကွက်အနေအထားအရ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံ များမှ သကြားများဝယ်ယူ၍ တရုတ်နိုင်ငံသို့ Re-Export စနစ်ဖြင့် သကြားတင်ပို့ရောင်းချမှုအား ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၌ စတင် ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ Re-Export သကြားတင်ပို့မှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၀၆၂၁၄၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၆၈ သန်းတင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဖေဖော်ဝါရီလ ၉ ရက်အထိ) မြေပြင် အမှန်တန်ချိန် ၇၇၆၄၀၂ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၀၄ သန်းသာ တင်ပို့နိုင်ခဲ့သဖြင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၂၈၅၇၄၇ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၆၆၄ သန်း လျော့နည်းနေကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဈေးကွက်လိုအပ်ချက်များပြားသော်လည်း တရုတ်နိုင်ငံအနေဖြင့် ပြည်ပသကြားများ ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ နစ်နာထိခိုက်မှုများဖြစ်ပေါ်ခဲ့သည်ဟုဆိုကာ သွင်းကုန် အတားအဆီးဆိုင်ရာပြဋ္ဌာန်းချက်(Safeguards Measure) ကိုကျင့်သုံး၍ ဘရာဇီး၊ ထိုင်း၊ ကျူးဘား၊ ဩစတြေးလျ၊ ဂွါတီမာလာ၊ တောင်ကိုရီးယားနိုင်ငံတို့မှ ထုတ်လုပ်တင်သွင်းတဲ့ သကြားများကို တစ်ယူနစ်လျှင် ၄၅ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်းဖြင့် Tariff Quota မဟုတ်သော သွင်းကုန်အပေါ် နှစ်အပိုင်းအခြားအလိုက် လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံမှလည်း Re-Export စနစ်ဖြင့် သကြားတင်သွင်းခွင့် လိုင်စင်ထုတ်ပေးမှုကို အခြေအနေအရပ်ရပ်ကြောင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ ရပ်ဆိုင်းထားခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်ဆုံးရန်တစ်လကျော်ကျန်ရှိနေသေးသော်လည်း ယခုလက်ရှိတွင် တင်ပို့ရောင်းချနေမှုနှုန်းများ၊ ဖြစ်ပေါ်နေတဲ့ အခြေအနေများနှင့် နှိုင်းယှဉ်တွက်ချက်ကြည့်ပါက လျော့ကျသွားတဲ့ တင်ပို့ရောင်းချမှုကိုတော့ မပြည့်မီနိုင်ဘူးလို့ ခန့်မှန်းသုံးသပ်ရပါတယ်။

တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ တစ်တန်လျှင်ယွမ် ၃၈၀၀ ပတ်ဝန်းကျင်ရှိပြီး နေ့စဉ်တင်ပို့ရောင်းချမှုမှာ တန်ချိန် ၁၂၀၀ ဝန်းကျင်ရှိကြောင်း၊ ဂိုထောင်လက်ကျန် တန်ချိန် ၄၀၀၀၀ ကျော်ရှိသော်လည်း လက်ကျန်များမှာ ဝယ်လက်များမှ လာရောက်ဝယ်ယူသော်လည်း တရုတ်နှစ်သစ်ကူးပြီးချိန်တွင် ဈေးနှုန်းပိုတက်လာနိုင်တာကို မျှော်မှန်း၍ ထိန်းညှိရောင်းချနေခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**လေ့လာသုံးသပ်ချက်**

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး ပြည်ပဈေးကွက်ရှာဖွေ ဖော်ဆောင်ပေးနိုင်ဖို့ ဆောင်ရွက်ရာတွင် အင်အားကြီး အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံ ဈေးကွက်အခြေအနေကို လေ့လာသုံးသပ်ဖို့ လိုအပ်လာပါတယ်။ တရုတ်နိုင်ငံအတွင်းတွင် လယ်ယာထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချ တင်ပို့လျက်ရှိသော်လည်း များပြားလှတဲ့ လူဦးရေအတွက်ဖြစ်စေ၊ စက်မှုကုန်ကြမ်းအတွက်ဖြစ်စေ၊ စားသောက်ကုန်လုပ်ငန်းများအတွက်ဖြစ်စေ၊ တိရစ္ဆာန်အစားအစာထုတ်လုပ်မှုအတွက်ဖြစ်စေ လယ်ယာထွက်ကုန်ပစ္စည်းများ နှစ်စဉ်နှစ်တိုင်း လိုအပ်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

တရုတ်နိုင်ငံရဲ့ ဈေးကွက်လိုအပ်ချက်နှင့်နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံရဲ့ တင်ပို့နိုင်မှု လျော့နည်းနေပြီး ဆန်၊ ပြောင်းတို့အား ဈေးကွက်လိုအပ်ချက်အတိုင်း နောင်နှစ်များတွင် ပိုမိုစိုက်ပျိုးထုတ်လုပ် တင်ပို့နိုင်မယ့် အခြေအနေရှိသော်လည်း သကြားတင်ပို့နိုင်မှုတွင် Re-export သကြားတင်သွင်းမှု ရပ်ဆိုင်းထားခြင်း၊ ဈေးကွက်ရှိသော်လည်း တင်ပို့မှုအများ အပြားလျော့နည်းကျဆင်းသွားနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဆန်၊ ပြောင်းနှင့် Re-export သကြားတို့ရဲ့ ကုန်သွယ်မှုတန်ဖိုးကို လေ့လာကြည့်မယ်ဆိုရင် တစ်ဖက်နိုင်ငံရဲ့ ဇန်နဝါရီလအတွင်း ပျမ်းမျှပေါက်ဈေးမှာ ဆန်တစ်တန်လျှင် ၂၄၈၅ ယွမ်၊ ပြောင်းတစ်တန်လျှင် ၁၇၄၇ ယွမ်၊ သကြား တစ်တန်လျှင် ၄၁၉၇ ယွမ်နှုန်းရှိတဲ့အတွက် သကြား ယာဉ်တစ်စီးရဲ့တန်ဖိုးနဲ့ ဆန်သယ်ဆောင်လာတဲ့ ယာဉ်နှစ်စီးတန်ဖိုး၊ ပြောင်းသယ်ဆောင်လာတဲ့ ယာဉ်နှစ်စီးခွဲရဲ့တန်ဖိုးတို့ ပျမ်းမျှအားဖြင့် တူညီနေတာကြောင့် သကြားတင်ပို့မှုနှုန်းများလာပါက ကုန်သွယ်မှုပမာဏလည်း တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။

လက်ရှိအနေအထားတွင် ပြည်ပမှဝယ်ယူရတဲ့ သကြားဈေးနှုန်းမှာ ရန်ကုန်ဆိပ်ကမ်းအရောက် အခွန်ဆောင်ပြီး တစ်တန်လျှင် ၃၈၅ အမေရိကန်ဒေါ်လာကျသင့်ပြီး မူဆယ်အရောက်ဈေး ၄၇၆ အမေရိကန်ဒေါ်လာ၊ ရွှေလီမြို့ပေါက်ဈေး ၆၃၃ အမေရိကန်ဒေါ်လာ၊ကူမင်းပေါက်ဈေး ၈၁၉ အမေရိကန်ဒေါ်လာခန့် ရှိနေသဖြင့် ယခုအချိန်တွင် ဝယ်ယူသိုလှောင်ထားပြီး တစ်ဖက်နိုင်ငံသို့ ဈေးနှုန်းမြင့်ဖြင့် ရောင်းချနိုင်ပါက လုပ်ငန်းရှင်များရော နိုင်ငံတော် အခွန်အခရရှိရေးအတွက်ပါ အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။

❑

# ပခုက္ကူမြို့ သီး/ဆိတ် ထုတ်လုပ်တင်ပို့မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဖေဖော်ဝါရီ ၁၇ ရက်က ပခုက္ကူမြို့၌ သိုး/ဆိတ် ထုတ်လုပ်တင်ပို့မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို 'ပြည်သာယာ' ခန်းမတွင် ကျင်းပခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းမှ သိုး/ဆိတ်မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ်ညှိနှိုင်းရေး အသင်းအဖွဲ့ဝင်များ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်တို့မှ သိုး/ဆိတ်မွေးမြူသူ အသင်းအဖွဲ့ ခေါင်းဆောင်များ၊ စုစုပေါင်း ၂၉၁ ဦး တက်ရောက်ခဲ့ပါတယ်။ အခမ်းအနားတွင် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးဟာ ပြည်ပပို့ကုန်ဖြစ်သော ပဲမျိုးစုံနှင့် နာမည်ကြီး ဆီထွက်သီးနှံဖြစ်သည့် သိပ္ပံနှမ်းနက်ထွက်ရာဒေသဖြစ်ပြီး စီးပွားရေးအနေအထားအရလမ်းကြောင်းပေါ်မှာရှိနေတဲ့ စီးပွားရေးအဓိကကျတဲ့ တိုင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍက နိုင်ငံစီးပွားရေးအတွက် အားထားရတဲ့ လုပ်ငန်းဖြစ်သည်နှင့် အညီ ဆန်စပါး၊ ပဲမျိုးစုံ၊ ရေထွက်သားငါး စတာတွေအပြင် ရာသီဥတုအနေအထားနှင့် ကိုက်ညီသည့် သိုး/ ဆိတ်တင်ပို့နိုင်ရေးကို မကွေးတိုင်းမှအစပြု၍ စစ်ကိုင်း၊ မန္တလေးတို့မှ ပူးပေါင်းဆောင်ရွက်ပြီး အစုအဖွဲ့၊ အသင်းအဖွဲ့၊ မွေးမြူရေးဇုန်တွေ ဖော်ထုတ်ပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးမှသည် အစုအဖွဲ့ဇုန်တွေဖြစ်ပေါ်ပြီး မျိုးကောင်းမျိုးသန့်ရရှိရေး၊ လွှတ်ကျောင်းမွေးမြူသည့်စနစ်မှ ခြံလှောင်စနစ်၊ အစားအစာ ကျွေးမွေးပုံ၊ ရောဂါကုသရေးမှ ဈေးကွက် ရှာဖွေဖော်ဆောင်ပေးမှုစသည်တို့ကို ပွင့်လင်းမြင်သာစွာဖြင့် ဆွေးနွေးကြစေလိုကြောင်း၊ ဒါမှသာလျှင် သက်ဆိုင်ရာဌာနအသီးသီးမှ လိုအပ်ချက်၊ လိုအပ်မှုတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း၊ စာရင်းဇယားများအရ ယခုအချိန်အထိ သိုး/ဆိတ်အကောင်ရေ ၄၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး လာမယ့်နှစ်တွေမှာ သိုး/ဆိတ် အကောင်ရေငါးသိန်းအထိ တင်ပို့နိုင်ဖို့ ရည်ရွယ်ထားကြောင်း၊ ပို့ကုန်မဟာဗျူဟာအရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဆန်ဆိုလျှင် ယခုအချိန်အထိ တန်ချိန်သုံးသန်းတင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကထက်နှစ်ဆကျော်တင်ပို့နိုင်ခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများရဲ့တာဝန်ယူ ဆောင်ရွက်နိုင်မှုကြောင့် တန်ချိန်ငါးသန်းအထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း နိုင်ငံအနေနဲ့ ကုန်ပစ္စည်းတင်ပို့ရာမှာ ကုန်ကြမ်းအတိုင်းသာတင်ပို့နေရကြောင်း နောက်ပိုင်းတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်ဖို့ ကြိုးစားရမှာဖြစ်ကြောင်း၊ အမျိုးသားရေး အကျိုးစီးပွားအဖြစ် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးဟာ ရခိုင်၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ဆက်သွယ်သည့်မူဆယ်-လားရှိုး-မန္တလေး လမ်းနှင့် နီးကပ်စွာတည်ရှိခြင်း အိန္ဒိယရဲ့ အရှေ့မျှော်မူဝါဒအရ ဆက်သွယ်မည့်လမ်းကြောင်း ပေါ်ရှိခြင်းတို့ကြောင့် စီးပွားရေးအလားအလာ ကောင်းများရှိနေတဲ့တိုင်းကြီး တစ်ခုဖြစ်ကြောင်း၊ ဒေသတွင်း ပဲမျိုးစုံ၊ ဆီထွက်သီးနှံများသာမက ယခုလိုသိုး/ ဆိတ်မွေးမြူခြင်းဟာလည်း မိသားစုတစ်နိုင်တစ်ပိုင် မွေးမြူရာမှ သိုး/ဆိတ်တင်ပို့မှုမြှင့်တင်ရေး အောင်မြင်လာရင် ထပ်မံတိုးချဲ့မွေးမြူနိုင်ပါက မိသားစု အလုပ်အကိုင်များလည်း ရရှိလာမှာဖြစ်၍ ယခုလို 'သိုး/ ဆိတ် တင်ပို့မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ' ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဆက်လက်ဆွေးနွေးရာမှာ မကွေးတိုင်းဒေသကြီးအတွင်း ရာသီဥတုအနေအထားအရ နေရာဒေသတော်တော်များများမှာ မိသားစုတစ်နိုင်တစ်ပိုင် သိုး/ဆိတ်ကို မွေးမြူကြကြောင်း၊ ၂၀၁၇-၂၀၁၈ မြေပြင်စာရင်းများအရ သိုး/ ဆိတ်ကောင်ရေ ကိုးသိန်းကျော် မွေးမြူထားကြောင်း၊ လုပ်ငန်းရှင် သုံးသောင်းကျော်ရှိကြောင်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်မှစပြီး ပြည်ပနိုင်ငံတွေတင်ပို့ရောင်းချနိုင်ရန် စိစစ်ပေးကြောင်း ဆွေးနွေးခဲ့ပါတယ်။

ထို့နောက် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် သိုး/ဆိတ်၊ ကျွဲ၊ နွားမွေးမြူခြင်းကို တိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် လုပ်ငန်းများအဖြစ် နည်းပညာ အကူအညီရယူပြီး ခေတ်မီအောင် ပြောင်းလဲမွေးမြူနိုင်ရေး သက်ဆိုင်ရာဌာနများမှ ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်း ယခင်ကအရွယ်ရောက်ပြီး ဆိတ်တစ်ကောင်ရောင်းချပါက လေးသောင်း၊ ငါးသောင်း ပတ်ဝန်းကျင်သာရရှိပြီ ယခုအခါကိုးသောင်း တစ်သိန်းရရှိလာလို့ မွေးမြူသူတွေ တွက်ချေကိုက်ကြောင်း၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ နည်းပညာ အခက်အခဲ၊ ချေးငွေ အခက်အခဲများ ရှိလာနိုင်လို့ တိုးချဲ့ မွေးမြူနိုင်ရေး နိုင်ငံတော်မှ အားပေးကူညီရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်းဆိုလိုတာက တော့ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာ ညွှန်ချုပ်များ တက်ရောက်တဲ့ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ သိုး/ ဆိတ်မွေးမြူ တင်ပို့သည့်ကုမ္ပဏီများ၊ ပြည်ပနိုင်ငံများရှိ ကုမ္ပဏီနှင့် ဆက်သွယ်ဝယ်ယူနိုင်ရေး ချိတ်ဆက် ဆောင်ပေးစေလိုကြောင်း တိုင်းအတွင်းမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသနေပြည်သူများ ဝင်ငွေ တိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု မြင့်မားရေးအတွက် သိုး/ဆိတ်မွေးမြူ တင်ပို့သူများမှ ကြုံတွေ့နေရသည့် ထုတ်လုပ်မှုဆိုင်ရာ အခက်အခဲ စီးပွားရေးပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများ ဈေးကွက် ဝင်ရောက်ခြင်းဆိုင်ရာ အဟန့်အတားအဆီးများ ဈေးကွက် ဝင်ရောက်ခြင်းဆိုင်ရာ အဟန့်အတားများကို ဌာနစုံစုံညီညီတက်ရောက်လာတဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ ပွင့်ပွင့်လင်းလင်း ဖော်ထုတ်သွားကြရန် လိုအပ်ကြောင်း ဆက်လက်ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်မောင်းက ဆိတ်အစုအဖွဲ့များ ဆိတ်မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးပြီး ဆက်လက်၍ မွေး/ကုဦးစီး ဌာန မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ ရောဂါကာကွယ်ကုသခြင်း၊ အရည်အသွေးမီ သိုး/ဆိတ်များ တိုးမြှင့် ထုတ်လုပ်ရေး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကုန်သွယ်မှုနှင့်ဆိုင်သောလုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အစည်းအဝေးတွင် စားပွဲဝိုင်း ဆွေးနွေးပွဲများပြုလုပ်ခဲ့ရာ စားပွဲဝိုင်း(၁)မှ ထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စများ၊ စားပွဲဝိုင်း(၂)မှ ပို့ကုန်တိုးမြှင့်ရန် ပတ်ဝန်းကျင် ကောင်းများရရှိရေးဆိုင်ရာကိစ္စများ၊ စားပွဲဝိုင်း(၃)မှ ဈေးကွက်ရရှိရေးဆိုင်ရာ ကိစ္စများ၊ စားပွဲဝိုင်း(၄)မှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ပြီး စားပွဲဝိုင်း(၄) ဝိုင်းရဲ့စုစည်းတင်ပြမှုအပေါ် သဘာပတိအဖွဲ့က ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရပါတယ်။ **မြင့်ဦး(ပခုက္ကူ)**

# မော်ဘီတပ်နယ်အတွင်းရှိ အရာရှိ/စစ်သည်၊ အိမ်ထောင်သည်ရဲမေများကို စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိဝန်ထမ်းများဖြစ်သည့်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မော်ဘီမြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၆ ရက်တွင် မော်ဘီမြို့နယ်၊ မော်ဘီတပ်နယ်ခန်းမတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ အရာရှိ အရာခံ၊ အကြပ်၊ စစ်သည်နှင့် အိမ်ထောင်သည်ရဲမေများကို စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း ၄၅၀ ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် မော်ဘီတပ်နယ်မှ တပ်နယ်ဦးစီးအရာရှိ (ပထမတန်း)ဒုတိယဗိုလ်မှူးကြီးမြတ်မင်းထွေးက နှုတ်ခွန်းဆက်အဖွင့်စကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်နန်းမေသက်နိုင်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပေါ်ပေါက်ပုံ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ရည်ရွယ်ချက်၊ ဥပဒေပါပြဋ္ဌာန်းချက်များဖြစ်သည့် စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းထားရှိမှု၊ စားသုံးသူများ၏ နေထိုင်စားသောက်မှုပုံစံကို ပြောင်းလဲ၍ ရွေးချယ်၊ ဝယ်ယူ၊ စားသုံး/သုံးစွဲသည့်အလေ့အကျင့်ကောင်းများကို ပြုလုပ်သွားကြရန်နှင့် စားသုံးသူရေးရာနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတ အတွေ့အကြုံများကို မိမိတို့ ပတ်ဝန်းကျင်တွင် ပြန်လည်ဖြန့်ဝေဖို့လိုကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ပွင့်ဟေမာန်အောင်က ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ အစားအသောက်များကို ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီး နောက်ပိုင်း ကွင်းဆင်းဆောင်ရွက်ခဲ့မှုများ၊ အမျိုးသားအစားအသောက်ဥပဒေ၏ ရည်ရွယ်ချက်များ၊ ပြည်ပမှတင်သွင်းသည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ ဆေးဝါးဆိုင်ရာပစ္စည်းများ၊ ပြည်တွင်းမှထုတ်လုပ်သည့် စားသောက်ကုန်များတွင် ခွင့်ပြုထောက်ခံချက်၊ ထောက်ခံချက်ထုတ်ပေးနေမှုများ၊ မြန်မာနိုင်ငံရှိ အစားအသောက်များတွင် အများဆုံးတွေ့ရသော ခွင့်မပြုဓာတုဆိုးဆေးများအကြောင်းတို့ကို ဆွေးနွေးခဲ့ပြီး မော်ဘီမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ကျန်းမာရေးမှူး ဒေါက်တာစုစုလှိုင်က ငယ်စဉ်ကတည်းက ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များကို ကြာရှည်စွာ စားသောက်ခဲ့၍ စားသောက်နေထိုင်မှုပုံစံမမှန်သောကြောင့် မကူးစက်နိုင်သောရောဂါများ အဖြစ်များကြောင်း၊ အသင့်စား အစားအစာများ ရောင်းချနေမှုပိုမိုများပြားလာခြင်းနှင့် အချိုရည်သောက်သုံးမှုမြင့်တက်လာခြင်းတို့ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေ ၁၀၀ လျှင် ၅၉ ဦးသည် မကူးစက်နိုင်သောရောဂါများ ခံစားနေရကြောင်း၊ ချိုလွန်း၊ ငန်လွန်း၊ အဆီများသော အစားအစာကို အတတ်နိုင်ဆုံး အနည်းငယ်သာ စားသုံးရန်၊ အသင့်စားသုံး၍ရသော အစားအစာများ လျှော့၍စားသုံးရန်၊ တိရစ္ဆာန်မှရသော အဆီများကို မစားသုံးရန်၊ စားအုန်းဆီများကို အလွန်အကျွံ မစားသုံးရန်နှင့် ကွမ်းနှင့်ဆေးလိပ်၊ ဆေးရွက်ကြီးစားသုံးခြင်း၊ အရက် အလွန်အကျွံသောက်သုံးခြင်းကို ရှောင်ကြဉ်ရန်၊ အမျှင်ဓာတ်ပါဝင်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးရန်၊ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ရန်၊ ခန္ဓာကိုယ်တွင် ရှိသင့်သည်ထက် ပိုမဝအောင်ထိန်းသိမ်းရန်တို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကုန်စည်/ဝန်ဆောင်မှုနှင့်ပတ်သက်သည့် တိုင်ကြားလာမှုများအပေါ် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဖြေရှင်းဆောင်ရွက်ခဲ့မှုများ၊ စားသုံးသူများအနေဖြင့် Online မှတစ်ဆင့် ကုန်ပစ္စည်းဝယ်ယူခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်သင့်သည့် အသိပညာပေးကြော်ငြာချက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်သံမီဒီယာများတွင် ဖော်ပြထည့်သွင်းထားသောကြောင့် စားသုံးသူများ အသိ၊ သတိဖြင့် ဝယ်ယူအသုံးပြုကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

အလားတူ ဖေဖော်ဝါရီ တတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိအရှေ့ပိုင်းခရိုင်တွင် ၁၈ နေရာ၊ အနောက်ပိုင်းခရိုင်တွင် ကိုးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၂၆ နေရာ၊ မြောက်ပိုင်း ခရိုင်တွင် ၁၇ နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲ များနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်မြဦး (စားသုံးသူ)ရန်ကုန်**

# Coca-Cola လက်လီစီးပွားရေးကျွမ်းကျင်မှုသင်တန်း ဘားအံမြို့တွင်ဖွင့်လှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ စားသုံးသူရေးရာဦးစီးဌာန (ခရိုင်ရုံး) ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနအသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးရေးဌာန၊ ကိုကာကိုလာစီးပွားရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်တို့ပူးပေါင်း၍ Coca-Cola လက်လီ စီးပွားရေးကျွမ်းကျင်မှုသင်တန်းကို ဖွင့်လှစ်ခဲ့ရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီး




ဌာနပြည်နယ်ဦးစီးမှူး ဦးစိန်လွင်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းနှင့် ကရင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးစိုးသိန်းတို့ တက်ရောက်ခဲ့သည်။

သင်တန်းတွင် သင်တန်းဆရာမ Master Trainer Queenie (ခေါ်)ဒေါ်ခင်သန်းဌေးက ဈေးကွက်ရှာဖွေခြင်း၊ စာရင်းမှတ်သားခြင်းနှင့် သိုလှောင်ကုန်ပစ္စည်းထိန်းချုပ်ခြင်းဟူ၍ အပိုင်း (၃) ပိုင်း ခွဲ၍ သင်ကြားခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူ လူငယ်များ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၃၅ ဦးခန့် တက်ရောက်ခဲ့ကြောင်းနှင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းလုပ်ကိုင်နေသူများ၊ လေ့လာနေသူများအတွက် အထောက်အကူပြုသော သင်တန်းဖြစ်ကြောင်း သိရှိရသည်။ **နန်းခင်ဇာဖြူ (ဘားအံ)**

# ရန်ကုန်ကားဈေးကွက်စောင့်ဆိုင်းမှုများ၍ ဈေးကွက်အေးနေ

ရန်ကုန်ကားဈေးကွက်၏ ဖေဖော်ဝါရီလကုန်ပိုင်းအခြေအနေမှာ ပတ်ဝန်းကျင်သတင်းများဖြင့် ဈေးကွက်အား လေ့လာစောင့်ဆိုင်းနေပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်း လတ်တလော ထွက်ပေါ်လာသော သတင်းများအရ တိုင်းဒေသကြီးအာဏာပိုင်များ နှင့် မော်တော်ယာဉ်လုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံညှိနှိုင်းခဲ့ကြပြီး အစဉ်အဆက် အများတောင်းဆိုခဲ့သော ရန်ကုန် လိုင်စင်ကားများ ပြန်လည်တင်သွင်းခွင့်ပေးရေး အဆိုအား စင်ကာပူနိုင်ငံတွင် ကျင့်သုံးနေသော စီအိုအီးစနစ်ကဲ့သို့ (ပုံတူမဟုတ်) ပုံစံတစ်မျိုးပြောင်းကာ အခွန်အကောက်စနစ်တစ်ရပ် ထပ်ဆောင်းပေးဆောင်ရန် သတ်မှတ်ထားမည်ဖြစ်ပြီး အင်ဂျင်ပါဝါအလိုက် အခွန်ကောက်ခံသွားမည်ဖြစ်ကြောင်း ကြားသိရသကဲ့သို့ ယင်းနောက်ပိုင်းတွင် နယ်လိုင်စင်ကားလေးများ အရောင်းအဝယ်ရှိနေရာမှ ပိုမိုအေးစက်သွားပြီး စလစ်ကပ်ကားများမှာလည်း နယ်စလစ်ရန်ကုန်အဝင်မရတော့သည့်နောက်ပိုင်း ၁၂၅ သိန်း၊ ၁၂၇ သိန်းခန့်ပြန်လည်ဖြစ်ပေါ်လာကြောင်း သို့ရာတွင် ခေါ်ဈေးတန်းသာရှိပြီး လက်တွေ့တွင်မူ ကားအရောင်းပြခန်းများတွင်လည်း စလစ်ကပ်ကားများ အရောင်းအေးနေ၍ အရောင်းအဝယ်ထင်သလောက်မဖြစ်ကြောင်း ဝါရင့်ယာဉ်အကျိုးဆောင်ကိုမြင့်ကျော်က ပြောသည်။ လက်ရှိရန်ကုန်ကားဈေးကွက်အတွင်း စလစ်ကပ်ကားများနှင့် နယ်လိုင်စင် အင်ဂျင်ပါဝါသေးကားလေးများ အရောင်းအဝယ်ပိုအေးနေပြီး ရန်ကုန်လိုင်စင်အက္ခရာနိမ့် ကားလေးများသာ အနည်းငယ်အရောင်းအဝယ်ဖြစ်ကြောင်း၊ ထပ်မံပြဋ္ဌာန်းနိုင်သည့် စီအိုအီးအခြေခံထားသည့်စနစ်တစ်ရပ်ထွက်ရှိပါက ရန်ကုန်ကားဈေးကွက်တွင် ကားလေးများမှစတင်၍ ဈေးတန်းများ ကျဆင်းနိုင်သည်ဟု ယူဆချက်များလည်း ထွက်ပေါ်လာ၍ ဝယ်မည့်သူများလည်း လတ်တလောမဝယ်သေးဘဲ စောင့်ကြည့်သဘောဖြစ်နေ၍ ဈေးကွက်ပိုအေးလာရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်ဈေးကွက်တွင် လူကြိုက်များနေဆဲဖြစ်သော ဂျပန်ကုမ္ပဏီနှင့် အခြားကုမ္ပဏီထုတ် ဘယ်မောင်းအသစ်စက်စက်များမှာလည်း ဈေးတန်းမများသည်က တစ်ကြောင်း၊ ထပ်မံပြဋ္ဌာန်းနိုင်သည့်စနစ်နှင့်လည်း လိုက်လျောညီထွေဖြစ်မည် ယူဆသောကြောင့် ယင်းကားများမှာ ဝယ်လိုအားကောင်းနေကြောင်း၊ သင်္ကြန်ပွဲတော်ကာလ နောက်ပိုင်းဆိုလျှင် ယခု ပြဋ္ဌာန်းမည့်စနစ်နှင့် ရန်ကုန်လိုင်စင်သက်ရောက်မှု ပိုမိုမြင်တွေ့ရမည်ဖြစ်ပြီး ကားဈေးများ ကျဆင်းကာ အရောင်းအဝယ် ကောင်းလာနိုင်ကြောင်း ၎င်းတို့က ပြောသည်။ SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကလူဂျာ (၂၀၀၃) | G | ၃၅၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၂။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၁၈၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | မတ်(ခ်)တူး (၂၀၀၃) | J | ၂၇၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဗန်းဂတ် (၂၀၁၂) | ယာယီ | ၅၅၀ သိန်း | 2.4 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဂျူကီ (၂၀၁၁) | ယာယီ | ၃၃၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၁) | K | ၂၅၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ပါဆို (၂၀၁၀) | E | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | ရက်တစ် (၂၀၀၉) | F | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | အပ်ကား (နှစ်၂၀) | | ၁၂၃ သိန်း | |

# ပုသိမ်မြို့ ဧရာဗ္ဗေဝါခန်းမတွင် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း Myanmar Young Entrepreneurs Association (MYEA) ဗဟိုမှ ဆွေးနွေးပွဲပြုလုပ်

ပုသိမ်မြို့ ဧရာဗ္ဗေဝါခန်းမတွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း(Myanmar Young Entrepreneurs Association -MYEA) ဗဟိုအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း Ayeyarwaddy Region Young Entrepreneurs Association - ARYEA) တို့ ပူးပေါင်း၍ MYEA ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ARYEA ၏ 'အနာဂတ်သစ်ဆီဧရာဝတီ' Expert Talks ဟောပြောဆွေးနွေးပွဲ အစီအစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပခဲ့ရာ MYEA ဥက္ကဋ္ဌ၊ EC/CEC များ၊ အသင်းဝင်များနှင့် ARYEA အသင်းသားများ၊ မြို့ပေါ်နှင့် မြို့နယ်များမှ ကုမ္ပဏီများ၊ ဘဏ်များ၊ အသင်း အဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ Private School ကျောင်းများ၊ ပုဂ္ဂလိကဆေးရုံများ လူငယ်လူရွယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်း၏ ရည်ရွယ်ချက်များကို ဖော်ဆောင်ပေးသော ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်း ဆက်ဆံရေး၊ စွန့်ဦးတီထွင်မြှင့်တင်ပေးခြင်း၊ ပေါ်လစီများ ရေးဆွဲရေး၊ နိုင်ငံတကာဆက်ဆံရေး၊ အသင်းသားရေးရာ၊ အသင်း၏ ပုံရိပ်ကောင်းမွန်မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အသင်းခွဲများ တိုးတက်ရေးစသည့် ကော်မတီအသီးသီး ဖွဲ့စည်းထားရှိမှုများနှင့် မြန်မာနိုင်ငံ စွန့်ဦးတီထွင် ယဉ်ကျေးမှုမြှင့်တင်နိုင်ရန်အတွက် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော 'Shark Tank' အစီအစဉ်ကဲ့သို့ 'The Entrepreneurial TV Show' ကို MYEA မှ ပြုလုပ်သွားမှာဖြစ်ကြောင်း လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး 'Developing Your Oragnization through decent HRM' အကြောင်းအရာများကို MYEA မှ ဒေါက်တာ မမစိုးက ဆွေးနွေးခဲ့သည်။

ARYEA မှ ဧရာဝတီတိုင်း အတွင်းရှိ လူငယ်လုပ်ငန်းရှင်နှင့် စီးပွားရေးနယ်ပယ်တွင် စွန့်ဦးတီထွင် လုပ်ကိုင်လိုစိတ်ရှိသူလူငယ်များ ဧရာဝတီတိုင်း လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်အသင်းသို့ ဝင်ရောက်နိုင်ရေး မိမိတို့၏ စိတ်ကူးအကြံဉာဏ်များနှင့် စတင်လိုသော လုပ်ငန်းရှင်များအတွက် အသင်းကြီး၏ အထောက်အပံ့ အကြံဉာဏ်ကိုယူ၍ တိုးတက်အောင် ဆောင်ရွက်ရန်၊ အောင်မြင်နေသော လုပ်ငန်းရှင်၊ ပညာရှင်အသိုင်းအဝိုင်း ကောင်းတစ်ခုနှင့် ချိတ်ဆက်ရန်၊ နိုင်ငံတကာသို့ခြေဆန့်နိုင်သည့် အခွင့်အလမ်းများ၊ အနာဂတ်အိပ်မက်များ အကောင်အထည်ဖော်ရန် မိမိတိုင်းပြည်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ပါဝင်ကူညီနိုင်ရေး ARYEA အသင်းသားအဖြစ် ပါဝင်နိုင်ရေးဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **မင်းမင်းဦး (ပုသိမ်)**

# ပခုက္ကူခရိုင်အတွင်းရှိ ကျေးရွာများတွင် သိုး/ဆိတ် မွေးမြူသူများအား အစုအဖွဲ့ ဖွဲ့စည်းရန် ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ ဦးစီးမှူး ဦးမြင့်ဦး၊ ဦးသန်းမြင့်ထွန်းနှင့် မြို့နယ်တာဝန်ခံများ၊ ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၃ ရက် တွင် ဆိပ်ဖြူမြို့နယ် အောက်ဆိပ်ကျေးရွာ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် အုန်းမှုင်ကျေးရွာ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ပင်းတလဲကျေးရွာ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ပခုက္ကူမြို့နယ် ကံရပ်ကြီး ကျေးရွာ၌လည်းကောင်းအစုအဖွဲ့ဖွဲ့စည်းရန် ကွင်းဆင်းခဲ့ရာ သိုး ၈၄၅ ကောင်၊ ဆိတ် ၁၇၉၆ ကောင် မွေးမြူထားသော တောင်သူများပါဝင်သော အစုအဖွဲ့ ၁၃ ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

အဆိုပါကျေးရွာများရှိ သိုး၊ ဆိတ်မွေးမြူရေး တောင်သူများနှင့် ဆွေးနွေးရာ ရေစကြိုမြို့နယ်၊ တောင်စင်ကျေးရွာတွင် မြန်မာနိုင်ငံကိုယ်စားပြု သိုး/ဆိတ်မွေးမြူ တင်ပို့မှု တိုးတက်ပေါင်းစပ် ညှိနှိုင်းရေးအသင်းအား ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ တောင်စင်ကျေးရွာကဲ့သို့ မိမိတို့ ကျေးရွာတွင်လည်း သိုး/ဆိတ် မွေးမြူရေးဇုန်ဖြစ်ပေါ်စေရန် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ယခုလိုမွေးမြူရေးဇုန်များဖြစ်ပေါ်စေရေး ရည်ရွယ်ချက်မှာ အသားထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်တွင်းကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက နိုင်ငံ၏ အသားကဏ္ဍပိုမို ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ကြောင်းနှင့် သိုး၊ ဆိတ်မွေးမြူသူများအနေဖြင့် မွေးမြူရေး လုပ်ငန်းကိုတစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်လုပ်ကိုင်နိုင်လျှင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ လက်ရှိမွေးမြူထားသော သိုး၊ ဆိတ်ကောင်ရေထက် တိုးချဲ့မွေးမြူရန် နိုင်ငံတော်မှ ထောက်ပံ့ချေးငွေကို ခိုင်ခိုင်မာမာ အသင်းဖွဲ့စည်းဆောင်ရွက်ထားလျှင် ထုတ်ချေးသွား မည်ဟု ကြားသိရကြောင်း၊ ယခုလတ်တလော တရုတ်ဈေးကွက် ပျက်နေသော်လည်း အချိန်မရွေးဈေးကွက်ကောင်းလာနိုင်သောကြောင့် မွေးမြူသူများသည် စိတ်ပျက်အားငယ်စရာ မလိုဘဲ ဆက်လက်မွေးမြူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူသူများသည် သိုး/ဆိတ် ဖွံ့ဖြိုးတိုးတက်ရေးအသင်း အဖွဲ့များ ဖွဲ့စည်းထားခြင်းကြောင့် ပြည်တွင်း၌ရှိသော မွေးမြူသူများ ပိုမိုတိုးချဲ့၍ မွေးနိုင်မည်ဖြစ်ပြီး ဒေသတွင်း အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ဒေသတွင်း သိုး/ဆိတ် အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ **သူဇာကျော် (ပခုက္ကူ)**

## ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ အလှမွေးငါးကြင်းပြပွဲပြိုင်ပွဲကျင်းပ

Myanmar Koi Club မှ ဦးစီး၍ ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျပန်ငါးကြင်း ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်နံနက် ၉ နာရီက မန္တလေးမြို့ မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြတ်ထွဋ်၊ Myanmar KOI Club အသင်းဥက္ကဋ္ဌ ဦးအေးချမ်းအောင်၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးတို့ တက်ရောက်အားပေးခဲ့ပြီး ခင်းကျင်းပြသထားသော ဂျပန်ငါးကြင်းငါးများနှင့် အလှငါးမွေးမြူရေးဆက်စပ်ပစ္စည်းများ၊ ငါးအစာအရောင်းဆိုင်များအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ အလှမွေးငါးကြင်းပြပွဲပြိုင်ပွဲကို အလှမွေးငါးကြင်းဝါသနာရှင်များ တိုးပွားလာစေရေး၊ အလှမွေးငါးကြင်းစနစ်တကျ မွေးမြူပြုစုကုသနည်းများနှင့် အသိပညာများပြန့်ပွားလာစေရေး၊ အလှမွေးငါးဝါသနာရှင်များအတွက် အရည်အသွေးပြည့်မီသော ငါးကြင်းများနှင့် စံနှုန်းမီမျိုးငါးများ အလွယ်တကူဝယ်ယူရရှိနိုင်ရေး၊ နိုင်ငံတကာငါးကြင်းဈေးကွက်သို့ ထိုးဖောက်နိုင်စေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ Myanmar Koi Club ကို အလှမွေးငါးဝါသနာရှင် ၃၀ ဦးဖြင့်ဖွဲ့စည်းထားပြီး ၎င်းတို့ မွေးမြူထားသော ကျပ်သိန်း ၃၀ ကျော်တန် ဂျပန်ငါးကြင်းမျိုးငါးကြီးများအပါအဝင် တရုတ်၊ ဟောင်ကောင်တို့မှ လာရောက်ဝယ်ယူသော ငါးကြင်းမျိုးများ ပါဝင်ပြသခဲ့သည်။ ဂျပန်နှင့်စင်ကာပူနိုင်ငံများမှ ငါးမွေးမြူရေးပညာရှင်များက အလှဆုံးငါးများအား အမှတ်ပေး ရွေးချယ်ကာ ဆုများချီးမြှင့်မည်ဖြစ်ပြီး ပြပွဲတွင်အလှမွေးငါးများ၊ ငါးအစာများ၊ အလှမွေးငါးမွေးမြူရေးဆိုင်ရာပစ္စည်းများအား ပြည်တွင်းပြည်ပကုမ္ပဏီများက လာရောက်ပြသရောင်းချပေးနေကြောင်းနှင့် ပြပွဲကို ဖေဖော်ဝါရီ ၂၂ ရက်ထိ ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သီဟကိုကို(မန္တလေး)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၂၆-၂-၂၀၁၈ မှ ၄-၃-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး


(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် စားသောက်ကုန်လုပ်ငန်းအကျိုးပေးအားကောင်းနေတတ်ပါသည်။ စားသောက်ကုန်လုပ်ငန်းတွင် လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ဟော့ပေါ့ဆိုင်များဝင်ငွေကောင်းနေတတ်ပါသည်။ ပညာရေးအောင်မြင်မှုရရှိမည်။ အချစ်ရေးတွင် မျှော်လင့်ချက်နှင့်ဆုံတွေ့မှုကွဲလွဲနေတတ်သည်။ အိမ်ထောင်ရေးတစ်ဦးကိုတစ်ဦးဖေးမမှုရှိနေလိမ့်မည်။ ကျန်းမာရေးအနည်းငယ်ချူချာနေတတ်ပါသည်။ **ယတြာ။ ။မြောက်အရပ်သို့ခရီးရှောင်ပါ။**




**တနင်္လာသားသမီးများအတွက်** ကြီးပွားချမ်းသာမှုအားကောင်းလိမ့်မည်။ နို့ဆီလုပ်ငန်း၊ ဒိန်ချဉ်၊ ဒိန်ခဲ၊ ထောပတ်လုပ်ငန်းများအကျိုးပေးကောင်းလာတတ်ပါသည်။ ပညာရေးတွင် ထက်ထက်မြက်မြက်နှင့် ကြိုးစားလျှင်အကျိုးဖြစ်ထွန်းလိမ့်မည်။ အချစ်ရေးတွင်ညှိနှိုင်းမှုများရှိနေမည်။ အိမ်ထောင်ရေးသာယာအေးချမ်းမှုရှိနေတတ်ပါသည်။ ကျန်းမာရေး၊ သွေးတိုး၊ ဆီးချိုနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ အစားအသောက်သတိရှိသင့်ပါသည်။ **ယတြာ။ ။အနောက်တောင်အရပ်သို့ခရီးရှောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းခွင်တွင် လက်အောက်ငယ်သားများနှင့်ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်မှုများရှိနေတတ်ပါသည်။ ဘုရားနှင့်ပတ်သက်သော သင်္ကန်း၊ ကြေးစည်၊ ပန်းအိုး၊ ယပ်၊ ပရိက္ခရာအမျိုးမျိုးစသည့်လုပ်ငန်းတွင်ကျယ်လိမ့်မည်။ ပညာရေးကံကောင်းသည်။ အချစ်ရေးတွင်ယှဉ်ပြိုင်ယှူရတတ်သည်။ အိမ်ထောင်ရေးအဆင်ပြေနေမည်။ ကျန်းမာရေးထိခိုက်ဒဏ်ရာရတတ်သည်။ အသွားအလာအနေအထိုင် သတိရှိသင့်ပါသည်။

**ယတြာ။ ။အရှေ့မြောက်အရပ်ခရီးရှောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးကံကောင်းနေမည်။ ရည်ရွယ်ထားသောလုပ်ငန်းများအောင်မြင်မည်။ အကြီးအကဲလူကြီးများနှင့် ဆက်နွယ်လုပ်ကိုင်ရသောလုပ်ငန်းများမှ ဝင်ငွေအားကောင်းလာတတ်ပါသည်။ ပညာရေးထွန်းပေါက်မှုအားကောင်းနေမည်။ အချစ်ရေးတွင်ပျော်ရွှင်စရာများကြုံမည်။ အိမ်ထောင်ရေးခိုင်မြဲမှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အရေပြားနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ ပိုးမွှားကိုက်ခြင်းသတိရှိပါ။ အနာရောဂါရတတ်သည်။

**ယတြာ။ ။အရှေ့အရပ်ခရီးရှောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင်ကျယ်မှုအားကောင်းလိမ့်မည်။ စက်ရုံ၊ အလုပ်ရုံ၊ ပိုးထည်၊ ချည်ထည်များ အရောင်းအဝယ်သွက်ပြီး စီးပွားရေး တိုးတက်အောင်မြင်မည်။ ဝင်ငွေကောင်းမည်။ ပညာဉာဏ်စွမ်းအားမြင့်မားတိုးတက်မှုရှိနေမည်။ အချစ်ရေးတွင်ကြီးကဲသူများ၏ စီမံမှုကိုနာခံရလိမ့်မည်။ အိမ်ထောင်ရေးဖြောင့်ဖြူးနေမည်။ ကျန်းမာရေး ဝမ်းဗိုက်အစာအိမ်သတိထားရမည်။ ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ အရှေ့တောင်အရပ်ခရီးရှောင်ပါ။**



**သောကြာသားသမီးများအတွက်** ရည်မှန်းထားသော လုပ်ငန်းများ ကြန့်ကြာမှုရှိနေမည်။ လုပ်ငန်းခွင်ပြောင်းလဲမှုရှိမည်။ ဘာသာခြား၊ လူမျိုးခြားကို အကြောင်းပြု၍စီးပွားရေးကံကောင်းတတ်ပါသည်။ ငွေကြေးခက်ခဲမှုရှိနေလိမ့်မည်။ ပညာရေးကြိုးစားသင်ယူရတတ်သည်။ အချစ်ရေးတွင် ရွေးချယ်ရန်ခက်နေတတ်သည်။ အိမ်ထောင်ရေး သင့်တင့်မှုရှိနေတတ်ပါသည်။ ကျန်းမာရေး အကြောနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။ တောင်အရပ်ခရီးရှောင်ပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းခွင်တွင် လက်အောက်ငယ်သားများစွာနှင့်လုပ်ကိုင်ရသော စီးပွားရေးအောင်မြင်မှုရရှိလိမ့်မည်။ မြေတွင်းထွက်ပစ္စည်းနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေအားကောင်းလိမ့်မည်။ ပညာရေးကံကောင်းမည်။ အချစ်ရေးတွင်ယှဉ်ပြိုင်ရွေးချယ်ရတတ်သည်။ အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး စီးပွားရေးကြောင့် အဆင်မပြေမှုများရှိနေတတ်ပါသည်။ ကျန်းမာရေး သွေး၊ လေညီညွတ်မှု အားနည်းသောဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။ အနောက်အရပ် ခရီးရှောင်ပါ။**

# လှည်းကူး (CTQM) တွင် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု နည်းပြရက်တိုသင်တန်း အမှတ်စဉ် (၁/၂၀၁၈)ဖွင့်လှစ်

ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု နည်းပြ ရက်တိုသင်တန်းအမှတ်စဉ် (၁/၂၀၁၈)ကို လှည်းကူးမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဦးစိုးဝင်းမောင်၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဤသင်တန်းကို ပဲစားသုံးမှုအလေ့အထကောင်းများ မြှင့်တင်ရေး၊ ပဲစားသုံးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများကိုသိရှိစေရေး၊ ပဲကို မည်သို့ပြုလုပ်သုံးစွဲနိုင်သည်များကို သိရှိစေရေးနှင့် သင်တန်းသား/သူများအနေဖြင့် မိမိသိရှိသည်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင့်ပွားဖြန့်ဝေခြင်းဖြင့် ပဲစားသုံးမှုတိုးမြှင့်စေရေးကို ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၏ ပဲဝယ်ယူရေးမူဝါဒ ပြောင်းလဲမှုကြောင့် ပဲစိုက်တောင်သူများထိခိုက်နစ်နာမှု လျော့ကျစေရေးအတွက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များကြောင့် ပဲစားသုံးမှု မြှင့်တင်ရေးများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ပဲလက်ကျန်များ စုပုံနေခြင်းဖြင့် တောင်သူနှင့် ကုန်သည်များကို နစ်နာစေမည်ဖြစ်ပြီး ၎င်းတို့နစ်နာခြင်းသည် နိုင်ငံတော်၏ ဆုံးရှုံးနစ်နာမှုပင်ဖြစ်ကြောင်း၊ ကလေးငယ်များအနေဖြင့် ပဲစားသုံးမှုကြောင့် အာဟာရဓာတ်ပြည့်စုံကြွယ်ဝစေမည်ကိုသိရှိစေရန်အတွက် ပဲစားသုံးမှုမြှင့်တင်ရေးများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများအနေဖြင့် စားသုံးသူဘက်မှ မှန်မှန်ကန်ကန်နှင့် အဂတိတရား ကင်းစွာ ရပ်တည်ဆောင်ရွက်ပေးရန် ကြိုးစားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

သင်တန်းတွင် မကွေးတိုင်းဒေသကြီး အထက်မြန်မာပြည်တောင်သူကိုယ်စားလှယ် ဦးတင်ဝင်းက ပဲစင်းငုံဖြင့် မစ်ရှိတ်ပြုလုပ်နည်းကို လည်းကောင်း၊ အာကာဦးကုမ္ပဏီ (ပဲနှမ်းအသင်း) ဆရာမဒေါ်တင်တင်ဝင်း နှင့်ဝန်ထမ်းများက မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့ဖြင့် ပြုလုပ်ထားသော ပဲစင်းငုံသီးစုံဟင်း၊ မတ်ပဲအခြမ်းနုပ်၊ ပဲစင်းငုံဟင်းချို၊ ပဲစင်းငုံ ဆန္ဒွင်းမကင်း၊ မတ်ပဲဘယာကြော်၊ ပဲတီစိမ်းခြမ်းကြော်၊ ပဲတီစိမ်း(ပဲဝါလေး) ကြာဆန်ဟင်းချို၊ ပဲတီစိမ်းကြော် ပြုလုပ်နည်းများကိုလည်းကောင်း၊ ပဲစင်းငုံဖြင့် ပြုလုပ်ထားသော အာဟာရမုန့်၊ အချိုမုန့်အစားထိုး ဟင်းခတ်မှုန့်၊ ပဲရွှေကြည်ဆန္ဒွင်းမကင်း၊ အာဟာရပြည့် ပဲစင်းငုံခေါက်ဆွဲ၊ ပဲစင်းငုံဖျော်ရည်၊ ပဲကြာဆန်၊ ပဲတို့ဟူးကြော်၊ ပဲချောင်း အစပ်/အဆိမ့်ပြုလုပ်နည်း၊ ပဲစင်းငုံပဲမုန့်ပြုလုပ်နည်းများကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆရာမများမှလည်းကောင်း၊ ပဲစင်းငုံအခြေခံကွတ်ကီးမုန့်ပြုလုပ်နည်းကို ရှမ်းမောမြေကုမ္ပဏီမှ ဆရာဦးမျိုးမြင့် ဦးဆောင်သော ဝန်ထမ်းများမှ စာတွေ့လက်တွေ့သင်ကြား ပို့ချပေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဦးစိုးဝင်းမောင်က ပဲသည် ၎င်း၏ အာဟာရတန်ဖိုးကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်စွမ်းရှိပြီး၊ ပဲစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကိုလည်း ထိန်းသိမ်းထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ပဲတန်ချိန် ၁ သန်းမှ ၁ ဒသမ ၅သန်းအထိ တင်ပို့လျက်ရှိကြောင်းဖြင့် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

**ဝါဝါထွန်း၊ လှည်းကူး (CTQM)**

# ရောပုသိမ် ဆန်စပါးအထူးပြုကုမ္ပဏီမှ နွေစပါးရာသီအတွက် ဒေသခံတောင်သူများကို ကျပ်သိန်းပေါင်း ၆၀၀၀ ကျော် ပံ့ပိုးခဲ့

ဆန်စပါး အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်မြို့ရှိ ဒေသခံစက်ပိုင်၊ ကုန်သည်၊ တောင်သူများနှင့် ဖွဲ့စည်းထားသော ရောပုသိမ်ဆန်စပါး အထူးပြုကုမ္ပဏီသည် ၂၀၀၈-၂၀၀၉ ခုနှစ် ကုမ္ပဏီ စတင်တည်ထောင်ချိန်မှစ၍ ဒေသခံတောင်သူများကို နှစ်စဉ်မိုးစပါး၊ နွေစပါးစိုက်ပျိုးချိန် အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးစိုက်ပျိုးစရိတ်၊ သွင်းအားစု (စက်သုံးဆီ၊ မြေဩဇာ)နှင့် လယ်ယာသုံး စက်ပစ္စည်းများ ပံ့ပိုးပေးလျက်ရှိသည့်အပြင် မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးခြင်း၊ အကျိုးတူစိုက်ပျိုးခြင်းတို့ကို ကုမ္ပဏီနှင့် တောင်သူပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် နွေစပါးရာသီတွင် ရောပုသိမ်ဆန်/စပါး အထူးပြုကုမ္ပဏီမှ ပုသိမ် ခရိုင်အတွင်း ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတော၊ သာပေါင်းမြို့နယ်အတွင်းရှိ တောင်သူဦးရေ ၉၀၀ ကျော်၊ ကျေးရွာအုပ်စု ၇၆ စု၊ စိုက်ဧက ၈၀၀၀ ခန့်မှာ ကန်ထရိုက်လယ်ယာစနစ်စိုက်ပျိုးခြင်း၊ အကျိုးတူ ပူးပေါင်းစိုက်ပျိုးခြင်း အတွက် စိုက်ပျိုးစရိတ်၊ မျိုးစပါး၊ သွင်းအားစုများ ပံ့ပိုးငွေကျပ်သိန်းပေါင်း ၆၀၀၀ ကျော်ပေးခဲ့ပြီး နွေစပါးပံ့ပိုးမှုများကို ၁၁ လပိုင်းမှ စတင်ထုတ်ချေးပေးလျက်ရှိရာ ယခုလက်ရှိအချိန်မှာလည်း ပံ့ပိုးချေးငွေမှာ ထုတ်ပေးလျက်ရှိကြောင်းနှင့် လေးလပိုင်းအထိ ဆက်လက်ထုတ်ချေးပေးမှာဖြစ်၍ ၎င်းအချိန်ဆိုလျှင် စုစုပေါင်းကျပ်သိန်းပေါင်း ၈၀၀၀ ခန့် ထုတ်ချေးပေးနိုင်မှာဖြစ်ကြောင်း ရောပုသိမ်ဆန်စပါး အထူးပြုကုမ္ပဏီမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ပြည်မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား စားသုံးသူရေးရာ သင်တန်းပို့ချ

ပြည်ခရိုင်၊ ပြည်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းတွင် ပြည်မြို့နယ်တာဝန်ခံနှင့် ပြည်ခရိုင်ရုံးဝန်ထမ်းများမှ ဖေဖော်ဝါရီ ၁၅ ရက်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအကြောင်း သင်တန်းပို့ချခဲ့တယ်လို့ သိရပါတယ်။

သင်တန်းတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းနှင့် ပတ်သက်သည့် အကြောင်းအရာအချက်အလက်များ ကို ဆွေးနွေးပို့ချခဲ့ပြီး ပြည်ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းလဲ့ဝါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ၊ ဥပဒေပါအဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် စားသုံးသူများရရှိမည့် အခွင့်အရေးများ၊ လိုက်နာရမည့် တာဝန်များအကြောင်းကို လည်းကောင်း၊ ပြည်ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက စီးပွားရေးလုပ်ငန်းရှင်များရရှိမည့် အခွင့်အရေးများ၊ လိုက်နာရမည့်တာဝန်နှင့် တားမြစ်ချက်များအကြောင်းကိုလည်းကောင်း၊ ပြည်မြို့နယ် တာဝန်ခံဦးအေးသိန်းက အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် အရေးယူပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ဌာန၏လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပို့ချခဲ့ကြောင်း သိရပါတယ်။

အဆိုပါသင်တန်းသို့ ပြည်မြို့နယ် ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၆၉ ဦး တက်ရောက်ပြီး ဌာနမှ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်း ရရှိပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# အမေရိကန်နိုင်ငံရှိ နည်းပညာကုမ္ပဏီဖြစ်သော NetApp မှ ပြည်တွင်းကုမ္ပဏီနှင့် ပူးပေါင်း၍ Cloud နည်းပညာများ ပံ့ပိုးသွားမည်

အမေရိကန်နိုင်ငံရှိ နည်းပညာကုမ္ပဏီဖြစ်သော NetApp မှ ပြည်တွင်းကုမ္ပဏီနှင့် ပူးပေါင်း၍ Cloud နည်းပညာများ ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ ဒေတာ စီမံခန့်ခွဲမှုလုပ်ငန်းတွင် ဦးဆောင်နေသည့် NetApp သည် ဆော့ဖ်ဝဲစနစ်နှင့် ဝန်ဆောင်မှုများကိုဎင်းတို့၏ On-premises, Private နှင့် Public Cloud များတွင် ဒေတာများကို လွယ်လင့်တကူ စီမံခန့်ခွဲရန်နှင့် ပြန်လည်ဝေမျှရန် ပံ့ပိုးပေးခြင်းဖြစ်ပြီး ပြည်တွင်းဈေးကွက်၌ ATG Systems ကုမ္ပဏီနှင့် ပူးပေါင်း၍ နည်းပညာရင်းနှီးမြှုပ်နှံမှုများ ရရှိစေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်တွင်းဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ပညာရေးကဏ္ဍများနှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအတွက် Hybrid Cloud နည်းပညာဈေးကွက်ကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပထမဆုံး Gold Partner အဖြစ် သတ်မှတ်ထားသည့် ATG Systems ကုမ္ပဏီသည် အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေးပရိုဂရမ် (sales & marketing enablement programs)၊ လေ့ကျင့်ရေး (trainings) နှင့် Premium support services အပါအဝင် NetApp ၏ channel partner အကျိုးကျေးဇူးများကို ရယူခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

NetApp အနေဖြင့် Hybrid Cloud နည်းပညာဈေးကွက်နှင့် ပြည်တွင်းဈေးကွက် အလားအလာတို့နှင့် ပတ်သက်၍ ရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

■

# ချင်းပြည်နယ်တောင်ပိုင်းတွင် တည်ဆောက်မည့်လေယာဉ်ကွင်းငယ်ကို ၂၀၂၀ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်

ချင်းပြည်နယ်(တောင်ပိုင်း) လိုင်လင်းပီမြို့တွင်တည်ဆောက်မည့် လေယာဉ်ကွင်းငယ်ကို ၂၀၂၀ ခုနှစ်အတွင်း အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ကွင်းငယ်ကို အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့အစည်းများဖြစ်ကြသည့် MAF နှင့် EMI တို့ပူးပေါင်း၍ မြေကြီးပြုပြင်ခြင်း လုပ်ငန်းများ လုပ်ကိုင်နေပြီး မတူညီသည့် အစိုးရအဖွဲ့အစည်းများ (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်မှုအောက်)နှင့် ဆက်သွယ်ချိတ်ဆက်ကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး သွားလာရခက်ခဲသည့်အတွက် အချိန်ကြန့်ကြာမှု နည်းပါးစေရန်နှင့် အရေးကြီးသော အသက်ကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်စေရန်ရည်ရွယ်၍ ဘက်စုံသုံး လေယာဉ်ငယ်များ ဆင်းသက်နိုင်မည့် မီတာ ၈၀၀ ရှည်သည့် လေယာဉ်ကွင်းငယ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

"အခုလေယာဉ်ကွင်းငယ်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ မီလီယံကုန်ကျမယ်လို့ လျာထားပါတယ်။ အခုနှစ် ဇန်နဝါရီလထဲကစပြီး မြေပြင်ခြင်းလုပ်ငန်းတွေ စတင်စမ်းသပ်လုပ်ဆောင်နေပါပြီ။ MAF အနေနဲ့ ချင်းပြည်နယ်မှာ ဒီလိုမျိုး လုပ်ဆောင်ဖြစ်တာက ဒေါက်တာဆာဆာရဲ့ အဖွဲ့အစည်းကတစ်ဆင့် ဆက်သွယ်ဖိတ်ခေါ်တဲ့အခါ လေယာဉ်ကွင်းမရှိတဲ့အပြင် သွားလာရခက်ခဲတဲ့ ဒေသလည်းဖြစ်တာကြောင့် လေယာဉ်ကွင်းငယ်တည်ဆောက်ဖို့ ဆုံးဖြတ်လိုက်တာပါ။ ဒီဒေသမှာမှ မဟုတ်ပါဘူး။ တခြားလိုအပ်တဲ့ ဒေသတွေမှာလည်း နိုင်ငံတော်ရဲ့ ခွင့်ပြုချက်နဲ့လုပ်ဆောင်သွားဖို့ ရှိပါတယ်"ဟု MAF မှ မြန်မာနိုင်ငံဆိုင်ရာတာဝန်ခံ Mr.Chad Tilley က ပြောသည်။

အဆိုပါ လေယာဉ်ကွင်းငယ်သည် ချင်းပြည်နယ်အလယ်ပိုင်း ဖလမ်းမြို့တွင်တည်ဆောက်နေသည့် လေဆိပ်ကို အထောက်အကူပြုမည့် လေယာဉ်ကွင်းငယ်တစ်ခုဖြစ်မည်ဖြစ်ပြီး ချင်းပြည်နယ်အစိုးရ၏ ငါးနှစ်တာ မဟာဗျူဟာအစီအစဉ်တွင် ဖော်ပြထားသည့် လေယာဉ်ကွင်းငယ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

## Grand Royal Black ၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် Mazda 2 ကားအစီး ၂၀ အား ကံထူးရှင်များသို့ ပေးအပ်

Grand Royal Black ၏ နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် Mazda 2 ကားအစီး ၂၀ ကို ကံထူးရှင်များနှင့် အရောင်းကိုယ်စားလှယ်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ပေးအပ်ခြင်းသည် Grand Royal Black Whisky နှင့် အတူရှိခဲ့သော စားသုံးသူများအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် ပထမဆုံးအကြိမ် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကံထူးရှင် ၁၀ ဦးနှင့်အတူ ကံထူးရှင်များထွက်ပေါ်အောင် ရောင်းချပေးခဲ့သည့် အရောင်းကိုယ်စားလှယ် ၁၀ ဦးတို့ကို Mazda 2 ကားအစီး ၂၀ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

Grand Royal Black Whisky သည် နိုင်ငံတကာအသိအမှတ်ပြု World Whisky Award ဆုကို ရရှိခဲ့ပြီးသည့်အပြင် ၂၀၁၇ ခုနှစ်၏ ကမ္ဘာ့ဩဇာအာဏာအကြီးဆုံး Whisky Brands အမျိုး ၁၀၀ စာရင်းတွင်လည်း အဆင့် ၄၃ ရရှိခဲ့ကြောင်း သိရသည်။

# ပြီးခဲ့သည့်နှစ်အတွက် ရောင်းအား အကောင်းဆုံးကုန်သည်ကြီးများဆုကို Mistine မှ ပေးအပ်

Mistine အလှကုန်များကို တင်သွင်းဖြန့်ချိလျက်ရှိသည့် သီရိအလှကုန် ကုမ္ပဏီလီမိတက်မှ ကုန်သည်ကြီးများနှင့် အရောင်းဆိုင်များကို ဂုဏ်ပြုသောအားဖြင့် Mistine Thank You Party 2018 ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် Lotte Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် ပြီးခဲ့သည့်နှစ်အတွင်း အစဉ်တစိုက် အားပေးကူညီခဲ့သော ကုန်သည်ကြီးများနှင့် အရောင်းဆိုင်များအတွက် ရောင်းအားအကောင်းဆုံး ကုန်သည်ကြီးများဆုကို Mistine မှ ပေးအပ်ခဲ့သည့်အပြင် နှစ်စဉ်ပို့ဆောင်ပေးလေ့ရှိသည့် နိုင်ငံခြားခရီးစဉ်တွင် လိုက်ပါခွင့်ရရှိသူများကိုလည်း ကြေညာပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် ယခုနှစ်အတွင်း ပြုလုပ်မည့် သီရိအလှကုန်၏ခြေလှမ်းသစ်များနှင့် ပတ်သက်၍လည်း ကုမ္ပဏီအုပ်ချုပ်သူ အထွေထွေမန်နေဂျာ Ms.Kanyanakorn Saorumnee က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

# ယမ်ယမ်ချဉ်စပ်ခေါက်ဆွဲ၏ တတိယအကြိမ်မြောက် ကံထူးရှင်ရွေးချယ်ပွဲကျင်းပ




ယမ်ယမ်ချဉ်စပ်ခေါက်ဆွဲ၏ တတိယအကြိမ်မြောက် ကံထူးရှင်ရွေးချယ်ပွဲကို ရန်ကုန်မြို့ရှိ Park Royal Hotel တွင် ကျင်းပခဲ့သည်။

အဆိုပါကံထူးရှင်ရွေးချယ်ပွဲတွင် Nissan Sunny ကားသစ်နှစ်စီးကို ယမ်ယမ်ဖေ့ဘုတ်စာမျက်နှာမှ တိုက်ရိုက်ထုတ်လွှင့်၍ မဲနှိုက်ပေးခဲ့ခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့ တစ်ခေါက်တုန်းကလည်း ကားကံစမ်းမဲရဲ့ ပေါက်မဲနံပါတ်ထွက်ခဲ့ပေမယ့် လာမထုတ်ကြဘူး။ ဒီလကုန်လို့မှ လာမထုတ်ရင်တော့ နောက်ဆုံးလ မှာ ပြန်ပြီးကံစမ်းပေးမှာပါ။ စားသုံးသူလက်ထဲ မရောက်ရောက်အောင် ထည့်ပေးဖို့ဆုံးဖြတ်ထားတဲ့အတွက် ဆုမဲလာ မထုတ်လို့ကျန်နေရင်လည်း နောက်ဆုံးအပတ်မှာ ထည့်သွင်းမဲဖောက်ပေးမှာပါ"ဟု ရသာချို စက်မှုလုပ်ငန်းလီမိတက်၏ ဈေးကွက်မြှင့်တင်ရေး ဒါရိုက်တာ ဦးရဲမြတ်ထူးက ပြောသည်။

ယခု တတိယအကြိမ်မြောက် ရွေးချယ်ရာတွင် ပေါက်မဲနံပါတ် OM57P74T84 နှင့် Y4Z017Z4E တို့ ပေါ်ထွက်ခဲ့ပြီး လက်ရှိရွေးချယ်ပြီးသည့် ပေါက်မဲနံပါတ် ၅ ခုတွင် တစ်ဦးသာ ပေါ်ထွက်သေးကြောင်း၊ နောက်ဆုံးအကြိမ်မဲပေါက်ခြင်းကို ဧပြီလ ၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

■

ချောစု စုစည်းသည်

## Ford Myanmar နှင့် PONDS, PIZZA ကုမ္ပဏီတို့ ပူးပေါင်း၍ နှစ်သစ်ကူး အထူးအစီအစဉ်ဆုများ ပေးအပ်

Ford Myanmar နှင့် PONDS, PIZZA ကုမ္ပဏီတို့ပူးပေါင်း၍ နှစ်သစ်ကူး အထူးအစီအစဉ်ဆုများပေးအပ်ခြင်းကို ရန်ကုန်မြို့ရှိ Ford Car Showroom တွင် ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် နှစ်သစ်ကူးအထူး အစီအစဉ် ဆုမဲများဖြစ်သော Ponds ၏ အထူးဆု Ford Ranger Rap Cab Brandnew ကားသစ်နှင့် PIZZA ကုမ္ပဏီ၏ အထူးဆု Ford Fiesta Brandnew ကားသစ်တို့ကို ကံစမ်းမဲပေါက်သူများထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

"Ford နဲ့ Ponds, Pizza တို့ပေါင်းပြီးလုပ်တဲ့ ကံစမ်းမဲအစီအစဉ်တွေမှာ အထူးဆုပေါက်ခဲ့တဲ့သူတွေကို ကားတွေမအပ်ရသေးပါဘူး။ ဒီနေ့မှာတစ်ခါတည်း ကားတွေပေးအပ်တာပါ။ နောက်ပြီး Ford ရဲ့ သုံးစွဲသူတွေအတွက် အခုလဆန်းကနေ မေလကုန်အထိကို ကံစမ်းမဲအစီအစဉ်လည်း လုပ်ထားပါသေးတယ်"ဟု Ford Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Ford Myanmar အနေဖြင့် ၎င်းတို့၏ သုံးစွဲသူများတွက် အထူးအစီအစဉ်အဖြစ် ဖေဖော်ဝါရီ ၁၀ ရက်မှ မေလ ၃၁ ရက်အတွင်း ရန်ကုန်နှင့် မန္တလေး အရောင်းပြခန်းများတွင် ဝယ်ယူအားပေးသူများကိုလည်း Ford Brandnew FIESTA ကားသစ်ကို မဲဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

# စက်မှုဇုန်များအတွင်း တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် လိုအပ်နေ

စက်မှုဇုန်များအတွင်း တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ယန္တရားတစ်ရပ် လိုအပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းနိုင်ကပြောသည်။

ယခုလအတွင်း ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ်ရုံးတွင် ပြုလုပ်သော နိုင်ငံတော်ဒုတိယသမ္မတ(၁) ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲ၌ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ဆွေးနွေးရာတွင် ယခုလိုတင်ပြခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"စက်မှုဇုန်တွေမှာ လမ်းတွေပျက်စီးနေသလို ရေကောင်းရေသန့်လည်း ရရှိခြင်းမရှိပါဘူး။ လူမှုဖူလုံရေးဆေးရုံ ဆေးပေးခန်းတွေမရှိသေးသလို စက်ရုံတွေအနေနဲ့လည်း လျှပ်စစ်မီတာအစပိုထပ်ဆောင်းယူနစ် ၁၀ရာခိုင်နှုန်းအပြင် မြင်းကောင်ရေကြေးကိုလည်း လစဉ်ပေးနေရပါတယ်။ စည်းကမ်းမဲ့ကျူးကျော်နေထိုင်သူတွေကြောင့် ရေစီးရေလာနဲ့ လမ်းတွေ ဆိုးရွားလာသလို လယ်သမားအမည်ခံ ကျူးကျော်နေထိုင်သူတွေက ငွေညှစ်တာကိုလည်း ခံနေရပါတယ်" ဟု ဦးဝင်းနိုင်ကပြောသည်။

အဆိုပါ အခက်အခဲများအား ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး စည်ပင်သာယာရေး၊ လျှပ်စစ်၊ စက်မှုလက်မှု၊ ဆောက်လုပ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ ပါဝင်သည့်ဦးဆောင်အဖွဲ့သည် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ လုပ်ငန်းရှင်များနှင့် ပုံမှန်အစည်းအဝေးများ လစဉ်ကျင်းပကာ အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာနှင့် အမြဲမပြတ် ဆောင်ရွက်ပေးနိုင်သောယန္တရားတစ်ခု ဖော်ဆောင်ပေးနိုင်ရန် လိုအပ်နေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထို့ပြင် စက်မှုဇုန်များကို အကောင်အထည်ဖော်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လွှဲပြောင်းတာဝန်ယူနေရသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့အကြား တိုက်ရိုက်ကိုင်တွယ် ဆောင်ရွက်ပေးနိုင်မည့် ဝန်ကြီးဌာန(သို့) ဦးစီးဌာနကို ညှိနှိုင်းသတ်မှတ်ပေးနိုင်ရန် လိုအပ်နေကြောင်း သိရသည်။ ■

# ဒုတိယအကြိမ်မြောက် Digital Inkjet Printing, Media & Advertising Expo ပြုလုပ်မည်

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် အကြီးမားဆုံးကျင်းပပြုလုပ်သော 2nd The Largest Digital Inkjet Printing, Media & Advertising Expo in MYANMAR ကို ရန်ကုန် မြို့ တပ်မတော် ခန်းမ၌ မတ် ၉ရက်မှ ၁၁ရက်ထိကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါပြပွဲကို စီစဉ်သည့် Myanmar Golden Hand Event Team မှ သတင်းရရှိသည်။

အဆိုပါပြပွဲတွင် Indoor/ Outdoor Digital Inkjet Printers များ၊ UV Roll to Roll/ Flatbed Inkjet Printersများ၊ Textile Printing Machine၊ HP Latex Printers များ၊ HP Design Jet Printing များ၊ EPSON Printers များ၊ CNC Cutting Machine၊ Display Products များ၊ LED နှင့် Original Light Boxesများကိုပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲကို Golden Heros ကုမ္ပဏီမှ အဓိက ကူညီပံ့ပိုးပေးထားပြီး ပြပွဲတွင် ပါဝင်ပြသလိုသော Digital Inkjet Printing လုပ်ငန်းရှင်ကြီးများနှင့် Media & Advertising လုပ်ငန်းရှင်ကြီးများအနေဖြင့် Hot Line Ph:09 777588878 သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ ■

# ယာဉ်မောင်းသင်တန်းဆင်းလက်မှတ် တင်ပြရန်မလိုဘဲ ယာဉ်မောင်းလိုင်စင် ဖြေဆိုခွင့်ပြုမည်

'ခ'ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့် လျှောက်ထားရာတွင် ယာဉ်မောင်းသင် တန်းဆင်းလက်မှတ်တင်ပြရန်မလိုဘဲ ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်ကို ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ကာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်မရှိသူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးတွင် ဖွင့်လှစ်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးတစ်ရက်တာ သင်တန်းကို တက်ရောက်ပြီးပါက 'ခ' ယာဉ်မောင်းလိုင်စင်ကို ဖြေဆိုခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးတစ်ရက်တာ သင်တန်းကို ရုံးဖွင့်ရက်တစ်ရက်လျှင် လူ ၄၀၀ ဦးဖြင့် လက်ခံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ တစ်ရက်တာသင်တန်းကိုတက်ရောက်လိုပါက တက်ရောက်လိုသည့်နေ့ရက်ကို www.rtad.gov.mm တွင်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

မှတ်ပုံတင်ထားသော မော်တော်ယာဉ်သင်တန်းကျောင်းတစ်ခုခု၏ သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးတစ်ရက်တာ သင်တန်းကို တက်ရောက်ရန်မလိုဘဲ ယာဉ်မောင်း လိုင်စင်ဖြေဆိုလိုသည့်ရက်အား ယခင်အတိုင်း Online မှ တစ်ဆင့် တိုက်ရိုက်လျှောက်ထားဖြေဆိုနိုင်ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်မောင်းလိုင်စင်ဖြေဆိုသူများပြားနေသဖြင့် ပြည်သူများ အချိန်ကုန် လူပင်ပန်းသက်သာစေရန်အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်နေ့ရက်အား ကြိုတင်စာရင်းသွင်းသည့် စနစ် (Online Booking System) ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ပြောင်းလဲကျင့်သုံးခဲ့သည်။

# One Championship ကိုယ်ခံပညာပြိုင်ပွဲကို ထိုင်းနှင့်မြန်မာက ကူညီထောက်ပံ့

One Championship နှင့် ထိုင်းနိုင်ငံမြန်မာတို့စတင်လက်တွဲ ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း ရန်ကုန်မြို့ ရှိ စိဂါးဒင်းဟိုတယ်၌ ဖေဖော်ဝါရီ ၂၀ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာ ရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ လက်တွဲပူးပေါင်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၃ ရက်က ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် ONE: QUEST FOR GOLD တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဝမ်းချန်ပီယံရှစ်ကို ကုမ္ပဏီတစ်ခုအနေနဲ့ အောင်မြင်လာဖို့အတွက် နည်းပညာက အဓိကကျပါတယ်။ ပရိသတ်တွေကို ဘယ်မှာမှမရရှိနိုင်တဲ့တစ်မူထူးခြားတဲ့ ကမ္ဘာ့အဆင့်မီ ဒစ်ဂျစ်တယ်အတွေ့အကြုံတွေကိုပေးဖို့အစဉ်တစိုက်ကြိုးစားလျက်ရှိပါတယ်။ ယနေ့ခေတ်လူမှုအဖွဲ့အစည်းမှာ နည်းပညာ အဆင့်အတန်း ဖွံ့ဖြိုးလာမှုကြောင့် အာရှရဲ့ စစ်မှန်ပြီး ကြွယ်ဝလှတဲ့ ကိုယ်ခံပညာ သိုင်းပေါင်းစုံသမိုင်းကို တင်ဆက်ပြသနိုင်တာဖြစ်ပါတယ်။ အခုလို ထိုင်းနိုင်ငံမြန်မာနဲ့ ပူးပေါင်းရတာက ကမ္ဘာ့အဆင့် ကိုယ်ခံပညာသိုင်းပေါင်းစုံကို အာရှမှာရှိတဲ့သူတွေအားလုံး ထိတွေ့ခွင့်ရမယ့် မှန်ကန်တဲ့ နောက်ထပ်ခြေလှမ်းတစ်ရပ်ပဲဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး ကိုယ်ခံပညာကို လူကြိုက်များလာပါတယ်"ဟု ဝမ်းချန်ပီယံရှစ်၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Chatri Sityodtong က ပြောသည်။

"ဝမ်းချန်ပီယံရှစ်နဲ့အတူ ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းမြောက်မိပါတယ်။ ဝမ်းချန်ပီယံရှစ်နဲ့ ပူးပေါင်းပြီး နိုင်ငံ့ဂုဏ်ဆောင် ပထမဆုံးနဲ့ တစ်ဦးတည်းသော ချန်ပီယံဖြစ်လာဖို့ကြိုးစားနေတဲ့ အောင်လအန်ဆန်ရဲ့ပွဲ တင်ဆက်ခွင့်ရလို့ ဂုဏ်ယူပါတယ်။ ထိုင်းနိုင်ငံမြန်မာအနေနဲ့လည်း အကောင်းဆုံးဝန်ဆောင်မှုတွေကိုပေးရင်း သမိုင်းမှတ်တိုင်တည်ဆောက်ဖို့စိတ်အားထက်သန်ပါတယ်"ဟု ထိုင်းနိုင်ငံမြန်မာ၏ စီနီယာမန်နေဂျာ ကိုအဲလက်စ် ညီညီအောင်က ပြောသည်။

စင်ကာပူနိုင်ငံအခြေစိုက် One Championship ကိုယ်ခံပညာ အားကစားအဖွဲ့သည် နိုင်ငံပေါင်း ၁၂၈ နိုင်ငံမှ ပွဲကြည့်ပရိသတ်ပေါင်း ၁ ဒသမ ၇ ဘီလီယံကျော်အတွက် ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြသပေးနေကြောင်း သိရသည်။ ■

သန်းထိုက်အောင် စုစည်းသည်

# ကျောက်ဆည်မြို့ရှိ မြန်မာ့မီးရထား ပိုင်မြေတွင် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရန် စီစဉ်

ကျောက်ဆည်မြို့ရှိ မြန်မာ့မီးရထားပိုင်မြေနေရာတွင် ဒေသနှင့် ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းနိုင်ပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်ဘူတာရုံအနီးရှိ မြန်မာ့မီးရထားပိုင် မြေနေရာအကျယ်အဝန်း သုည ဒသမ ၉၃၈ဧကတွင် ဒေသနှင့် ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ၊ အဆင့်မြင့် လူနေဈေးဆိုင်ခန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ အဆင့်မြင့်ရုပ်ရှင်ရုံများနှင့် ယာဉ်ရပ်နားရန် နေရာပါဝင်သည့် အခြားလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များကို စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

စိတ်ဝင်စားမှု အဆိုပြုလွှာပုံစံများအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အပြည့်အစုံဖော်ပြထားသည့် လျှောက်လွှာပုံစံများကို ဖေဖော်ဝါရီ ၁၃ ရက်မှ မတ် ၁၂ ရက်အထိ မန္တလေးဘူတာကြီး၊ တတိယထပ်ရှိ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံး၌ ဝယ်ယူနိုင်ပြီး မတ် ၃၀ ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း ၀၂-၄၀၃၅၁၀၇၂)သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ ■



## မြို့ကြီးများ၏ ၂၆-၂-၂၀၁၈ မှ ၂-၃-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၆-၂-၂၀၁၈) | အင်္ဂါ(၂၇-၂-၂၀၁၈) | ဗုဒ္ဓဟူး(၂၈-၂-၂၀၁၈) | ကြာသပတေး(၁ -၃-၂၀၁၈) | သောကြာ(၂-၃-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၇̊C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F |
| ရန်ကုန်မြို့ | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၈˚F |
| မန္တလေးမြို့ | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F |
| မြစ်ကြီးနား | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F |
| လားရှိုး | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F |
| ကျိုင်းတုံ | ၆၀% ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၈˚F |
| လွိုင်ကော် | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| တောင်ကြီး | နေသာ ၁၁˚C/၅၁˚F | တိမ်အသင့်အတင့် ၁၀˚C/၅၀˚F | တိမ်အသင့်အတင့် ၁၂˚C/၅၄˚F | တိမ်အသင့်အတင့် ၈˚C/၄၇˚F | တိမ်အသင့်အတင့် ၇˚C/၄၄˚F |
| မော်လမြိုင် | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၃˚F | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F | တိမ်အသင့်အတင့် ၃၃˚C/၉၂˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F |
| ဘားအံ | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | တိမ်အသင့်အတင့် ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F |
| တောင်ငူ | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F |
| မုံရွာ | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၅˚C/၉၅˚F |
| ပုသိမ် | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၄˚C/၉၄˚F |
| မြိတ် | ၉၀% ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | ၆၀% ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F |
| စစ်တွေ | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F |
| မကွေး | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၆˚F |
| ဖလမ်း | ၅၀% ၂၁˚C/၇၀˚F | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၆˚C/၇၉˚F | နသာ ၂၆˚C/၇၈˚F | နေသာ ၂၅˚C/၇၇˚F |

# အင်ဒိုနီးရှားနိုင်ငံတွင် ဆင်နားဘွန်မီးတောင် ပေါက်ကွဲမှုဖြစ်

အင်ဒိုနီးရှား ဆင်နားဘွန် မီးတောင်ပေါက်ကွဲမှုကြောင့် လေထုအတွင်းသို့ မီးတောင်ပြာများ ငါးကီလိုမီတာအထိ မြင့်တက်ကာ မီးတောင်၏ မြောက်၊ အနောက်မြောက်နှင့် အရှေ့တောင်ဘက် ဒေသများသို့ ပျံ့လွင့်သွားကြောင်း အိပ်စ်ပရက် သတင်းတွင် ဖော်ပြသည်။

လေကြောင်းလိုင်းများအတွက် မီးတောင် လေ့လာရေးနှင့် သတိပေးရေးဌာနက မီးတောင်၏ အန္တရာယ်ရှိမည့်အဆင့်ကို အနီရောင်အဆင့်သတ်မှတ်ထားရာ အမြင့်ဆုံးအဆင့်ဖြစ်ပြီး မီးတောင် ပြာများသည် အမြင့် ၂၃၈၇၂ ပေ(၇၂၇၆ မီတာ) အထိ ရောက်ရှိသွားကြောင်း သတိပေးပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုသည် ဖေဖော်ဝါရီ ၁၉ ရက်က စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် မြေငလျင်များ အကြိမ်ကြိမ်လှုပ်ပြီး အနီးဝန်းကျင်ကျေးရွာများအပေါ် သို့ ကျောက်ခဲများကျရောက်ခဲ့ကြောင်း ဘေးအန္တရာယ်စောင့်ကြည့်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါရီနူဂရိုဟို ကပြောသည်။

အနီးဝန်းကျင်ရှိ ဒေသငါးခုတွင် အမှောင်ကျနေပြီး ငါးမီတာခန့်လောက်သာမြင်ရကြောင်း သူကပြောသည်။

အသေအပျောက်မရှိကြောင်း သတင်းတွင် ဖော်ပြပြီး မီးတောင်ဝန်းကျင်မှ ခုနစ်ကီလိုမီတာ (လေးမိုင်) ခန့်ခွာ၍ နေထိုင်ကြရန်နှင့် နောက်ထပ် သတိပေးချက်များကို စောင့်ကြည့်ကြရန် အေဂျင်စီက ဒေသခံတို့ကို သတိပေးထားသည်။

မီးတောင်နောက်ဆုံးပေါက်ကွဲသည့်အချိန်မှာ ဖေဖော်ဝါရီ ၁၉ ရက်နံနက် ၈ နာရီ ၅၃ မိနစ်က ဖြစ်ပြီး ပေါက်ကွဲချိန် ၂၉၁ စက္ကန့်ရှိကြောင်း Magma Indonesia ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

“ပိုမိုဆိုးဝါးလာတော့မယ်လို့ထင်ရတဲ့အချိန်အခိုက်အတန့်မှာတော့ တချို့လူတွေက ထွက်ပြေးကြတယ်။ ဒါပေမယ့် နေ့ဘက်ပြန်ရောက်ရင်တော့ လုပ်ငန်းတွေက ပုံမှန်အတိုင်းပြန် ဖြစ်နေတယ်။ လူတွေက ဆင်နားဘွန်မီးတောင်ပေါက်တာနဲ့ ယဉ်ပါးပြီး ရိုးနေကြပြီ ” ဟု အေဂျင်စီကပြောသည်။

ဆင်နားဘွန်မီးတောင်သည် ၂၀၁၃ ခုနှစ်မှ စ၍ ရံဖန်ရံခါ ပေါက်ကွဲတတ်ပြီး ၂၀၁၅ ခုနှစ်မှစ၍ သတိပေးချက်အဆင့်ကို အမြင့်ဆုံးအဆင့်အထိ သတ်မှတ်ထားသည်။

ဉာဏ်တင်

# အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားပြည်နယ်တွင် ရာသီဥတုသတိပေးချက် ထပ်မံထုတ်ပြန်

အနောက်ပိုင်းဒေသမှ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဖေဖော်ဝါရီ ၂၃ ရက်နေ့ညမှစ၍ နေရာဒေသ အများအပြားတွင် မိုးအသင့်အတင့်မှ သည်းထန်စွာရွာသွန်းပြီး ဆီးနှင်းများကျဆင်းနိုင်သည့်အတွက် ကက်ရှ်မီးယားချိုင့်ဝှမ်းဒေသတွင် ရာသီဥတု သတိပေးချက် ထုတ်ပြန်ထားသည်။

အလားတူပင် ဂျမူး၊ ကက်ရှ်မီးယားချိုင့်ဝှမ်းဒေသနှင့် လာဒါခ်ဒေသတို့တွင် ၂၄ နာရီအတွင်း ရေခဲတောင်များ ပြိုကျမည့်အန္တရာယ်ရှိကြောင်း သတိပေးထားသည်။ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ အနောက်ပိုင်းဒေသမှ မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ပြည်နယ်နှင့် အနီးဝန်းကျင်ကို ထိခိုက်မှုရှိနိုင်ကြောင်း တိုင်းအုပ်ချုပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

မုန်တိုင်းတိုက်ခတ်မှု လမ်းကြောင်းအရ ဂျမူးနှင့် ကက်ရှ်မီးယားတို့တွင် မိုး သို့မဟုတ် ဆီးနှင်းများ သည်းထန်စွာကျဆင်းပြီး ကာဒါတွင် ဆီးနှင်းများသည် ဖေဖော်ဝါရီ ၂၄ ရက်အထိအသင့်အတင့် ကျဆင်းကာ နောက်ပိုင်းတွင်တဖြည်းဖြည်း ကျဆင်းမှု လျော့နည်းသွားနိုင်သည်ဟုဆိုသည်။ ဆီးနှင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဓိကအားဖြင့် ဆရီနာဂါနှင့် ဂျမူးအကြားရှိ အမျိုးသား အဝေးပြေးလမ်းမကြီးတွင် အသွားအလာများ ရပ်ဆိုင်းသွားနိုင်သည်။

ရေခဲတောင်ပြိုကျမည့် အန္တရာယ်မှာ နေရာဒေသ အတော်များများနှင့် ဆရီနာဂါနှင့် ဂျမူးကြားရှိ အဝေးပြေးလမ်းမကြီးတွင် ဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းထားသည်။

ရေခဲတောင်များပြိုကျတတ်သည့်နေရာများတွင် နေထိုင်သူတို့အား ဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က အကြံပေးထားသည်။

ဉာဏ်တင်

## မြောင်းမြမြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများအား စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ သမဝါယမဦးစီးဌာန ဝန်ထမ်းများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် မြောင်းမြခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းက ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်၊ ဌာန၏လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (CICC) ရုံး ဖွင့်လှစ်၍ တိုင်ကြားမှုများ လက်ခံဖြန်ဖြေ ဆောင်ရွက်နေမှုများ၊ Market Surveillance ဆောင်ရွက်နေမှုများ၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ဆောင်ရွက်နေမှုများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ သိကောင်းစရာအချို့ကို ဟောပြောခဲ့ပြီး ဌာနခွဲမှူး ဦးလှထွန်းဦးက ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ၊ မုန့်များ၊ အချိုရည်များကို ရွေးချယ်စားသောက်တတ်စေရန်၊ ကုန်စည်၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ လုံခြုံစိတ်ချစွာသုံးစွဲနိုင်ရေး၊ ဝန်ဆောင်မှုကဏ္ဍတွင် စားသုံးသူများ နစ်နာဆုံးရှုံးမှု၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့်ပတ်သက်၍ သိကောင်းစရာများကို အသေးစိတ် ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲသို့ မြောင်းမြမြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်း ၄၉ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

တိုးလွင်(မြောင်းမြ)

## မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့၏ ၁/၂၀၁၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝဏ္ဏကျော်(ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးသန်းအေးက လုပ်ငန်းဆောင်ရွက်မှုများ၊ တိုင်ကြားလာသည့်ကိစ္စရပ်များ၊ တိုင်ကြားလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်မှုများ၊ အစည်းအဝေးတွင် ဆုံးဖြတ်ရမည့်အချက်များအား Projector ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသူများအနေဖြင့် CICC မှ ဖြေရှင်းဆောင်ရွက်ပေးသည့် တိုင်ကြားချက်များအား တိုင်ကြားသူမှ ကျေနပ်လက်ခံသဖြင့် အတည်ပြုရန်၊ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့တွင် တာဝန်အရ ပြောင်းရွှေ့သွားသော အဖွဲ့ဝင်များနေရာတွင် အဖွဲ့ဝင်အသစ်အစားထိုးခြင်းအား အတည်ပြုရန်၊ CICC သို့ တိုင်ကြားလာသည့် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုထောက်ခံချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသော ရေသန့်ကိစ္စအား မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေး တွေ့ရှိချက်များအပေါ် ဆုံးဖြတ်ပေးရန် စသည်တို့အား ဆွေးနွေးအတည်ပြုပေးခဲ့ပါသည်။

အစည်းအဝေးသို့ မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့သည်။

နေဇင် (မွန်)

## နေပြည်တော်၊ ပျဉ်းမနားမြို့ ပန်းခင်းရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များနှင့် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ဈေးတို့တွင် ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၊ နေပြည်တော်မှခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းဦးဆောင်၍ တာဝန်ရှိသူများသည် သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ပန်းခင်းရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်၊ စတိုးဆိုင်နှင့် ဆေးဆိုင်များကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်ဈေးတို့ကိုလည်းကောင်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်ခဲ့ရာ သုံးစွဲရန်မသင့်သည့် ကျင်းထုံခြင်ဆေးခွေဖူးများ၊ သက်တမ်းလွန်မုန့်များ၊ သုံးစွဲရန် မသင့်သည့် အလှကုန်များကို စစ်ဆေးတွေ့ရှိရသဖြင့် သက်ဆိုင်ရာဌာနအဖွဲ့များ၏ ရှေ့မှောက်တွင် သိမ်းဆည်း၍ မြေမြှုပ်ဖျက်ဆီးခဲ့ပါသည်။

ထို့နောက် ရောင်းချသောဆိုင်ရှင်များကိုထပ်မံရောင်းချခြင်းမပြုရန်နှင့် တွေ့ရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရအရေးယူခံရမည်ကိုသိရှိစေရန် ဝန်ခံကတိလက်မှတ်များ ရေးထိုးစေခဲ့ကြောင်း သိရှိရသည်။

မြင့်နိုင်(နေပြည်တော်)

## ကလောမြို့ပေါ်ရပ်ကွက်များရှိ အိမ်တွင်းမှုနှင့်ကုန်စုံဆိုင်များအား ဈေးကွက်စစ်ဆေးခြင်းဆောင်ရွက်

စားသုံးသူပြည်သူများ အန္တရာယ်ကင်းသော အစားအသောက်များ စားသောက်နိုင်ရေးနှင့် ထုတ်လုပ်သူလုပ်ငန်းရှင်များမှလည်း လုံခြုံစိတ်ချရမှုရှိသော ကုန်စည်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံရုံး(အောင်ပန်း)မှဝန်ထမ်းများသည် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်များတွင် ကလောမြို့ရှိရပ်ကွက် ၁၀ ခုမှ အသေးစား စားသောက်ကုန်ထုတ် လုပ်ငန်းရှစ်ခု၊ ကုန်စုံဆိုင် ၃၂ ဆိုင်တို့အား ဈေးကွက်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အိမ်တွင်းမှုစားသောက်ကုန်လုပ်ငန်းများအား စစ်ဆေးရာတွင် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိသော ကုန်စည်များ ထုတ်လုပ်ရေး၊ ကုန်စည်တစ်ခုတွင် ပါဝင်ရမည့် အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖော်ပြရေး၊ သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းလိုင်စင်များပြုလုပ်ရန် ပညာပေးခဲ့ပြီး ကုန်စုံဆိုင်များတွင် စားသုံးရန်မသင့်ဟု ကြော်ငြာထားသော အစားအသောက်များ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်များ ရောင်းချရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခဲ့ကြောင်းနှင့် ကျပ် ၃၅၅၅၀ ဖိုးရှိ သက်တမ်းလွန်ကုန်စည်တို့အား ပူးပေါင်းအဖွဲ့ဖြင့် သိမ်းဆည်းခဲ့ကြကြောင်း သတင်းရရှိသည်။

ငြိမ်းငြိမ်းထွေး (အောင်ပန်း)

## ကန်ကြီးထောင့်မြို့နယ်ရှိ ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၇ ရက်က ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ဆေးဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့ပေါ်ရှိ အမှတ်(၁)၊ အမှတ်(၂) ရပ်ကွက်များမှ ဆေးအရောင်းဆိုင်များတွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင် အမှတ်အသားမပါရှိသော ဆေးဝါးများ၊ ဆေးဝါးအတုများနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော သုံးစွဲရန်မသင့် ဘေးအန္တရာယ်ရှိ ဆေးဝါးများ ရောင်းချမှု ရှိ/မရှိ၊ ဆေးဝါးရောင်းချခွင့် လိုင်စင် ရှိ/မရှိ စစ်ဆေးခဲ့ရာ မှတ်ပုံတင်အမှတ်မပါရှိသော ဆေးဝါးများနှင့် သက်တမ်းလွန် ဆေးဝါးများ စစ်ဆေးတွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့ပြီး ဆေးဆိုင်ပိုင်ရှင်များအား ၎င်းဆေးဝါးများ ရောင်းချခြင်းမပြုရန်နှင့် အမျိုးသားဆေးဝါး ဥပဒေ တားမြစ်ချက်များကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းမင်းဦး (ပုသိမ်)

## ကသာမြို့တွင် တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ လက်ကားကုန်စုံဆိုင်ကြီးများအား ဝင်ရောက်စစ်ဆေး

ကသာခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်အုန်းနှင့် ဝန်ထမ်းများ၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် စည်ပင်၊ မြစ်မခသတင်းမီဒီယာ အဖွဲ့အစည်းများ ပူးပေါင်း၍ ဖေဖော်ဝါရီလ ၂၁ ရက်တွင် ကသာမြို့ပေါ်ရှိ လက်ကားကုန်စုံဆိုင်ကြီး ၁၃ ဆိုင်အား တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ ရက်လွန်အချိုရည် ၈၄ ဗူး၊ နို့ဆီ ၄၉ ဗူး၊ ပီကေရောင်စုံ ၁၀ ဗူး၊ ချိုချဉ်ဗူးနှစ်ဗူး၊ ပဲနို့နှစ်ဗူး၊ ရှာလကာရည် ငါးဗူးတို့အား သက်တမ်းကုန်ဆုံးနေသည်ကို တွေ့ရှိရ၍ ကုမ္ပဏီသို့ ပြန်လည်လဲလှယ်ရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော အမှတ်တံဆိပ်မပါ တုတ်ထိုးချိုချဉ် ၁၀၂ တွဲအား ဆက်လက်မရောင်းချရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့နောက် တားမြစ်ကုန်ပစ္စည်းစာရင်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အမှတ်တံဆိပ်မပါ တုတ်ထိုးချိုချဉ်များ ဆက်လက်ရောင်းချခြင်း မပြုရေး သိရှိကြောင်း ဝန်ခံ ကတိလက်မှတ် ရေးထိုးစေခဲ့ကြောင်း သတင်းရရှိပါသည်။

လှလှခိုင် (ကသာ)

## လပွတ္တာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးတိုးလွင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ-၂(ဇ)နှင့် ပုဒ်မ-၈(င) တို့ကိုလည်းကောင်း၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (CICC) ရုံးတွင် လာရောက်တိုင်ကြားမှုများအား စေ့စပ်ဖြန်ဖြေဆောင်ရွက်ပေး မှုများ၊ Market Surveillance ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ဇန်နဝါရီလအတွင်း အထက်ဌာနများ၏ညွှန်ကြားချက်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးခြင်း၊ ယခင်လက သက်တမ်းလွန် ချောကလက်မုန့်များ သိမ်းဆည်းထားရှိမှုနှင့် သောက်ရေသန့်စက်တွင် သက်ဆိုင်ရာဌာနများ၏လုပ်ငန်းလိုင်စင်များရှိမရှိစစ်ဆေးတွေ့ရှိမှုအား လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ၊ ဝန်ထမ်းများ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

တိုးလွင်(မြောင်းမြ)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ပြည်သာယာခန်းမ၌ ကျင်းပပြုလုပ်သည့် သိုး၊ ဆိတ် ထုတ်လုပ်တင်ပို့မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ၊ တောင်သူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြပါသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် ကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဆောင်ရွက်နေကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရေး၊ ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသည် အဓိကကျသော အခန်းကဏ္ဍဖြစ်ပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရန် အရေးကြီးကြောင်း၊ မကွေးတိုင်းဒေသကြီးကို အခြေခံ၍ မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ဆိတ်မွေးမြူရေးဇုန်များ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ သိုး၊ ဆိတ်မွေးမြူရေးအစုအဖွဲ့များ၊ ဆိတ်မွေးမြူရေးဇုန်များ ဖွဲ့စည်းနိုင်ရေးကိုလည်း ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း၊ သိုး၊ ဆိတ် ထုတ်လုပ်မှုနှင့် တင်ပို့မှုမြှင့်တင်ခြင်းဖြင့် ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မှာဖြစ်ကြောင်း၊ သိုး၊ ဆိတ်များမွေးမြူရာတွင် အခြေခံအားဖြင့် လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူခြင်း၊ ခြံလှောင်စနစ်ဖြင့် မွေးမြူခြင်း၊ ကျေးလက်တောင်သူများ တစ်ပိုင်တစ်နိုင်ဖြင့် မွေးမြူခြင်း၊ ကုမ္ပဏီများမှ စီးပွားဖြစ် မွေးမြူခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ပြည်ပတင်ပို့ခြင်းလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေ ချိတ်ဆက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ အစုအဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် အချင်းချင်း တိုင်ပင်နှီးနှော အတွေ့အကြုံဖလှယ်ခြင်း၊ မျိုးကောင်းမျိုးသန့် ရရှိရေးကိစ္စ၊ အစာရရှိရေးကိစ္စ၊ တိရစ္ဆာန်ကျန်းမာရေးကိစ္စ၊ ပြည်တွင်းရောင်းဝယ်ခြင်းကိစ္စ၊ ပိုလျှံသည်များ ပြည်ပတင်ပို့ခြင်းကိစ္စများ၊ နည်းပညာရရှိရေး ကိစ္စများကို သက်ဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်း အချက်အချာကျသည့်နေရာတွင်တည်ရှိနေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိနေပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တိုးတက်စေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပံ့ပိုးကူညီပေးမှာ ဖြစ်ကြောင်း ပြောကြားပါသည်။



စာမျက်နှာ (၃၁)သို့ ➤






# အလားအလာကောင်းသော ၂၀၁၈ ခုနှစ်

# အာဆီယံစီးပွားရေး

| သိန်းမြင့်ဝေ |

၂၀၁၈ ခုနှစ်တွင် အာဆီယံ၏ စီးပွားရေးတိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း ခန့်မှန်းသုံးသပ်ထားသည်များကို တွေ့ရှိရသည်။ သို့သော်လည်း အာဆီယံအတွက် စိန်ခေါ်မှုများလည်း ရှိနေပေသည်။ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်မြေရှင်းရန် တစ်ခုတည်းသော နည်းလမ်းမှာ စီးပွားရေး ပေါင်းစည်းမှု (Economic integration) ကို အရှိန်မြှင့်တင်ရန် ဖြစ်ပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံက ထုတ်လုပ်လျက်ရှိသော စက်မှုကုန်ချောပစ္စည်းများ (Manufacturing products) နှင့် ပြိုင်ဆိုင်ရမည်ဖြစ်သည်။

အာဆီယံ၏ ယဉ်ကျေးမှုမတူကွဲပြားခြင်းကို အကြောင်းပြု၍ "မတူကွဲပြားခြင်းသည် အင်အားဖြစ်သည်" (There is strength in diversity) ဟူ၍ ပြောစမတ်ပြုကြသည်။ ထိုနည်းတူစွာပင် အာဆီယံ၏ စီးပွားရေးတိုးတက်မှု အဆင့်အတန်းသည်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံကွဲပြားလျက်ရှိသည်။ ထိုကဲ့သို့ စီးပွားရေးမတူကွဲပြားမှု (Economic diversity) သည်လည်း အရှေ့တောင်အာရှဒေသ၏ အကြီးမားဆုံးအင်အားဖြစ်ကြောင်း တွေ့ရသည်။

ကုန်သွယ်မှုပေါင်းစည်းခြင်း (Trade integration) မှ ဆက်လက်၍ စီးပွားရေးပေါင်းစည်းခြင်း (Economic integration) ကို အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ စီးပွားရေးတိုးတက်မှုအဆင့် ကွာခြားခြင်းနှင့် လုပ်ငန်းမျိုးစုံပါဝင်နေခြင်းက ၂၀၁၈ ခုနှစ် အာဆီယံစီးပွားရေးကို ပိုမိုတိုးတက်စေနိုင်သည်။ ထိုကဲ့သို့သော တိုးတက်မှုနှင့်အတူ မလေးရှားနှင့် စင်ကာပူကဲ့သို့သော နိုင်ငံများတွင် ငွေကြေးပေါ်လစီ (Monetary policy) ပိုမိုတင်းကျပ်လာဖွယ်ရှိသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြိုင်ဆိုင်မှုကို ရင်ဆိုင်ရန်၊ စိန်ခေါ်မှုများကို တုံ့ပြန်ရန်နှင့် အာဆီယံ၏စီးပွားရေး မတူကွဲပြားမှုပေါ်လွင်စေရန် ရေရှည်အတွက် အကောင်းဆုံး နည်းလမ်းမှာ စီးပွားရေးပေါင်းစည်းမှုကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**အာဆီယံအီလက်ထရောနစ်ဈေးကွက်**

လက်ရှိ အာဆီယံစီးပွားရေးကို တိုးတက်စေသော အင်ဂျင်စက်များ (Current engines of growth) အနက် အင်ဂျင်စက်တစ်ခုမှာ အီလက်ထရောနစ်ဈေးကွက်ဖြစ်သည်။ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့သည် အီလက်ထရောနစ်ထုတ်လုပ်ရောင်းချမှုကွင်းဆက်(Electronics supply chain) အတွင်း ပါဝင်ဆောင်ရွက်နေကြသည်။ မိမိတို့၏ ထုတ်လုပ်နိုင်စွမ်းအလိုက် စက်ပစ္စည်းအစိတ်အပိုင်းငယ်လေးများ (Chip Production) မှသည် ကုန်ချောတပ်ဆင်ထုတ်လုပ်မှု (Final products assembly) ထိ ဆောင်ရွက်ကြပါသည်။ ဥပမာအားဖြင့် စက်ပစ္စည်းအစိတ်အပိုင်းငယ်လေးများကို စင်ကာပူတွင် ထုတ်လုပ်ပြီး ဗီယက်နမ်နိုင်ငံတွင် ကုန်ချောတပ်ဆင်ထုတ်လုပ်ခြင်းကို တွေ့မြင်နိုင်သည်။

တရုတ်နိုင်ငံ၏ အီလက်ထရောနစ်ပစ္စည်း (Consumer electronic components) ဝယ်လိုအားသည် အာဆီယံ၏ လျှပ်ကူးပစ္စည်း (semi-conductor) ထုတ်လုပ်မှုကို တိုးတက်စေလျက်ရှိသည်။ ထိုအခြေအနေတွင် ဗီယက်နမ်သည် တောင်ကိုရီးယား အီလက်ထရောနစ်လုပ်ငန်းရှင်များအတွက် စက်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မှုကို သိသိသာသာ တိုးတက်ဆောင်ရွက်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံမှ LG ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ Hai Phong မြို့တွင် စက်ရုံတည်ထောင်ထားပြီး တရုတ်စားသုံးသူများအတွက် OLED Screen များ ထုတ်လုပ်နေပါသည်။ ထို့အတူ Samsung ကုမ္ပဏီသည်လည်း ဗီယက်နမ်နိုင်ငံ Hanoi မြို့အနီးတွင် ယင်း၏ဖုန်းတပ်ဆင်မှု ၅၀ ရာခိုင်နှုန်းကို ဆောင်ရွက်နေခဲ့ပါသည်။ ဤကဲ့သို့သော အာဆီယံ၏ထုတ်လုပ်မှုတိုးခြင်းသည် တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်တိုးတက်ပြီး ဝယ်လိုအားတိုးလာခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့ပြီး ရင်းနှီးမြှုပ်နှံမှု သိသာစွာ တိုးတက်ခဲ့သောကြောင့်ဖြစ်ပါသည်။

အာဆီယံနိုင်ငံများသည် ယုတ်လျော့လျက်ရှိသော သဘာဝသယံဇာတထုတ်ယူတင်ပို့မှုအပေါ် မှီခို အားထားမှုလျှော့ချနေကြပါသည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံသည် Downstream industries တွင် အမြောက်အများ ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။ Downstream industries ဆိုသည်မှာ ကုန်ကြမ်းမှ ကုန်ချောပစ္စည်း (Finished product) ထုတ်လုပ်ခြင်းနှင့် အဆိုပါ ကုန်ချောပစ္စည်းများကို စီးပွားရေးလုပ်ငန်း၊ အစိုးရနှင့် စားသုံးသူများသို့ ရောင်းချသည့် ဖြစ်စဉ်ဖြစ်သည်။ အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် ဆက်လက်ကျဆင်းဖွယ် တွေ့ရှိရသောကြောင့် Downstream လုပ်ငန်းများကို ဦးစားပေးလာခြင်းဖြစ်သည်။ ထိုနည်းတူစွာပင် အင်ဒိုနီးရှားနိုင်ငံသည်လည်း ပြည်တွင်းသံသတ္တုတူးဖော်ရေးလုပ်ငန်းတွင် ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် တန်ဖိုးမြှင့် ထုတ်လုပ်ခြင်း (Value-add) ကို ပိုမိုဦးစားပေးဆောင်ရွက်နေပါသည်။

**ဝန်ဆောင်မှုကဏ္ဍနှင့် ပုဂ္ဂလိကစားသုံးမှု**

အာဆီယံ၏ အများဆုံးတင်ပို့လျက်ရှိသော ကုန်ပစ္စည်းများ (Commodity exports) မှာ စားအုန်းဆီနှင့် ကျောက်မီးသွေးဖြစ်သည်။ အာဆီယံအနေဖြင့် စားအုန်းဆီနှင့် ကျောက်မီးသွေးကဲ့သို့သော ကုန်စည်များကို လျှော့ချတင်ပို့သွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ကျောက်မီးသွေး အမြောက်အများတင်ပို့ရောင်းချလျက်ရှိသည်။ တရုတ်နိုင်ငံသည် ယင်း၏ သဘာဝပတ်ဝန်းကျင်ပေါ်လစီသစ်များ (New environmental policies) ကြောင့် ကျောက်မီးသွေးများကို ဝယ်ယူတင်သွင်းလျက်ရှိပါသည်။ လူဦးရေမြန်ဆန်စွာတိုးတက်လျက်ရှိသော အိန္ဒိယနှင့် အာဖရိကတို့က စားအုန်းဆီကို ပိုမိုဝယ်ယူနိုင်သောကြောင့်ဖြစ်ပါသည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့၏ စားအုန်းဆီထုတ်လုပ်မှုသည် ကမ္ဘာ့စုစုပေါင်း စားအုန်းဆီထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းရှိပါသည်။

အာဆီယံစားသုံးသူများကို လေ့လာရာ၌ ၂၀၁၇ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ကဲ့သို့သော နိုင်ငံများတွင် ပုဂ္ဂလိကစားသုံးမှု (Private consumption) ကျဆင်းခဲ့ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ကျဆင်းရခြင်းမှာ အင်ဒိုနီးရှားတွင် အခွန်တိုးမြှင့်ကောက်ခံခြင်းနှင့် အစိုးရအသုံးစရိတ်လျှော့ချခြင်းကြောင့်လည်းကောင်း၊ ဖိလစ်ပိုင်တွင် ပြည်ပငွေလွှဲလုပ်ငန်း မတည်ငြိမ်မှုနှင့် လုပ်သားဈေးကွက်အပြောင်းအလဲကြောင့်လည်းကောင်း ဖြစ်ပါသည်။ ဤဖြစ်ရပ်များသည် ခဏပန်း သို့မဟုတ် ပေါ်ပင်ကိစ္စရပ်များ (Ephemeral factors) ဖြစ်သောကြောင့် ၂၀၁၈ ခုနှစ်တွင် အဆိုပါကိစ္စရပ်များသည် ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိကောင်းမွန်သွားနိုင်သည်။ ကာလရှည်တွင် ကောင်းမွန်သော မက္ကရိုစီးပွားရေးပေါ်လစီ (Conducive macro policies) နှင့် လူဦးရေတိုးတက်မှု (Strong population growth) တို့ကြောင့် အာဆီယံ၏ စားသုံးသူဝယ်လိုအား ဆက်လက်မြင့်တက်နိုင်သည်။ ကာလတိုတွင်လည်း ရွေးကောက်ပွဲများရှိသောကြောင့် အသုံးစရိတ်များ မြင့်တက်နိုင်သည်။ ဥပမာအားဖြင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် မလေးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကြောင့် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ (Bread-and-butter services) အပေါ် သုံးစွဲသည့် အသုံးစရိတ်များ ပိုမိုများပြားလာနိုင်သည်။

ပြည်သူသန်း ၉၀ ခန့် ဆန္ဒမဲပေးမည့် အင်ဒိုနီးရှားနိုင်ငံ၏ ရွေးကောက်ပွဲများနှင့် သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများသည်လည်း ၂၀၁၈ ခုနှစ်၊ ဇွန်လနှင့် အောက်တိုဘာလတို့တွင် စတင်မည်ဖြစ်သည်။ ထို့ကြောင့် အစိုးရအသုံးစရိတ်များ မြင့်တက်လာဖွယ်ရှိပါသည်။

အာဆီယံ၏ ဝင်ငွေအများစုသည် ဝန်ဆောင်မှုကဏ္ဍမှ ရရှိခြင်းဖြစ်သောကြောင့် ဝန်ဆောင်မှုကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနေသည်။ အာဆီယံ၏ စက်မှုကုန်ချောထုတ်လုပ်မှုတိုးတက်ရုံမျှဖြင့် လုပ်သားဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပေ။ စက်မှုကုန်ချောထုတ်လုပ်မှု တိုးတက်ခြင်းနှင့်အတူ ဝန်ဆောင်မှုကဏ္ဍတိုးတက်ခြင်းနှင့် ပုဂ္ဂလိကစားသုံးမှုမြင့်မားခြင်းတို့ကြောင့် အာဆီယံဒေသ၏ ပို့ကုန်များ သိသိသာသာ တိုးတက်နေခြင်းဖြစ်ပါသည်။ စင်ကာပူ၏ စက်မှုကုန်ချောထုတ်လုပ်မှုကို ဥပမာအဖြစ်လေ့လာ ကြည့်ရှုနိုင်ပါသည်။ စင်ကာပူ၏ လျှပ်ကူးပစ္စည်းထုတ်လုပ်မှု (Semiconductor production) သည် နိုင်ငံ GDP တိုးတက်မှု၏ ၅၀ ရာခိုင်နှုန်းရှိပါသည်။ သို့သော်လည်း ယင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရာတွင် စုစုပေါင်း လုပ်သားအင်အား၏ တစ်ရာခိုင်နှုန်းသာ သုံးစွဲပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုကဏ္ဍနှင့် ပုဂ္ဂလိကစားသုံးမှု တိုးတက်ခြင်းက အလုပ်အကိုင်ရရှိမှုကို များစွာ အထောက်အကူပြုကြောင်း တွေ့မြင်နိုင်သည်။

**တိုးတက်မှု၏ မောင်းနှင်အား**

အရှေ့တောင်အာရှဒေသ တိုးတက်ရန်အတွက် ပို့ကုန်နှင့် ပုဂ္ဂလိကစားသုံးမှုတိုးတက်ခြင်းအပြင် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံခြင်း (Public investment in infrastructure) သည် ဒေသအတွက် အရေးကြီးသော တိုးတက်မှု၏ မောင်းနှင်အား (Growth driver) ဖြစ်သည်။ ဤရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သော ငွေကြေးအများစုကို ဗဟိုအစိုးရဘတ်ဂျက်မှ ကျခံ သုံးစွဲပါသည်။

တရုတ်အစိုးရက ကျခံသုံးစွဲ အကောင်အထည်ဖော်နေသော 'ရပ်ဝန်းနှင့်လမ်းအစီအစဉ်' (Belt and Road Initiative) သည် လာမည့် ၅ နှစ်အတွင်း အာဆီယံစီးပွားရေးအပေါ် ကောင်းကျိုးများ သက်ရောက်လာနိုင်ပါသည်။ အထူးသဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသည် 'ရပ်ဝန်းနှင့် လမ်းအစီအစဉ်' ၏ ကောင်းကျိုးများကို ပိုမိုခံစားရဖွယ်ရှိသည်။ အဓိကအားဖြင့် ပိုက်လိုင်း၊ မီးရထားလမ်း၊ စွမ်းအင်ထုတ်လုပ်မှုစက်ရုံ (Energy generation plants) နှင့် ဆိပ်ကမ်း (Port facilities) တည်ဆောက်ရေးစီမံကိန်းကြီးများတွင် ရင်းနှီးမြှုပ်နှံကြရမည်ဖြစ်သည်။ ထိုသို့ တည်ဆောက်ရာတွင် တရုတ်နိုင်ငံ၏ စက်မှုကုန်ကြမ်းပစ္စည်းများကို ဝယ်ယူရမည်ဖြစ်သောကြောင့် သက်ဆိုင်ရာ အာဆီယံနိုင်ငံအတွက် ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ပေါ်နိုင်သည်။ သို့သော်လည်း အာဆီယံ၏ လိုအပ်နေသော အခြေခံအဆောက်အအုံကို ဖြည့်ဆည်းရာရောက်သောကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်ပါသည်။

**တင်းကျပ်သော ငွေကြေးပေါ်လစီ**

အာဆီယံ၏ပြည်တွင်းဝယ်လိုအား (Domestic demand) တိုးတက်လာသည်နှင့်အညီ လုပ်သားဈေးကွက်များသည်လည်း ပိုမိုကောင်းမွန်လာကြောင်း တွေ့ရသည်။ ဗဟိုဘဏ်များ၏ ဆောင်ရွက်ချက်ကြောင့် အာဆီယံ စီးပွားရေးပိုမိုတည်ငြိမ်ကျယ်ပြန့်လာသကဲ့သို့ပြည်သူလူထု၏ ယုံကြည်မှုအညွှန်းကိန်းလည်း ကောင်းမွန်လာသည်။ ထို့ကြောင့် ဗဟိုဘဏ်များသည် ဖြေလျှော့ထားသော ငွေကြေးပေါ်လစီကို တဖြည်းဖြည်း ပြန်လည်တင်းကျပ် သွားမည်ဖြစ်သည်။ မလေးရှား၊ စင်ကာပူနှင့် ဖိလစ်ပိုင်ဗဟိုဘဏ်များသည် ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်အတွင်းမှာပင် တင်းကျပ်သော ငွေကြေးပေါ်လစီ (Tightening monetary policy) ကို ချမှတ် ကျင့်သုံးနိုင်သည်။

**ဒေသဆိုင်ရာ စိန်ခေါ်မှုများ**

တရုတ်နိုင်ငံသည် အာဆီယံဒေသဆိုင်ရာ အခြေခံအဆောက်အအုံတည်ဆောက်ရာတွင် ငွေကြေး ထောက်ပံ့နိုင်သည့် အရေးပါသော နိုင်ငံဖြစ်ပါသည်။ သို့သော်လည်း တရုတ်၏ စက်မှုအဆင့်မြှင့်တင်ခြင်း (Industrial upgrading) သည် အာဆီယံ၏ သမားရိုးကျ အီလက်ထရောနစ်လုပ်ငန်းနှင့် ထုတ်လုပ်ရောင်းချမှု ကွင်းဆက်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ တရုတ်နိုင်ငံ၏ လျှပ်ကူးပစ္စည်းထုတ်လုပ်မှုအတွက် အမေရိကန် ဒေါ်လာ ၁၅၀ ဘီလီယံရင်းနှီးမြှုပ်နှံသည့် စီမံကိန်းသည် အာဆီယံနိုင်ငံများအတွက် အခက်အခဲဖြစ်စေပါမည်။

ထို့ကြောင့် အာဆီယံသည် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း (High-end manufacturing)၊ ပိုမို ပူးပေါင်းခြင်း၊ ဒေသတစ်ဝန်းရှိ ထုတ်လုပ်မှုဗဟိုဌာနများ (Production centres) ကို ထိန်းထားခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နယ်စပ်ဖြတ်ကျော်ဝန်ဆောင်မှုဆိုင်ရာ အဟန့်အတားများ ထပ်မံလျှော့ချခြင်းတို့ကို ဆောင်ရွက်ရပါမည်။ ဤသို့ ဆောင်ရွက်ခြင်းသည်သာ အာဆီယံ၏ ယှဉ်ပြိုင်အားသာချက် (Competitive advantage) ကို ထိန်းထားနိုင်ပြီး ရေရှည် တိုးတက်နိုင်မည့်နည်းလမ်းဖြစ်ပါသည်။ အထူးသဖြင့် AEC အရ စီးပွားရေးပေါင်းစည်းမှုကို မြန်မြန်နှင့် နက်နက်နဲနဲ ဆောင်ရွက်မှသာလျှင် အာဆီယံ၏အလားအလာကောင်းများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

Source: CNA/SL

❑

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှု ဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

**|သန်းသန်းနိုင်|**

**ယခင်တစ်ပတ်မှအဆက်**

(၄) လုပ်ငန်းတည်နေရာအဆောက်အဦကိုဥပဒေအရပိုင်ဆိုင်ခွင့်ရ အထောက်အထား၊ (မြေနေရာ အဆောက်အဦးအသုံးပြုခွင့် လိုင်စင် (သို့မဟုတ်) ငှားရမ်းစာချုပ်)

(၅) ကျန်းမာသန့်ရှင်းရေးကြီးကြပ်စနစ်

(၆) ရောဂါပိုးမွှားကာကွယ်ရေးစနစ်နှင့် စွန့်ပစ်ပစ္စည်းထားရှိသည့် စနစ်၊ အချက်အလက်များရှိရမည်။

(၇) ဒီဇိုင်းနှင့်ရှင်းလင်းချက်၊ စနစ်တကျ ဖွဲ့စည်းထားသည့်ပုံများ ပါရှိရမည်။

(၈) လုပ်ငန်းလုပ်သူအနေဖြင့် ကျန်းမာရေးထောက်ခံစာနှင့် ကျန်းမာရေးသင်တန်းအောင်လက်မှတ်ရှိရမည်။

၁၇။ ဥပဒေစည်းမျဉ်းစည်းကမ်းပါ သတ်မှတ်ချက်များအတိုင်း အခြားစာရွက်စာတမ်းများကိုလည်း တင်ပြရမည်။

၁၈။ လျှောက်ထားသူအနေဖြင့် အီးမေးလ်၊ ကြေးနန်း၊ ဖက်စ် စသည်တို့ဖြင့် လျှောက်ထားနိုင်သည်။

**(ခ)လက်ခံခြင်း**

၁၉။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေနှင့် လျှောက်ထားလွှာပါအချက်အများကို စိစစ်ရမည်။ ထို့အတူ အောက်ပါအချက်များကို လုပ်ကိုင်ရမည်။

(၁) လျှောက်ထားချက်သည် လိုင်စင်ကိုင်ဆောင်ထားရန် မလိုသောအရာဖြစ်ပါက လိုင်စင်လျှောက်ထားရန်မလိုကြောင်း လျှောက်ထားသူကို အချိန်မီအသိပေးရမည်။

(၂) လျှောက်ထားချက်သည် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန၏ လုပ်ကိုင်ခွင့်အာဏာတွင်းတွင်မရှိပါက စာဖြင့်လက်မခံနိုင်ကြောင်း အချိန်မီအကြောင်းကြားရမည်ဖြစ်သလို လုပ်ကိုင်ခွင့် အာဏာရှိသူမှာ မည်သည့်ဌာနဖြစ်ကြောင်း အသိပေးရန် တာဝန်ရှိသည်။

(၃) လျှောက်ထားစာပေါ်တွင် တစ်ထိုင်တည်းပြင်နိုင်သည့် အမှားရှိပါက လျှောက်ထားသူကို ချက်ချင်း ပြောပြ၍ပြင်ဆင်ခိုင်းစေရမည်။

(၄) လျှောက်ထားစာပါ စာရွက်စာတမ်းများမပြည့်စုံလျှင် လက်ခံရရှိသည့်နေ့မှစ၍ ၄ါးရက်အတွင်း တစ်ကြိမ်တည်းစာဖြင့် အသိပေးရမည်။ အကယ်၍အချိန်မီအကြောင်းမကြားပါက ၄ါးရက်ကျော်လျှင် တရားဝင်လက်ခံကြောင်းနှင့် လျှောက်လွှာရရှိသည့်နေ့မှစ၍ လုပ်ငန်းများစတင်သည်ဟု မှတ်ယူမည်။

(၅) လျှောက်ထားချက်သည် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန၏ လုပ်ကိုင်ခွင့်အာဏာတွင်းတွင်ရှိပါက လျှောက်ထားသည့်အချက်အလက်များ ပြည့်စုံပါက (သို့မဟုတ်)လျှောက်ထားသူအနေဖြင့် ဌာန၏ တောင်းဆိုချက်နှင့်အညီ စာရွက်စာတမ်းများကို ပြင်ဖျက်မှုများလုပ်၍ ထပ်တင်ပြလာပါက ကျန်းမာရေးလိုင်စင်ထုတ်ပေးရန် လုပ်ကိုင်ရမည်။

၂၀။ လျှောက်ထားချက်သည် ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာန၏ လုပ်ကိုင်ခွင့်အာဏာတွင်းတွင် ရှိပါက လျှောက်ထားမှုလက်ခံကြောင်းအကြောင်းကြားစာပေးရမည်။ အကယ်၍ လျှောက်ထားချက်သည် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန၏ လုပ်ကိုင်ခွင့်အာဏာတွင်းတွင်မရှိပါက လျှောက်ထားမှုလက်မခံကြောင်း အကြောင်းကြားစာပေးရမည်။ လျှောက်ထားစာပါ စာရွက်စာတမ်းများမပြည့်စုံလျှင် စာရွက်စာတမ်းများကို ပြင်ဖျက်မှုပြုရန် အကြောင်းကြားစာပေးရမည်။

၂၁။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေနှင့် လျှောက်ထားသူကို အကြိမ်ကြိမ်လျှောက်လွှာ စာရွက်စာတမ်းများပေးပို့ရန် လုံးဝမလုပ်ရ။

**(ဂ)စိစစ်ခြင်း**

၂၂။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေနှင့် လျှောက်ထားလွှာပါ အချက်အများကို စိစစ်ရမည်။ စိစစ်မှုတွင် လိုအပ်ချက်များရှိနေသည်ကိုတွေ့ရှိပါက လျှောက်ထားသူကို အသိပေးရမည်။ ထို့အတူ ပြင်ဆင်ရန် (သို့မဟုတ်)ခွင့်ပြုမိန့်မပြုကြောင်း အသိပေးစာ ပို့ရမည်။

၂၃။ လျှောက်လွှာစိစစ်မှုအောင်ပါက ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ ဝန်ထမ်းနှစ်ဦးလွှတ်၍ ကွင်းဆင်းစိစစ်ရမည်။

**(ဃ) ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ချက်ပေးပို့ခြင်း**

၂၄။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအနေနှင့် လျှောက်ထားလွှာစိစစ်ချက်နှင့် ကွင်းဆင်းစစ်ဆေးချက်များအပေါ် မူတည်၍ တောင်းဆိုချက်နှင့်ပြည့်မီလျှင် ခွင့်ပြုမိန့်ချပေးကာ လိုင်စင်ထုတ်ပေးရမည်။ တောင်းဆိုချက်နှင့် မပြည့်မီပါက ခွင့်မပြုကြောင်း အသိပေးစာ ပို့ပေးရမည်။ ထို့အတူ အဘယ်ကြောင့် လက်မခံနိုင်ကြောင်း အသိပေးရမည်ဖြစ်သလို အယူခံတင်နိုင်ကြောင်းလည်း အသိပေးရမည်။

၂၅။ ဆုံးဖြတ်ချက်ကိုနှစ်စုံပြုလုပ်၍တစ်စုံကိုလျှောက်ထားသူကို ပေးရမည်။ နောက်တစ်စုံကိုပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနသို့ပေးကာ သိမ်းဆည်းထားရမည်။

၂၆။ ကျန်းမာရေးလိုင်စင်ရရှိထားသူအတွက် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ လိုင်စင်နှင့် စာရွက်စာတမ်းများကို စနစ်တကျသိမ်းဆည်းကာ ဖိုင်ခွဲထားရမည်။

**(င) ကန့်သတ်ကာလနှင့် ကြေညာချက်ထုတ်ခြင်း**

၂၇။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအနေဖြင့် လျှောက်လွှာလက်ခံသည့်နေ့မှစ၍ ရက်(၂၀)အတွင်း လိုင်စင်ထုတ်ပေးသည့် လုပ်ငန်းကိုအပြီးလုပ်ရမည်။ အကယ်၍ ထူးခြားချက်ရှိပါက ကန့်သတ်ကာလကို (၁၀)ရက်တိုးနိုင်သည်။ ထို့အတူ ရက်တိုးရသည့် အကြောင်းအရင်းကို အသိပေးရမည်။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအနေဖြင့် ဆုံးဖြတ်ချက်ချပြီးသည့်နေ့မှစ၍ (၁၀) ရက်အတွင်း လျှောက်ထားသူကိုခွင့်ပြုမိန့်လက်မှတ်ထုတ်ပေးရမည်။

၂၈။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေဖြင့် ခွင့်ပြုသည့်လုပ်ငန်း၊ နောက်ခံ၊ အချက်အလက်၊ စနစ်၊ သက်တမ်းနှင့် အချက်အလက်မာတိကာ၊ ခွင့်ပြုလိုင်စင်တို့ကို အများသိရန်ကြေညာရမည်။

**(စ) လိုင်စင်ကိုပြင်ဆင်၊ သက်တမ်းတိုး၊ ထပ်ဆောင်းပေးခြင်း**

၂၉။ အောက်ပါအချက်များအတွက်လုပ်ငန်းရှင်အနေနှင့်ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနသို့ပြင်ဆင်ပေးပါရန်လျှောက်ထားရမည်။

(၁) အမည်၊ ပိုင်ဆိုင်သူ(တာဝန်ခံ(သို့မဟုတ်)လုပ်ငန်း)(သို့မဟုတ်) လိပ်စာပြင်ဆင်ပါက၊ ဤတွင် လုပ်ငန်းလုပ်ကိုင်သည့်နေရာ မပြောင်းပါက၊

(၂) လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းဖွဲ့စည်းပုံ၊ လုပ်ငန်းလည်ပတ်ပုံ၊ စက်ပစ္စည်းတို့ ပြင်ဆင်ရန်လိုပါက ယခင်ခွင့်ပြုမိန့်ချပေးသော ဌာနတွင် ပြန်လည်လျှောက်ထားရမည်။ ထို့အတူ ခွင့်ပြုချက်ကျလာပါက၊ ယခင်ကထုတ်ပေးသော ခွင့်ပြုမိန့်နံပါတ်၊ သက်တမ်းမှာ ပြောင်းလဲမည်မဟုတ်၊

၃၀။ လိုင်စင်သက်တမ်းမကုန်ဆုံးမီရက်(၃၀)စော၍ သက်တမ်းတိုး လိုင်စင်ထုတ်ပေးပါရန် လျှောက်ထားရမည်။ အကယ်၍ သက်တမ်းတိုးရန်မလျှောက်ထားခဲ့ပါက၊ လိုင်စင်လုပ်လိုလျှင်အသစ် လျှောက်ထားရမည်။

၃၁။ လိုင်စင်လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများ တင်ပြရမည်-

(၁) ကျန်းမာရေးလိုင်စင်လျှောက်လွှာ

(၂) ယခင်ကျန်းမာရေးလိုင်စင်မိတ္တူ

(၃) ယခင်ကျန်းမာရေးလိုင်စင်လျှောက်ထားရာတွင် တင်ပြသော စာရွက်စာတမ်းများ ပြောင်းလဲလျှင် (သို့မဟုတ်) မပြောင်းလဲလျှင်၊ လျှောက်ထားရာတွင် ရေးသားအသိပေးရမည်။

၃၂။ ယခင်ကျန်းမာရေးလိုင်စင်ကို သက်တမ်းတိုးမည်ဆိုပါက လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းဖွဲ့စည်းပုံ၊ လုပ်ငန်း လည်ပတ်ပုံ၊ စက်ပစ္စည်းများပြောင်းလဲမှု ရှိမရှိ တင်ပြရမည်။ ထို့အတူ ဥပဒေနှင့်အညီ စိစစ်မှုများပြုကာ သက်တမ်းတိုးပေးရမည်။ ထို့အပြင် ကျန်းမာရေးလိုင်စင်အသစ်ထုတ်ပေးရမည်။

၃၃။ လုပ်ငန်းရှင်အနေနှင့်လိုင်စင်သစ်ရရှိပြီးပါက ယခင်လိုင်စင်အဟောင်းကို ထုတ်ပေးခဲ့သည့်ဌာနအား ပြန်အပ်ရမည်။

၃၄။ လုပ်ငန်းရှင်အနေနှင့် လိုင်စင်ပျောက်သွားပါက ရက်(၆၀) အတွင်း အများသိရန်ကြေညာရမည်။ ထို့နောက် ယခင်လိုင်စင်ထုတ်ပေးသော ဌာနမှ အသစ်ထုတ်ပေးရမည်။ လိုင်စင်စုတ်ပြဲသွားပါက စုတ်ပြဲနေသော လိုင်စင်ကိုယူ၍အသစ်လဲပေးရန်လျှောက်ထားနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**စာမျက်နှာ (၂၉)➤➤➤** **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ⋯⋯**

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းအတွင်း သိုး၊ ဆိတ်မွေးမြူခြင်းများနှင့် ပတ်သက်၍ တစ်ပိုင်တစ်နိုင်မွေးမြူခြင်းမှ စီးပွားဖြစ် မွေးမြူထုတ်လုပ်ခြင်းများကို နေရာအနှံ့အပြား၌ မွေးမြူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသဖြစ်သည်နှင့်အညီ ဒေသရာသီဥတု၊ ပထဝီအနေအထားအရ သိုး၊ ဆိတ်၊ နွားမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ မွေးမြူရေး လုပ်ငန်းအများစုမှာ မိသားစုအပိုဝင်ငွေရရှိသော လုပ်ငန်းများဖြစ်သဖြင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို များစွာ အထောက်အကူပြုလျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်စိုးတို့က လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့၊ ကုန်သည်ပွဲစားအသင်းရုံး၊ ကုန်စည်ဒိုင်၌ ပဲမျိုးစုံတို့အား ခင်းကျင်းပြသ ရောင်းချနေမှုများ ကိုကြည့်ရှုအားပေးကာ ကုန်သည်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကုန်စည်ဒိုင်နှင့် တောင်သူချိတ်ဆက်၍ အရည်အသွေးကောင်းသည့် မျိုးကောင်းမျိုးသန့်ပဲများ ရောင်းဝယ်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့ အောင်ခေတ်ဆန်းကုမ္ပဏီ၏ ပြည်ပမျိုးဖြင့် မွေးမြူထားသော မွေးမြူရေးခြံအား ကြည့်ရှုအားပေးပြီး စွန်းကျွန်းညို ကျေးရွာရှိ တောင်သူဦးအောင်နိုင်ဦး၏ စားတော်ပဲ၊ မြေပဲ၊ အာလူးများ စိုက်ပျိုးထားရှိမှုတို့အား လိုက်လံ ကြည့်ရှုအားပေးခဲ့ပါသည်။

ထို့နောက် ကြက်ဟင်းခါးကျေးရွာရှိ ကွင်းအမှတ် ၄၃၉ ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံသို့ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ထုတ်လုပ်ရောင်းချမှုဆိုင်ရာ ဆောင်ရွက်ရမည့်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရေး၊ ရောဂါနှင့် ပိုးမွှားများ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေး နည်းပညာများ၊ အရည်အသွေးမီ စိုက်ပျိုးခြင်း၊ မွေးမြူခြင်းတို့အတွက် တိုးမြှင့်ထုတ်လုပ်နိုင် ရေး၊ ထုတ်ကုန်များနှင့်စပ်လျဉ်း၍ ဈေးကွက်၊ ဈေးနှုန်း အချက်အလက်များ၊ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေသိရှိနိုင်ရန် သတင်းအချက်အလက် ဖြန့်ဝေပေးမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး ဘက်စုံစိုက်ပျိုးမွေး မြူရေးခြံအတွင်း နွားရှေ့နီ၊ နွားရှေ့နီချိတ်စသော နွားကောင်ရေ ၇၅၀ ခန့်အား မွေးမြူထားရှိမှု အခြေအနေကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

## ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း အပေါ် အကောင်းမြင်

၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းနောက်ဆုံး သုံးလပတ်ကာလတွင် စီးပွားရေး တိုးတက်မှု ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဗဟိုဘဏ်မှ ၂၀၁၇ တစ်နှစ်လုံးအတွက် အနည်းဆုံး တိုးတက်မှု ၃ ဒသမ ၉ ရာခိုင်နှုန်း မျှော်မှန်းထားပြီး၊ ဗဟိုဘဏ်၏ တစ်နှစ်လုံးမျှော်မှန်းချက်ထက် ပိုမိုခဲ့ကြောင်း ထိုင်းနိုင်ငံ၏ စီးပွားရေးပညာရှင်များက ပြောကြားပါသည်။

၂၀၁၆ ခုနှစ် စတုတ္ထသုံးလပတ်တွင် ပို့ကုန်တင်ပို့မှုကျဆင်းခြင်းနှင့် ထိုင်းဘုရင်ဘူမိဘောမရှိသည့် နောက်ပိုင်း အစိုးရမှတရားမဝင်ခရီး သွားလာခြင်းများကို ထိန်းချုပ်တားဆီးမှုများအရ စီးပွားရေး ကျဆင်းရခြင်းဖြစ်ကြောင်း Bank of Ayudhya’s (BAY’s)၏ စီးပွားရေးပညာရှင် Somprawin Manprasert က ပြောကြားပါသည်။

၂၀၁၇ ခုနှစ် စတုတ္ထသုံးလပတ်တွင် ပို့ကုန်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအရှိန်တက်လာပြီး စီးပွားရေးတိုးတက်မှုကို ပြန်လည်ရခဲ့ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာမူဝါဒရုံး (FPO) မှ သတ်မှတ်ထားသည့် တစ်နှစ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း လေးရာခိုင်နှုန်းနှင့်အကျုံးဝင်ပြီး ထိုင်းနိုင်ငံရှိ ဘဏ်များ၏ ခန့်မှန်းချက် ၃ ဒသမ ၉ ရာခိုင်နှုန်းထက် ပိုမိုခဲ့ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် သုံးလပတ်တစ်ခုနှင့်တစ်ခု ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မှုသည် ပြီးခဲ့သည့် သုံးလပတ် ၁၈ ခုအတွင်း ကြီးမားတဲ့ တိုးတက်မှုဖြစ်ကြောင်း၊ ဒုတိယသုံးလပတ်တွင် တိုးတက်မှုနှုန်း ၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ပထမသုံးလပတ်တွင် ၃ ဒသမ ၃ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ပထမ ၉ လတာ အတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ယခင်နှစ်ထက် ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပို့ကုန်တင်ပို့နိုင်မှုနှင့် ခရီးသွားလာရေး လုပ်ငန်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဖြစ်ပါကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၈ ခုနှစ်အတွက် ပို့ကုန်နှင့် ခရီးသွားလာမှု တဖြည်းဖြည်းတိုးတက်စေရေးအတွက် အခြေခံအားဖြင့် အကျိုးသက်ရောက်မှု ရှိစေကြောင်း၊ ၂၀၁၇ ခုနှစ်သည် ပို့ကုန်တိုးတက်မှု ၉ ဒသမ ၉ ရာခိုင်နှုန်း ရရှိခဲ့ပြီး ၆နှစ်အတွင်းအမြင့်ဆုံး ဖြစ်ကြောင်း၊ ကုန်သွယ်တင်ပို့မှုအသီးသီး၏ တိုးတက်မှုနှုန်းမှာ ၆ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်ဟု ဗဟိုဘဏ်မှ ထုတ်ပြန်ထားပါကြောင်း စီးပွားရေးပညာရှင် Somprawin Manprasert က ပြောကြားပါသည်။

Standard Chartered Bank မှ စီးပွားရေးပညာရှင် Tim Leelahaphan မှ ၂၀၁၈ခုနှစ်တွင် ယခင်နှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ သုံးလတာ ကာလအတွင်း စီးပွားရေးအမြင့်ဆုံး တိုးတက်ခဲ့သည့် ၄ ဒသမ ၅ ရာခိုင်နှုန်းထက် ပိုမိုတိုးတက်မည်ဖြစ်ပြီး အခြေခံ တွန်းအားပေးသည့် အချက် များဖြစ်သည့် ပို့ကုန်တင်ပို့မှု၊ ခရီးသွားလာရေးလုပ်ငန်းနှင့် ပြည်တွင်းစားသုံး မှုများပေါ်တွင် မူတည်ပါကြောင်း၊ လယ်ယာထွက်ကုန်စျေးနှုန်းများ ပြန်လည်မြင့်တက်လာမှုပြည်တွင်းစား သုံးမှု ဦးမော့လာမည်ဖြစ်ကြောင်း၊ တောင်သူများသည် ဝင်ငွေများများရရှိမှ များများစားသုံးကြပါကြောင်း၊ ၎င်းတို့သည် အလုပ်သမားများနှင့် မတူဘဲ ရရှိသည့်ဝင်ငွေကို စုဆောင်းခြင်း မပြုဘဲဝင်ငွေများလေ အသုံးများလေဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှု အချို့ညွှန်းကိန်းများဖြစ်သည့် တာရှည်ခံ အစားအစာများနှင့် ကားအရောင်းအဝယ်လုပ်ငန်းများသည် ပြီးခဲ့တဲ့နှစ်၏ နောက်ဆုံးသုံးလပတ်တွင် တိုးတက်လာခဲ့ကြောင်း ပြောကြားသည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံစီးပွားရေးပေါ် မှီတည်နေပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်ရန်အတွက် လွန်ခဲ့သည့် ၃ နှစ်၊ ၄ နှစ်က ရင်းနှီးမြှုပ်နှံမှုအပေါ် မူတည်၍ ချိန်ဆဆောင်ရွက်နေကြကြောင်း၊ စီးပွားရေးတိုးတက်ရန်အတွက် လယ်သမားများနှင့် ကျေးလက်ဒေသနေပြည်သူများကို အားကိုး၍မရသော်လည်း အခြား အကြောင်းအချက်များ၏ ပံ့ပိုး ကူညီမှုဖြင့် ၂၀၁၇ ခုနှစ် စတုတ္ထသုံးလပတ် စီးပွားရေးတိုးတက်မှုနှုန်း တိုးတက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ပါကြောင်း CIMB Thai Bank အကြီးတန်းသုတေသန Amonthep Chawla က ပြောကြားသည်။

**မင်းအောင်အေး**

**Source : Optimism for Q4 growth results**

## ဂျပန်နိုင်ငံသည် ဗန်ကောက်-ချင်းမိုင်အမြန်ရထားလမ်းစီမံကိန်းတွင် ဝင်ရောက် ရင်းနှီးမြှုပ်နှံခြင်းထက် ချေးငွေသာထောက်ပံ့တော့မည်

ဂျပန်နိုင်ငံ၏ ကျည်ဆန်ရထားကဲ့သို့တည်ဆောက်ရန်စီစဉ်ထားသည့် ဗန်ကောက်-ချင်းမိုင်အမြန်ရထားလမ်း စီမံကိန်းအား ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်လိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း ဂျပန်နိုင်ငံအနေ ဖြင့် ကိုယ်တိုင်ဝင်ရောက်ရင်းနှီးမြှုပ်နှံတော့မည်မဟုတ်ဘဲ ချေးငွေကိုသာထောက်ပံ့ပေးတော့မည်ဟု သိရှိရသည်။

ထိုင်းနိုင်ငံ၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr.Arkhom Termpittayapaisith ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်က ဂျပန်နိုင်ငံမှ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားဝန်ကြီးဌာန၊ မီးရထားဗျူရိုမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Noriyoshi Yamagami ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ ကီလိုမီတာ ၆၇၀ ရှည်လျားသည့် ဗန်ကောက်-ချင်းမိုင်အမြန်ရထားလမ်းစီမံကိန်းအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့်ဗန်ကောက်-ချင်းမိုင်အမြန်ရထားလမ်းစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမည့်အစီအစဉ်မရှိသော်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ကတိပြုခဲ့ကြောင်း၊ ထိုင်းနိုင်ငံသည် အဆိုပါရထားလမ်းစီမံကိန်းအတွက် ရင်းနှီးငွေစိုက်ထုတ်ရမည့်အခြေအနေတွင်ရှိသော်လည်း ယခုအချိန်သည် အစိုးရကြွေးမြီများ လျှော့ချရေးကိုသာ ဦးစားပေးနေသည့်ကာလဖြစ်ကြောင်း၊ အစိုးရကြွေးမြီလျှော့ချရေးကို အထောက်အကူပြုရန်အလို့ငှာ ရထားလမ်းတည်ဆောက်ရေး၌ ရင်းနှီးငွေလျှော့ချရေး အတွက်အဖြေရှာပေးရန် ဂျပန်ဘက်သို့ မေးမြန်းထားကြောင်း၊ ထိုင်းအစိုးရနှင့် ဂျပန်အစိုးရတို့ အတူတကွပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမည်ဆိုပါကလည်း မိမိတို့အစိုးရကြွေးမြီကို လျှော့ချပေးနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ဂျပန်အစိုးရသည် ရထားလမ်းတည်ဆောက်ရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေကိုသာ ထောက်ပံ့ပေးတော့မည်ဟု ဆွေးနွေးခဲ့ကြောင်းနှင့်ထိုင်းနိုင်ငံအနေဖြင့် ဂျပန်ရင်းနှီးမြှုပ်နှံမှုပါဝင်လာရေးအတွက် ဂျပန်အစိုးရနှင့် ဆက်လက်ညှိနှိုင်းသွားရန်ရှိကြောင်း ဝန်ကြီး Mr. Arkhom က ပြောကြားသည်။

ဂျပန်နိုင်ငံ၏ လေ့လာတွေ့ရှိချက်အရ ဗန်ကောက်-ချင်းမိုင်အမြန် ရထားလမ်း တည်ဆောက်ရေးအတွက် မတည်ရင်းနှီးငွေ ဘတ် ၄၂၀ ဘီလီယံ လိုအပ်မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု ပမာဏလျှော့နည်းစေရန် ရထားလမ်း အမြန်နှုန်းကို ကီလိုမီတာ ၃၀၀ မှ ကီလိုမီတာ ၁၈၀-၂၀၀ သို့လျှော့ချပေးရန် ထိုင်းဝန်ကြီးချုပ်ပရာယုဒ်ချန်အိုချာက အကြံပြုခဲ့သော်လည်း အမြန်နှုန်းကို လျှော့ချ၍ ရင်းနှီးမြှုပ်နှံမှုချွေတာခြင်းသည် လျော်ကန်သင့်မြတ်မှုမရှိကြောင်း လေ့လာမှုတွင် ဖော်ပြထားသည်။ ဗန်ကောက်-ချင်းမိုင်ရထားလမ်းသည် ဂျပန်နိုင်ငံရှိ ကျည်ဆံရထားလမ်းနှင့်ပုံစံတူ တည်ဆောက်ရန် လျာထားပြီး အမြန်နှုန်းသည် အမြင့်ဆုံးကီလိုမီတာ ၃၀၀ အထိ မောင်းနှင်နိုင်မည့် ရထားလမ်းဖြစ်သည်။ ရထားလမ်းတစ်လျှောက်တွင် ဘူတာရုံများ လျှော့ချတည်ဆောက်ခြင်းဖြင့်လည်း စီမံကိန်းမတည်ငွေကိုလျှော့ချပေးနိုင်မည်ဟု ထိုင်းနိုင်ငံဘက်မှ ဆွေးနွေးခဲ့သော်လည်း ဘူတာအနီးပတ်ဝန်းကျင်တွင်နေထိုင်သည့် အလားအလာရှိသောခရီးသည်အမြောက်အများကို ဆုံးရှုံးနိုင်သည့်အကြောင်းပြချက်ဖြင့် ဂျပန်နိုင်ငံဘက်က သဘောမတူခဲ့ကြောင်း သိရှိရသည်။ ဗန်ကောက်-ချင်းမိုင်အမြန်ရထားလမ်းစီမံကိန်းအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တိုင်ပင်ဆွေးနွေးနေဆဲအချိန်ဖြစ်၍ အသေးစိတ်လုပ်ငန်းစဉ်များကို နောက်ဆုံးအကြိမ်သဘောတူညီချက်ရရှိရန် အခက်အခဲများရှိနေသေးကြောင်း ဝန်ကြီး Mr. Arkhom က ပြောကြားခဲ့သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့မှ Virtual Bank များ ဖွင့်လှစ်တည်ထောင်မှုအား ကြိုဆို

ငွေပေးငွေယူကိစ္စရပ်များအား ဝက်ဘ်ဆိုက်၊ အီးမေးလ်၊ မိုဘိုင်းလ်ဖုန်း၊ အေတီအမ်စက်များမှ ဆောင်ရွက်ပြီး ရုပ်ပိုင်းဆိုင်ရာအရ ဘဏ်တည်ဆောက်ခြင်းမရှိသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို (Virtual Bank) တည်ထောင်ဖွင့်လှစ်မှုအား ကြိုဆိုကြောင်း၊ အနည်းဆုံးငွေစာရင်း လက်ကျန်လိုအပ်ချက်နှင့် လက်ကျန်ငွေလျော့နည်းမှုအပေါ် အခကြေးငွေကောက်ခံခြင်းလည်း ရှိတော့မည်မဟုတ်ကြောင်းနှင့် လူထုသဘောထားခံယူရန်အတွက် Virtual Bank များအပေါ် လုပ်ပိုင်ခွင့် အာဏာအား ပြန်လည်ပြင်ဆင်ထားသည့် ညွှန်ကြား ချက်တစ်ခုအား ထုတ်ပြန်ခဲ့ကြောင်း ဟောင်ကောင် ငွေကြေးအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ပထမဆုံးအနေဖြင့် ဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နည်းပညာကုမ္ပဏီများမှ ဟောင်ကောင်အတွင်း Virtual Bank များ တည်ထောင်၍ လုပ်ငန်းလည်ပတ်ရန် လျှောက်ထားနိုင်ကြောင်း၊ Virtual Bankများအနေဖြင့် မိမိရည်ရွယ်ဦးတည်သည့် ဖောက်သည် တစ်ဦးချင်းသော်လည်းကောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ လိုအပ်ချက်အား သေချာသိရှိရန်လိုအပ်ပြီး လက်လီဘဏ်လုပ်ငန်းများ၏ အစီအစဉ်များနှင့် ကိုက်ညီမှုရှိစေရန် ဒေသတွင်း ဖွဲ့စည်းထားသောဘဏ်များပုံစံဖြင့် လုပ်ကိုင်သင့်ကြောင်း၊ ၎င်းတို့၏လုပ်ငန်းသဘာဝအရ အချို့သောသတ်မှတ်ချက်များနှင့် သင့်လျော်ကျင့်သားရစေရန်လိုအပ်သော်လည်း၊ စည်းကမ်းသတ်မှတ်ချက်မှာ သမားရိုးကျဘဏ်များတွင် ချမှတ်ထားသော ကြီးကြပ်အုပ်ချုပ်မှု စည်းမျဉ်းများ၊ အဓိကလိုအပ်ချက်များနှင့် တူညီကြောင်း ပြောကြားခဲ့သည်။

ဒစ်ဂျစ်တယ်စနစ်မှာ အနာဂတ်ဘဏ်လုပ်ငန်းအတွက် သာမကဘဲ လက်ရှိတွင်လည်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြောင်း၊ Virtual Bank များမှ ဆန်းသစ်တီထွင်မှုအတွက် ကူညီနိုင်ပြီး ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ဖောက်သည်များအနေဖြင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းမှာ ၎င်းတို့အတွက် လွယ်ကူ၍စိတ်ချယုံကြည်ရပြီး ပိုမိုရိုး ရှင်းသော၊ ပိုမိုကောင်းမွန်မြန်ဆန်သော ဝန်ဆောင်မှုရရှိမည်ဟုမျှော်လင့်ကြောင်း၊ ထို့ကြောင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုတွင် ပါဝင်ရင်းနှီးမြှုပ်နှံလာစေရန် မိုဘိုင်းလ်ဘဏ်လုပ်ငန်း အက်ပလီကေးရှင်းများမြှင့် တင်ခဲ့ပြီး ဒစ်ဂျစ်တယ်ပလက်ဖောင်းသစ်များစွာအား စတင်ခဲ့ကြောင်း HSBC ဘဏ်အမှုဆောင်ချုပ်က ပြောကြားခဲ့သည်။

ဘဏ်များအနေဖြင့်Virtual Bankများ၏ဖွံ့ဖြိုးတိုးတက်မှုအား ထောက်ပံ့ပေးနိုင်ပြီး ငွေကြေး အာဏာပိုင်အဖွဲ့၏ညွှန်ကြားချက်များမှာလည်း ဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ နည်းပညာကုမ္ပဏီများအား ဆန်းသစ်တီထွင်မှုနှင့် ငွေရေးကြေးရေး ဝန်ဆောင်မှုများကိုကူညီတွန်းအားပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်သွယ်မှုတွင် တရုတ်နိုင်ငံကိုရင်ဆိုင်ရန် အမေရိကန်က ဆောင်ရွက်ဖွယ်ရာများ အများအပြားရှိဟုဆို

တရုတ်နိုင်ငံ၏ တိုးတက်မှုနှင့် မူဝါဒများအတွက် ကမ္ဘာကချီးကျူးနေ၍ မဖြစ်တော့ကြောင်း ဝါရှင်တန်တွင်ကျင်းပသော ဖိုရမ်တစ်ခုတွင် အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး ဒေးဗစ်မာလ်ပတ်စ်က ပြောကြောင်း ဆောက်သ်ချိုင်းနားမောနင်းပို့စ် သတင်းတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့ကုန်သွယ်ရေး လောကထဲကို ဝင်ရောက်လာပြီလို့ လွန် ခဲ့တဲ့တစ်နှစ်က ဒါးဗို့စ်မှာ သူတို့ကပြောတယ်။ တကယ်တော့ သူတို့အတွက် အကျိုးရှိမယ့်စနစ်တစ်ခုကို အခွန့်ရှည်အောင် သူတို့ဆောင်ရွက်နေတာပါ။ ဒါပေမယ့် ကျန်ကမ္ဘာ့နိုင်ငံတွေမှာ အလုပ်အကိုင်တွေ ဆုံးရှုံးတာပဲအဖတ်တင်ပါတယ်"ဟု ဂျက်ကမ့်ဖောင်ဒေးရှင်းက ပြုလုပ်သော အခမ်းအနားတစ်ခုတွင် မာလ်ပတ်စ်ကပြောသည်။

ဈေးကွက်စီးပွားရေးကိုကျင့်သုံးသော ဒီမိုကရေစီအစိုးရများသည် တရုတ်နိုင်ငံ၏ နိုင်ငံပိုင်ဘဏ်များနှင့် ပို့ကုန်ချေးငွေအေဂျင်စီများ အပါအဝင် တရုတ်စီးပွားရေးစနစ်၏ စိန်ခေါ်မှုများကို သိမြင်လာကြပြီဖြစ်ကြောင်း သူကပြောသည်။ တရုတ်နိုင်ငံသည် သူ၏စီးပွားရေးဖြေလျှော့မှုများကိုရပ်ဆိုင်းပြီး ဆန့်ကျင်ဘက်သို့ ဦးတည်နေကြောင်း သူကထပ်လောင်းပြောသည်။

"ကမ္ဘာကြီးအတွက် စိန်ခေါ်မှုတစ်ခုကတော့ တရုတ်နိုင်ငံဖွံ့ဖြိုး ကြီးထွားလာပေမယ့် ဈေးကွက်စီးပွားရေးကို ဦးတည်မနေဘူးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ မတည်ငွေရင်းကို ခွဲဝေလျာထားမှု မှားယွင်းနေတာတွေ များနေပြီဆိုတဲ့ သဘောပါပဲ။ သူတို့ရွေးချယ်တာက ဈေးကွက်မှာ ရင်းနှီးမြုပ်နှံတဲ့ နည်းလမ်းမျိုးမဟုတ်ဘူး။ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု ကို အဟန့်အတားဖြစ်နေတယ်"ဟု သူကဆိုသည်။

ဂျီ -၂၀ ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ ဖိုရမ်များတွင် ထရမ့်အစိုးရသည် ဤကဲ့သို့သော မူဝါဒများကို ဆန့်ကျင်လျက်ရှိကြောင်းနှင့် ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ရန် အခြားနိုင်ငံများနှင့်ပူးပေါင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေလျက်ရှိကြောင်း သူကပြောသည်။

သို့သော်မာလ်ပတ်စ်သည် ထရမ့်အစိုးရက ဆောင်ရွက်နေသော တုံ့ပြန်မှု အစီအမံများအကြောင်းကို အသေးစိတ်ပြောကြားခြင်းမရှိပေ။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံ၏ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သော အလေ့အကျင့်များနှင့် နိုင်ငံခြားကုမ္ပဏီများအတွက် နည်းပညာလွှဲပြောင်းမှုနှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များကို စုံစမ်းစစ်ဆေးကာ တရုတ်နိုင်ငံအစိုးရအား ကုန်သွယ်ရေးပိတ်ဆို့ရန် ကြိုးပမ်းလျက်ရှိပြီး အမျိုးသားလုံခြုံရေးအရ တရုတ်နိုင်ငံ၏ သံမဏိနှင့် အလူမီနီယံထုတ်လုပ်မှုကို ထိန်းချုပ်ရန် ရည်ရွယ်လျက် ယင်းထုတ်ကုန်များအပေါ်တွင် သွင်းကုန်ခွန်တိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိသည်။



## အိန္ဒိယနိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ကျွမ်းကျင်မှု ကွာဟချက်များရှိနေဆဲဖြစ်

အိန္ဒိယနိုင်ငံ၏ ကြက်မွေးမြူရေးကဏ္ဍတွင် ခြံကြီးကြပ်သူများအဖြစ် ဆောင်ရွက်သူများသည် နည်းပညာ၊ ဒီပလိုမာနှင့် အသိအမှတ်ပြုလက်မှတ် ရရှိထားသူများဖြစ်ရန် လိုအပ်နေကြောင်း The Hindu ဝက်ဘ်ဆိုက်သတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် လူအင်အားတိုးတက်မှုနှုန်းကို ကြည့်ပါက ဘွဲ့ရပြီးသောလူအင်အားအရေအတွက် တိုးတက်မှုနှုန်းသည် တိရစ္ဆာန်နှင့် ကြက်မွေးမြူရေးကဏ္ဍရှိ တိုးတက်မှုနှုန်းကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။

ကြက်မွေးမြူရေးလုပ်ငန်းကဏ္ဍ၏ အောက်ခြေအဆင့်တွင် နည်းပညာတတ်ကျွမ်းသော လူအင်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန် ပိုလီတက်ကနစ်ကျောင်းများတည်ထောင်ရန် လိုအပ်နေကြောင်း အင်ဒီရာဂန္ဒီ အမျိုးသားတက္ကသိုလ်လုပ်ငန်းတိုးချဲ့ရေးနှင့် ဖွံ့ဖြိုးရေးဌာနမှ လက်ထောက်ကထိက ပီဗွီကေဆာဆီဒါ၏ "Clean and Green Poultry" စာတမ်းတွင်အကြံပြုထား သည်။

အိန္ဒိယနိုင်ငံ၏ ကြက်မွေးမြူရေး ကဏ္ဍအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြက်မွေးမြူရေးသိပ္ပံ ပညာရေးဌာနများနှင့် သုတေသနအဖွဲ့များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

တိရစ္ဆာန်မွေးမြူရေးနှင့်ဆေး ကုသရေးဘွဲ့ရများသည် ကြက်မွေးမြူ ရေးကဏ္ဍရှိ အလယ်အလတ်အဆင့် နည်းပညာနှင့်စီမံခန့်ခွဲမှုရာထူးများကို စီမံခန့်ခွဲဆောင်ရွက်ရန် အဓိကကျသောနည်းပညာဆိုင်ရာ အင်အားစုများဖြစ်ကြသည်။ လက်ရှိကောက်ယူထားသော စာရင်းဇယားများအရမွေးမြူထားသော ကြက်ကောင်ရေမှာ သန်း ၂၅၃၀ ခန့်ရှိသည်။

ကြက်ကောင်ရေတစ်သန်းလျှင် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးနှုန်း ထားရှိမည်ဆိုပါက အိန္ဒိယနိုင်ငံတွင် ကြက်မွေးမြူရေးကဏ္ဍတစ်ခုတည်းမှာပင် တိရစ္ဆာန်ဆေးကုဆရာဝန် ၂၅၃၀ ဦး လိုအပ်မည်ဖြစ်သည်။ ပုဂ္ဂလိက ကြက်မွေးမြူရေး ကဏ္ဍတွင် လုပ်ကိုင်နေသော တိရစ္ဆာန်ဆရာဝန်အရေအတွက်မှာ ၂၀၅၀ ဦးရှိမည်ဟု ခန့်မှန်းရသည်။

အစိုးရကဏ္ဍနှင့် ပြည်သူ့ကဏ္ဍတွင် တာဝန်ယူဆောင်ရွက်နေသော တိရစ္ဆာန်ဆရာဝန်အရေအတွက်မှာ ၄၃၀၀၀ နီးပါးရှိသည်။ ယင်းတို့အနက် အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှာ ကြက်မွေးမြူရေးနှင့်ဆက်နွှယ်နေသောလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍနှင့်ပြည်သူ့ကဏ္ဍ ကြက်မွေးမြူရေးလုပ်ငန်းတွင် ဆောင်ရွက်နေသော တိရစ္ဆာန်မွေးမြူရေးဆရာဝန်အရေအတွက်မှာ အချိန်ပြည့်ဝန်ထမ်း ၆၃၅၀ ဦးရှိသည်။ လက်ရှိအချိန်တွင် ကြက်မွေးမြူရေးကဏ္ဍ၌ နှစ်စဉ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆရာဝန် ၂၀၀ ဦးဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။ ကျွမ်းကျင်မှုကွာဟချက်သည် ကြက်မွေးမြူရေးကဏ္ဍတွင် ကြီးမားသောပြဿနာတစ်ရပ်ဖြစ်နေကြောင်း ဒေါက်တာဆာဆီဒါကပြောသည်။

## တရုတ်နိုင်ငံသည်ပြုပြင်ပြောင်းလဲမှုဖြင့် ရေရှည်ဖွံ့ဖြိုးမှုကိုဆောင်ရွက်နိုင်ကြောင်း ကမ္ဘာ့ဘဏ်ကပြော

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာစေသော ပြုပြင်ပြောင်းလဲမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖွံ့ဖြိုးရေးအတွက် စိန်ခေါ်မှုများကို ဖြေရှင်းပေးခြင်းဖြင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကို ရရှိအောင်ဆောင် ရွက်နိုင်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စု အစီရင်ခံစာကို ကိုးကား၍ ရှင်ဟွာသတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် သာမန်အဆင့်သို့နှေးကွေးကျဆင်းသောကြောင့် စီးပွားရေးချိန်ခွင်လျှာညီအောင် ဆောင်ရွက်လျက်ရှိသည်။ ဤကဲ့သို့ အသွင်ကူးပြောင်းမှုကို ရေရှည်ဖွံ့ဖြိုးအောင် စီမံခန့်ခွဲရေးမှာ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို ရရှိအောင်ဆောင်ရွက်ရာတွင် အရေးကြီးကြောင်း "Towards a More Inclusive and Sustainable Development" ဟူသော အစီရင်ခံစာတွင်ဖော်ပြသည်။

တီထွင်ဆန်းသစ်မှု၊ ဈေးကွက်ယှဉ်ပြိုင်မှုနှင့် ပုဂ္ဂလိကကဏ္ဍတို့ကို တိုးတက်အောင်ဆောင်ရွက်ပြီး ပို့ကုန်ဦးဆောင်သောဖွံ့ဖြိုးမှုကို မြှင့်တင်ရေးမူဝါဒနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ဤရည်မှန်းချက်များကို အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။

"အလွန်အမင်းဆင်းရဲမှုကို လျှော့ချရာမှာ တရုတ်နိုင်ငံရဲ့ထူးထူးခြားခြား တိုးတက်မှုက ကမ္ဘာ့ဆင်းရဲမှုလျှော့ချရေးကို သိသိသာသာ အထောက်အကူ ပေးသွားမှာဖြစ်ပါတယ်"ဟု တရုတ်နိုင်ငံ၏ စီးပွားရေးမူဝါဒဆိုင်ရာ ကမ္ဘာ့ဘဏ် အစီအစဉ်ခေါင်းဆောင် ဟွန်းအက်စ်ဆိုးကပြောသည်။ အလွန်အမင်း ဆင်းရဲမှုတိုက်ဖျက်ရေးနှင့် အားလုံးပါဝင်ပြီး ရေရှည်ဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသော တရုတ်နိုင်ငံ၏ရည် မှန်းချက်များကို ကမ္ဘာ့ဘဏ်က ဆက်လက် ထောက်ပံ့သွားမည်ဖြစ်ကြောင်း သူကပြောသည်။

အလွန်အမင်း ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကို တရုတ်နိုင်ငံက လျင်မြန်စွာဆောင်ရွက်နိုင်ခဲ့သော်လည်း တရုတ်နိုင်ငံ၏ ဆင်းရဲသားလူဦးရေမှာ မြင့်မားနေဆဲဖြစ်သည်။

၂၀၀၈ ခုနှစ်မှစ၍ မညီမျှမှုများ ပုံမှန်ကျဆင်းလာသော်လည်း မညီမျှ မှုများကိုဖြေရှင်းရန်လုပ်ဆောင်ဖွယ်ရာများ ကျန်ရှိနေသေးကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့ပြင် အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင် အသုံးပြုသော ဘဏ္ဍာရေးစနစ်ကိုလည်း ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အကြံပြုထားသည်။

## လူငယ်များအတွက် အလုပ်အကိုင်ပိုမိုဖန်တီးရန် တောင်ကိုရီးယားအစိုးရက ဖြည့်စွက်ဘတ်ဂျက် အသုံးပြုရန် ရည်ရွယ်ထား

လူငယ်လူရွယ်များအတွက် ပိုမိုအရည်အသွေး ပြည့်ဝသော အလုပ်အကိုင်များကိုဖန်တီးနိုင်ရန် ဖြည့်စွက်ဘတ်ဂျက်မှ ငွေကြေးအသုံးပြုရေးကို အစိုးရက ပစ်ပယ်ထားမည်မဟုတ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး၏ ဖေဖော်ဝါရီ ၂၂ ရက်က ပြောကြားချက်ကို ကိုးကား၍ယွန်းဟပ်သတင်းတွင် ဖော်ပြထားသည်။

"အလုပ်အကိုင် ဖန်တီးမှုကို ဘဏ္ဍာငွေထောက်ပံ့ရေးအတွက် ဖြည့်စွက်ဘတ်ဂျက် ရေးဆွဲရေးကိစ္စကို အစိုးရက ပစ်ပယ်မထားပါဘူး။ လူငယ်လူရွယ်တွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးမယ့်မူဝါဒတွေကို ရှာဖွေဖော်ထုတ်နေပါတယ်"ဟု သတင်းထောက်များတွေ့ဆုံပွဲတွင် ဝန်ကြီးကင်ဒေါင်ယွမ်းကပြောသည်။

လူငယ် လူရွယ်များအတွက် အလုပ်အကိုင် ဖန်တီးရေးအစီအမံများကို လာမည့်လတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သူကပြောသည်။

နိုင်ငံအတွင်း၌ လူငယ်လူရွယ် အလုပ်လက်မဲ့မြင့်တက်မှုသည် အမျိုးသားဘေးအန္တရာယ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်ကောင်းများဖန်တီးပေးရန် သမ္မတမွန်ဂျေးအင်းက ဇန်နဝါရီလအတွင်းကတိုက်တွန်းခဲ့သည်။

အထူးသဖြင့် လူငယ်များအတွက် အလုပ်အကိုင်ကောင်းများ ဖန်တီးရေးသည် မဲဆွယ်ပွဲကာလက မွန်းအဓိကထား၍ပေးသော ကတိကဝတ်ဖြစ်သည်။ ၂၀၂၂ ခုနှစ် မေတွင် ကုန်ဆုံးမည့် သူ၏ သမ္မတသက်တမ်းငါးနှစ်အတွင်း အစိုးရကဏ္ဍတစ်ခုတည်းမှ အလုပ်အကိုင်သစ် ၈၁၀၀၀၀ ဖန်တီးပေးရန် သမ္မတက ကတိပြုထားသည်။

သမ္မတသည် သူ၏ ရုံးခန်းတွင် နိုင်ငံအတွင်းရှိ အလုပ်လက်မဲ့နှုန်းနှင့် အခြားအလုပ်အကိုင်နှင့်သက်ဆိုင်သော ဖွံ့ဖြိုးမှုအခြေအနေများကို နေ့အလိုက် ဖော်ပြပေးသော မော်နီတာဖန်သားပြင်အများအပြားကို တပ်ဆင်ကာ ကွပ်ကဲလျက်ရှိသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာအထိပြုစုထားသောကိန်းဂဏန်းများအရ အသက် ၁၅ နှစ်မှ ၂၉ နှစ်အတွင်းရှိ အလုပ်လက်မဲ့နှုန်းမှာ ၉ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ အားလုံး ပျမ်းမျှအလုပ်လက်မဲ့နှုန်းဖြစ်သော ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက သုံးဆနီးပါးမြင့်တက်နေသည်။

အလုပ်အကိုင်သစ်များဖန်တီးရာတွင် ပုဂ္ဂလိကကဏ္ဍမှ ထိထိရောက်ရောက်ပူးပေါင်းရွက်လျက်ရှိသည်မှာမှန်သော်လည်း ဤကဲ့သို့ကြိုးပမ်းဆောင်ရွက်လာအောင် အားပေးရန်အစိုးရတွင် အဓိကတာဝန်ရှိကြောင်း သူကပြောသည်။

ဉာဏ်တင်စုစည်းတင်ပြသည်။





# International Trade Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။

  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။

  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။

  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။

  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့ သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။

  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

ASSET ASIAN AWARDS 2017 The Asset TRIPLE A

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

ASIAN BANKING & FINANCE WHOLESALE BANKING AWARDS '17

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

Call Centre : (+951) 231 7770

Hotline :

(+951) 378 644 - Trade (Import/ Export)
(+951) 378 643 - Outward Remittance
(+951) 378 645 - Inward Remittance

www.cbbank.com.mm   CBBankmyanmar

trade.dept@cbbank.com.mm

# City Mart Supermarket

# Weekly Specials!

22nd Feb to 7th Mar, 2018

**EGYPT SUNKIST ORANGE NAVEL**
ဆန်းကစ်လိမ္မော်သီး
Ks. 350 /Piece

**SUNAR**
Sunflower Oil
2Ltr
နေကြာဆီ
~~5200 ks~~ 4500 /each

**MUNCHY'S**
Lexus Cracker
-Cheese/ Vegetable
-Chocolate/ Peanut Butter
190g/ 200g
ခရက်ကာ
~~1550 ks~~ 1350 /each

**PEPSI**
**MIRINDA** Orange
**7UP**
1.25 Ltr
အချိုရည်
Ks. 900 /each
*Buy Any 2 Pcs, Get 7up 1.25Ltr

## Fresh Fruits, Vegetables, Foods & Meats

**CHINA PEAR**
သစ်တော်သီး
PC/Ks. 800

**RED CABBAGE**
ဂေါ်ဖီထုပ်အနီ
100g/Ks. 180

**ONION**
ကြက်သွန်နီ
100g/Ks. 215

**FRESH CHICKEN SQUARE THIGH**
ကြက်သား
100g/Ks. 475

**FRESH BEEF STRIP LOIN**
အမဲသား
100g/Ks. 930

## SUMMER Holiday specials

နွေရာသီအားလပ်ရက် အထူးဈေးရောင်းပွဲ

**ROYAL-D**
Electrolyte Original
400 ml
ရေဓါတ်အားဖြည့်အချိုရည်
Ks. 500
*Buy 4, Get 1

**BURN**
Energy Drink
250ml
အားဖြည့်အချိုရည်
Ks. 550
*Buy 3 Pcs, Get 1 Fanta Orange 330ml

**SUNKIST**
-Sparkling/Orange
-Grape/Lychee
330ml
အချိုရည်
Ks. 450
*Buy any 4 Pcs, Get Sunkist Sparkling 500ml

**NESCAFE**
Ice Coffee
-Latte/ Espresso
-Extra Rich / Black
180 ml
ကော်ဖီအေး
Ks. 500
*Buy any 12 Pcs, Get Nescafe Chiller Bag

**RED BULL**
Energy Drink
6'sx250ml
အားဖြည့်အချိုရည်
Ks. 3400
*Buy 2 Pack, Get T-Shirt

**COCA COLA**
-Coke/Zero
**SPRITE**
1.5 Ltr
Ks. 950
*Buy any 2, Get Heaven and Earth Ice Lemon Tea 350ml

**100 PLUS**
-Original/Lemon Lime
-Isotonic Drink Orange
1.5 Ltr
အချိုရည်
~~1200 Ks~~ 1000 /each

**MAX PLUS**
-Lychee/ Lime/ Orange
1.5Ltr
~~950 Ks~~ 850 /each

**HELLO KITTY**
Baby Inflatable Boat
80x80cm
Ks. 2900

**INTEX**
Sea Turtle Ride-On
148x115cm
Ks. 13900

**INTEX**
Inflatable Tire Ring
Ks. 2900

**ABC**
Pool
အလျား - 3.8ft
အနံ - 2.3ft
အမြင့် - 3ft
Ks. 29000

| | | | |
|---|---|---|---|
| AUNG SAN | 01-253022, 394765 (9:00AM to 9:00PM) | ZAWANA | 01-564532 (9:00AM to 9:00PM) |
| 47th STREET | 01-290026, 290746 (9:00AM to 9:00PM) | SHWE MYA YAR | 01-9000023 ~ 24 (9:00AM to 9:00PM) |
| JUNCTION 8 | 01-650778 (9:00AM to 9:00PM) | CHINATOWN POINT | 01-215560~63 (9:00AM to 10:00PM) |
| FMI CITY | 01-682323 (9:00AM to 9:00PM) | JUNCTION MAW TIN | 01-218159 (9:00AM to 9:00PM) |
| YANKIN CENTRE | 01-400264 (9:00AM to 9:00PM) | THAMINE | 01-654568 (9:00AM to 10:00PM) |
| MYAY NI GHONE | 01-510697 24 hours | JUNCTION SQUARE | 01-527053 (9:00AM to 9:00PM) |
| STAR CITY (THANLYIN) | 056-23150/51/52/53 (10:00AM to 9:00PM) | WAIZAYANDA (SOUTH OKKALAPA) | 01-565242, 569687, 565344 (9:00AM to 9:00PM) |
| AKK (SHOPPING MALL) | 01-8500515 (9:00AM to 9:00PM) | HLEDAN CENTER | 01-2304407 ~ 09 (9:00AM to 9:00PM) |
| SOUTH DAGON | 01-8100727 (9:00AM to 9:00PM) | PINLON SITTAUNG (North Dagon) | 01-8011346 / 358 (9:00AM to 9:00PM) |
| 19th STREET (MANDALAY) | 02-61139, 61240 (9:00AM to 9:00PM) | INSEIN PHOT KAN | 01-643594 (9:00AM to 9:00PM) |
| SHWE PINLON | 01-580135, 6010246 (9:00AM to 9:00PM) | YAE KYAW CENTER | 01-290435 (9:00am to 9:00PM) |
| AYER WUN (THAKETA) | 01-9410181~85 (9:00AM to 9:00PM) | MIN YE KYAW SWAR | 01-2202568 (9:00am to 10:00PM) |

**WE ACCEPT TELEPHONE ORDER**
email: enquiry@city.com.mm
Hot line: 01-253022
Prices may change without prior notice. While Stocks Last!
All items limited to 6pcs per customer.

DELIVERY ORDER CONTACT

www.citymart.com.mm citymart_supermarket www.facebook.com/

# COMMERCE INTERNATIONAL

## ၂၀၂၅ ခုနှစ်တွင် ပင်လယ်ရေကြောင်းနှင့် ကမ်းလွန် အင်ဂျင်နီယာသစ် ၁၅၀၀ မွေးထုတ်ရန် စင်ကာပူနိုင်ငံရည်မှန်း

ပင်လယ်ရေကြောင်းနှင့် ကမ်းလွန်လုပ်ငန်းများ ပိုမိုတိုးတက်စေရန် ရေးဆွဲထားသော ပင်လယ်ရေကြောင်းနှင့် ကမ်းလွန်အင်ဂျင်နီယာလုပ်ငန်း ပြုပြင်ပြောင်းလဲရေး လမ်းညွှန် (Marine & Offshore Engineering Industry Transformation Map-ITM)ကို စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး အက်စ်အစ်စ်ဝါရန်က ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း စင်ကာပူဘိဇနက်ရီဗျူးသတင်းတွင် ဖော်ပြသည်။

လမ်းညွှန်မှုအရ စင်ကာပူပင်လယ်ရေကြောင်းနှင့် ကမ်းလွန်အင်ဂျင်နီယာလုပ်ငန်းကဏ္ဍသည် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ ရရှိအောင် ဆောင်ရွက်ပေးပြီး ၂၀၂၅ ခုနှစ်တွင် အလုပ်အကိုင်သစ် ၁၅၀၀ ကို ဖန်တီးပေးမည်ဖြစ်သည်။

ပင်လယ်ရေကြောင်းနှင့် ကမ်းလွန်လုပ်ငန်းကဏ္ဍသည် ကမ်းလွန်ရေနံတွင်းတူးစင်များ ဆောက်လုပ်မှု၊ သင်္ဘောတည်ဆောက်မှုနှင့် သင်္ဘောပြင်ဆင်မှုလုပ်ငန်းများ ကျဆင်းမှုကြောင့် ၂၀၁၇ ခုနှစ် စတုတ္ထသုံးလပတ်တွင် လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနကပြောသည်။ ရေနံတွင်းတူးစင်များ လိုအပ်ချက် ကျဆင်းမှုကြောင့်



ပင်လယ်ရေကြောင်းနှင့် ကမ်းလွန်အင်ဂျင်နီယာလုပ်ငန်းပိုင်းတွင် အလုပ်အကိုင်ရရှိမှု ကျဆင်းခဲ့သည်။

သို့ဖြစ်ရာ လုပ်ငန်းပြုပြင်ပြောင်းလဲရေး လမ်းညွှန်မှုအသစ်က ပင်လယ်ရေကြောင်းနှင့် ကမ်းလွန်အင်ဂျင်နီယာလုပ်ငန်းများက ခေတ်မီထုတ်လုပ်မှုများအတွက် ရင်းနှီးမြှုပ်နှံနိုင်အောင် ကူညီဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးနယ်ပယ်အသစ်များတွင် စီးပွားရေး အခွင့်အလမ်းသစ်များ ရှာဖွေဖော်ထုတ်ရာတွင် အကူအညီပေးသွားမည်ဖြစ်သည်။

ပထမ အစီအစဉ်အရ ၂၀၂၀ ပြည့်နှစ် သုတေသန၊ တီထွင်ဆန်းသစ်မှုနှင့် စီးပွားရေး လုပ်ငန်းစီမံကိန်းအရ ကုန်ထုတ်လုပ်မှုနှင့် အင်ဂျင်နီယာလုပ်ငန်းတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ လျာထားသည်။ ဒုတိယ အစီအစဉ်အရ စင်ကာပူကမ်းလွန်နှင့် ပင်လယ်ရေကြောင်း နည်းပညာဗဟိုဌာနသည် အစိုးရသုတေသန၊ လုပ်ငန်းကျွမ်းကျင်မှုဌာနနှင့် ပူးပေါင်း၍ ပင်လယ်ရေကြောင်းနှင့် ကမ်းလွန်လုပ်ငန်းများအတွက် သဘောတရားအယူအဆနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးကို ဆောင်ရွက်မည်။ နောက်ဆုံးနေဖြင့် အစိုးရသည် ပြည်တွင်းပင်လယ်ရေကြောင်းနှင့် ကမ်းလွန် စီးပွားရေးလုပ်ငန်းများအား ပြည်ပကုမ္ပဏီများနှင့် ဆက်သွယ်ပေးပြီး သဘာဝဓာတ်ငွေ့ရည်နှင့် ကမ်းလွန်ပြန်ပြည့်မြဲစွမ်းအင် လုပ်ငန်းကဲ့သို့သော ဖွံ့ဖြိုးရေးနယ်ပယ်သစ်များ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးသွားမည်ဖြစ်သည်။

ဉာဏ်တင် စုစည်းသည်

## အလုပ်သမားရှားပါးမှုအတွက် စိုးရိမ်ပူပန်မှုများကို အမေရိကန်ဗဟိုဘဏ် လျှော့ချ

အမေရိကန်ပြည်ထောင်စုမှ အလုပ်ရှင်များသည် ကြီးထွားလျက်ရှိသည့် အလုပ်သမားရှားပါးမှု ပြဿနာကိုဖြေရှင်းရန် တိုးမြှင့်ဆောင်ရွက်ခြင်း မရှိသေးကြောင်း အမေရိကန်ဗဟိုဘဏ်မှ အမေရိကန်လွှတ်တော်သို့ တစ်နှစ်နှစ်ကြိမ်တင်ပြသော အစီရင်ခံစာတွင်ဖော်ပြပြီး အလုပ်အကိုင်များ ပြန်လည်နာလန်ထူလာရေးအတွက် နောက်ထပ်ဆောင်ရွက်ရမည့် အချက်များကို အကြံပြုထားကြောင်း ဖိုင်နန်ရှယ်တိုင်းမ်သတင်းတွင် ဖော်ပြ သည်။

အလုပ်ရှင်များသည် အရည်အသွေးမီ လုပ်သားများရရှိရန် အခက်တွေ့နေကြောင်း အစီရင်ခံစာများ ရှိနေသော်လည်း အလုပ်အကိုင်ခန့်ထားမှုမှာ အရှိန်ရနေကြောင်း ဗဟိုဘဏ်ကပြောသည်။ လုပ်ငန်းကဏ္ဍအလိုက် အဆင့်မှာပင် အလုပ်သမား ရရှိရေး အခက်အခဲများရှိနေသည့် အထောက်အထားကို များများမတွေ့ရကြောင်း ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် ကျန်းမာရေးများအပါအဝင် လုပ်ငန်းကဏ္ဍများကို လေ့လာသုံးသပ်ပြီးနောက် ဗဟိုဘဏ်ကပြောသည်။

အမေရိကန် အလုပ်သမားဈေးကွက်သည် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့်အတွက် ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းမည့် လက္ခဏာများရှိနေသည်ဟူသော ယူဆချက်များရှိနေသည်။ သို့ဖြစ်ရာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းများကို မြှင့်တင် ပေးလိမ့်မည်ဟု ဈေးကွက်များက ယူဆလျက်ရှိသည်။ သို့သော်လည်း အလုပ်သမားဈေးကွက်တွင် တိုးတက်မှုများရှိနေသည်ဟု ဗဟိုဘဏ်ကယူဆပါက ငွေကြေးမူဝါဒများများကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်ဦးမည်မဟုတ်သေးဟု ပြန်လည်ခန့်မှန်းလာကြသည်။

အမေရိကန် အလုပ်သမားဈေးကွက်သည် အလုပ်အကိုင်ရရှိမှု အပြည့်အဝရှိသည့် အနေအထားရှိနေကြောင်း ဗဟိုဘဏ်အစီရင်ခံစာတွင် ဖော်ပြထားသည်။ သို့သော်လည်းလုပ်သားရရှိရန် အခက်အခဲရှိနေသော သယ်ယူပို့ဆောင်ရေးနှင့် ဟိုတယ်ကဲ့သို့သော လုပ်ငန်းမျိုးမှာပင် လခစားတိုးတက်မှုက နှေးကွေးနေဆဲဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

လူမျိုးရေးကွဲပြားမှုကြောင့် ရလဒ်များလည်း အကြီးအကျယ် ကွဲလွဲမှုရှိကြောင်းနှင့် ဒေသအလိုက် ကွဲပြားခြားနားမှုများမှာလည်း ကြီးမားကြောင်း ဗဟိုဘဏ်အစီရင်ခံစာတွင် ဖော်ပြသည်။ ဥပမာအားဖြင့် အလုပ်လုပ်ကိုင်သော အသက်အရွယ်ရှိသူများတွင် အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုးမှာ မြို့ပြပြင်ပနေရာများမှာထက် မြို့ကြီးများတွင် ပိုမိုများပြားသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

## ဂျပန်နိုင်ငံတွင် အငြိမ်းစားများအား ဆက်လက်ခန့်ထားသောကုမ္ပဏီများကို အစိုးရကထောက်ပံ့သွားမည်

ဂျပန်နိုင်ငံတွင် အလုပ်သမားရှားပါးမှု အခက်အခဲ ပြင်းထန်လာခြင်း၊ လူမှုဖူလုံရေး စရိတ်မြင့်တက်ခြင်းနှင့် အသက်အရွယ်ကြီးသူများပြားကာ အခွန်ထမ်းဆောင်သူ နည်းပါးလာခြင်းတို့ကြောင့် အများပြည်သူတို့၏ အငြိမ်းစားယူရန် ရွေးချယ်ခံစားခွင့်ကို အသက် ၇၀ ကျော်အထိခွင့်ပြုသော အစီအစဉ်ကို ဂျပန်အစိုးရက အတည်ပြုပေးခဲ့သည်။

အဆိုပြုချက်ကို ၂၀၂၀ ပြည့်နှစ် ဧပြီနောက်ပိုင်းမှစ၍ ဥပဒေရေးရာအရ အပြောင်းအလဲဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အစိုးရက ယခုစောစောပိုင်းကပြောကြားခဲ့သည်။ လက်ရှိတွင် အသက် ၆၀ ၌ အနားယူခွင့်ပြုထားသော အစိုးရဝန်ထမ်း ၃ ဒသမ ၄ သန်း၏ ပင်စင်ယူသော သက်တမ်းကိုလည်း ၆၅ နှစ်အထိ မြှင့်တင်ပေးနိုင်အောင် အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အစိုးရက ပြောကြားခဲ့သည်။

ပြည်သူများ အသက် ၆၀ နှင့်အထက်တွင် အလုပ်များဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်ဘဏ္ဍာနှစ်မှစ၍ သက်ဆိုင်ရာဥပဒေများကို ပြင်ဆင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း လမ်းညွှန်ချက်တွင် ဖော်ပြသည်။ အသက်အရွယ်ကြီးရင့်သူများသည် ရုပ်ခန္ဓာအရ ယခင်ကထက် ပိုမိုကျန်းမာလာပြီး အလုပ်ဆက်လက်လုပ်ကိုင်ရန် သို့မဟုတ် ရပ်ရေးရွာရေးများတွင် ပါဝင်ရန် စိတ်အားထက်သန်လျက်ရှိကြောင်းလည်း အစိုးရကပြော



သည်။

အစိုးရသည် အသက်အပိုင်းအခြားအလိုက် စံနှုန်းသတ်မှတ်ချက်များကို ပြန်လည်သုံးသပ်ပြီး အငြိမ်းစားယူသော သက်တမ်းကို တိုးမြှင့်ခြင်း သို့မဟုတ် အငြိမ်းစားယူပြီးနောက် အလုပ်အကိုင် ဆက်လက်ခန့်ထားခြင်း သို့မဟုတ် အဝေးဆက်သွယ်မှုစနစ်ကို မြှင့်တင်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်နေသော ကုမ္ပဏီများကို ထောက်ပံ့သွားမည်။ အလိုအလျောက် မောင်းနှင်မှုစနစ်နှင့် အသက်ကြီးရင့်သူများ အလုပ်လုပ်နိုင်ရန် သူနာပြုလုပ်ငန်း ဆောင်ရွက်သော စက်ရုပ်များစသည့် ခေတ်မီနည်းပညာများ တိုးတက်ရေးအတွက် အစိုးရက ထောက်ပံ့ပေးသွားမည်။

အစိုးရ၏ လမ်းညွှန်မှုကို ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပြီး သီးခြားရည်မှန်းချက်များ ချမှတ်လျက်ရှိသည်။ အစိုးရသည် အသက် ၆၀ နှင့် ၆၄ နှစ်အကြားရှိ သက်ကြီးရွယ်အိုများ၏ အလုပ်အကိုင်ရရှိမှုနှုန်းကို လက်ရှိ ၆၃ ဒသမ ၆ ရာခိုင်နှုန်းမှ ၆၇ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် ရည်မှန်းထားသည်။

လက်ရှိအချိန်တွင် ဂျပန်လူမျိုးများအား အသက် ၆၀ နှင့် ၇၀ အကြားတွင် မည်သည့်အချိန်တွင်မဆို အငြိမ်းစားယူခွင့်ပြုထားပြီး ယင်းသို့အငြိမ်းစားယူသူများအား အသက် ၆၅ နှစ်မြောက် မွေးနေ့နောက်ပိုင်းမှစ၍ လစာများကို အများကြီးတိုးမြှင့်ပေးသည်။ သို့သော် ဤစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုသေးပေ။

မစ္စတာအာဘေးသည် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကုန်ထုတ်လုပ်မှု မြှင့်တင်ရန် "အလုပ်လုပ်ကိုင်မှုစနစ်" ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်လျက်ရှိရာ အသက်အရွယ်ကြီးရင့်သည်အထိ သက်ကြီးရွယ်အိုများ အလုပ်ခွင်တွင် ပိုမိုများပြားစွာ တည်ရှိနေစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ပြဋ္ဌာန်းပင်စင်သက်တမ်းကို မြှင့်တင်ပေးရန် ဆောင်ရွက်နေသော ကုမ္ပဏီများကို အစိုးရက အထောက်အပံ့ပေးလျက်ရှိသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ